# ပို(စ်)မော်ဒန် ဘာလဲ ဘယ်လဲ

## ဖြိုးထိန်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၄၄/၂၀၀၃(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၅၃/၂၀၀၃(၆)

ထုတ်ဝေသူ ဦးထွန်းလှိုင်၊ ချစ်စရာစာပေ
အမှတ်(၇၅)၊ ဝေပုလ္လ(၂)လမ်း၊
(ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ဦးအောင်မြတ်၊ စိန်စကြာပုံနှိပ်တိုက်
အမှတ် ၁၂၄၊ ၃၃ လမ်း၊ ကျောက်
တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ ဦးကျော်စိန်၊ ကျောက်စိမ်း
ပုံနှိပ်တိုက်၊ အမှတ်(၁၇၁)၊၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ အံ့ဘွယ်(စတား)
ပုံနှိပ်ထုတ်ဝေခြင်း ပထမအကြိမ်၊၂၀၀၃-ခုနှစ်၊ ဩဂုတ်
အုပ်ရေ ၁၀၀၀
တန်ဖိုး ၄၀၀ ကျပ်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နားမလည်ဘူးအကျိုကို ဝတ်ဆင်မြည်းစမ်းကြည့်ခြင်း | |
| ၂။ | ဝတ္ထုတိုယောင်ဆောင်တဲ့ အက်ဆေးတစ်ပုဒ် | |
| ၃။ | သံကန္တာရည္ခ်ဳ ငါးမျှားခြင်း | |
| ၄။ | တာရာမင်းဝေ၏ ဖြတ်စညှပ်စများ | |
| ၅။ | မောင်မောင်ဇေယျနှင့် ကျိုးဖြူးကျီးမည်း လော့ဂျစ် | |
| ၆။ | မောင်မောင်ဇေယျ (သို့) စာမဖတ်တဲ့ပိုးဟပ် | |
| ၇။ | ချိတ်ပိတ်ထားသော မြန်မာပြည်ပေါက် ဩစတြေးလျရောက် မြင်းကပ်တစ်ကောင်ကို ဇက်ခွမ်ခြင်း | |
| ၈။ | ဘာမှအသုံးမကျသော ဇော်ဇော်အောင် | |
| ၉။ | နားမလည်ရင်မဖတ်နဲ့ဆိုတဲ့ ဆရာများ | |
| ၁၀။ | ပို့စ်မော်ဒန် ပြိုကွဲနေပြီလော | |

# နားမလည်ဘူးအကျီ
# ဝတ်ဆင်မြည်းစမ်းကြည့်ခြင်း

(၁)

ယနေ့စာပေလောက၌ တစ္ဆေတစ်ကောင် ခြောက်လန့်နေသည်။ အခြားတစ္ဆေမဟုတ်၊ မော်ဒန်တစ္ဆေဖြစ်သည်။ တစ္ဆေကား အစွယ်ငေါငေါ အမွေးအမျှင်ထူထူ ခြေသည်းလက်သည်းရှည်ရှည်ကြီးတွေနှင့် ကြောက်စရာ။ လက်ထဲတွင်လည်း ဂန္ထိရတင်းပုတ်ကြီးကို ကိုင်ကာ ဝှေ့ရမ်းလျှက် "နားမလည်ပြောတာ ဘယ်သူလဲဟေ့၊ ငါမော်ဒန်စပါယ်ရှယ်လစ်ကွ" လို့ အော်ရင်း မည်းမည်းမြင်ရာ လိုက်လံရိုက်ပုတ်နေပုံ…။

အဆိုပါ စိတ်ကူးအတိုင်း ကျွန်တော်သာ ကာတွန်းဆရာဆိုလျှင်...

ရေးဆွဲပြီး သရုပ်ဖော်လိုက်ချင်သည်ဟု တွေးမိတာ ကြာပါပြီ။

(၂)

မကြာသေးမီက စာရေးဆရာမတစ်ဦးဆီမှ "စင်တော်လက်ရွေးစင်ဝတ္ထုတိုများ" စာအုပ်ကို ခဏရလာပါသည်။ ဖတ်ကြည့်လိုက်တော့ အကုန်လုံးထဲမှာ သစ္စာနီရဲ့ နားမလည်ဘူးအကျီဝတ္ထုတိုလေးက ကျွန်တော့်ကို စိမ်ခေါ်နေသည်။

ဒီကနေ့ မော်ဒန်ကဗျာ၊ မော်ဒန်ဝတ္ထုတိုတွေ တော်တော်များများနဲ့ ပတ်သက်၍ အသံဗလံတွေ ဆူညံနေတာအားလုံးအသိ။ ဂန္ထီရဆန်တယ်။ နားမလည်ဘူး...ဘာလုပ်ရမလဲ။ အဲဒီလိုအသံတွေကို သစ္စာနီ ခါးအန်ပေါက်ကွဲပဲဟန်တူတယ်လို့ ကျွန်တော်ထင်တယ်။

ဒီနောက်မှာ သစ္စာနီတစ်ယောက် "ဘက်" တိုက်ကာ "ဟုတ်တယ်...ကျုပ်ဟာ ခင်ဗျားတို့နားမလည်ဘူးဆိုတဲ့ အကျီကို ဝတ်ထားတဲ့ကောင်ပဲ" လို့ အော်ပြောနေသလို ကျွန်တော့်နားထဲမှာ

ကြားယောင်မိ။ အာရုံမှာလည်း သစ္စာနီတစ်ယောက် နားမလည်ဘူး အင်္ကျီကြီးတကားကားနဲ့ လေထန်ကုန်းမှာ စာအုပ်တန်းမှာ လမ်းသလား နေတာကို မြင်ယောင်နေ…။

"ကျွန်တော်ဝတ်ထားသောအင်္ကျီကို နားမလည်ဘူးအင်္ကျီ ဟု ခေါ်ပါသည်။ ထိုအင်္ကျီအဆင်မှာလည်း ခါးသက်သက်အရသာ ဖြစ်ပါသည်။

ဉာဏ်တုံးသောသိုးတွေမှာ အင်္ကျီမရှိပါ။
စပ်စုတတ်သောမျောက်တွေမှာ အင်္ကျီမရှိပါ။
ရန်လိုသောမြေခွေးတွေမှာလည်း အင်္ကျီမရှိပါ။
ထို့နောက်…ထို့နောက်…တို့တွင်လည်း အင်္ကျီမရှိပါ။

စာ–၅၉၊ ၆၀
(စင်တော်–ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှ)

ဝတ္ထုပထမပိုင်း စဖွင့်ဖွင့်ခြင်း ကျွန်တော် ဘယ်လိုခံစားရသလဲ ဆိုတာ ပြောပြပါမည်။ ကလေးတွေအခေါ် ကလေးတွေစားကြတဲ့ "သရဲသကြားလုံး" စားရသလိုမျိုး။ သကြားလုံးကို ပါးစပ်ထဲမှာ မြိုလိုက်တာနဲ့ တစ်ပြိုင်နက် ချဉ်စုတ်ပြီး မျက်နှာကြီးရှုံ့မဲ့သွား၊ ပါးတွေ တောင်သွားကျိန်းလို့ ကျဉ်တက်သွား၊ ချက်ချင်းပြန်ထွေးထုတ်မတတ်

ခပ်ဆောင့်ဆောင့် အောင့်အောင့်အရသာကို ရလိုက်သလိုမျိုး ခံစားလိုက်ရပါသည်။

ဆက်ပြီးတော့ သစ္စာနီက နားမလည်ဘူး အင်္ကျီအကြောင်းကို ပြောပြပါသည်။ သူ့ကို သူ့ချစ်သူကလည်း နားမလည်ဘူး။ မိဘတွေကလည်း နားမလည်ဘူး။ ရန်သူတွေကလည်း နားမလည်ဘူးတဲ့။ သူ့ကို ဘာလို့ လူတွေက စာအုပ်တစ်အုပ်လို ဖတ်နေကြတာလဲလို့ လှလှပပ ညည်းတွားလိုက်သေး။ ပြီးတော့မှ ဟူးကနဲ သက်ပြင်းချလိုက်ပြီး မည်သူကမှ နားမလည်သည်ဖြစ်စေ ထိုအင်္ကျီမှာ သူနှင့် တိုင်းချုပ်ထားသည့်အလား အသားကျနေပြီတဲ့။

(၃)

ဆက်ပြီးတော့ စာရေးသူရဲ့ ဒုတိယအပိုဒ်ကိုဖတ်ပြီးတော့ ခေါင်းထဲမှာ လက်ကနဲဖြစ်သွားသည်။ မှော်ရုံတောမှာနေစဉ်ကပင် တွေးလာခဲ့တဲ့ ကျွန်တော့်အတွေးတစ်ရှိုက်နဲ့ သူ့ရေးသားချက်တို့ ခေါင်းချင်းဆိုင် တိုက်မိကြတဲ့အဖြစ်။

"သို့သော် ထိုအင်္ကျီအားလုံးမှာ ဆင်ခြင်ခြင်နှင့် ကိုက်ညီအောင် ချုပ်လုပ်ထားရာ၌မူ အားလုံး တူကြပါသည်။ (ဥပမာ...

ညီညာသေသပ်သော ချုပ်ရိုးချုပ်သားများ) ထိုအင်္ကျီတွင်လည်း ကျွန်တော်၏အမည် "နားမလည်ဘူး" ကဲ့သို့ပင် အနည်းဆုံး အမည် နာမတစ်ခုစီတော့ ရှိကြပါသည်။ ဥပမာ…အမြင်မကျယ်ခြင်း လှေနံ ဓါးထစ်မစွန့်ရိယစိတ်၊ ငါ အမှန်…စသဖြင့် ဖြစ်ကြပါသည်။"

စာ-၆၂ (စင်တော်ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှ)

တကယ်တော့ အနုပညာအလုပ်ဆိုသည်မှာ ခံစားမှုအလုပ် (Mood) ဝင်ဖို့လိုသည်။ ဈာန်ဝင်စားဖို့ လိုသည်။ (Inspiration) မှော်ဝင်စားဖို့ လိုသည်။ လမိုင်းကပ်ဖို့ လိုသည်။ ဝါသနာကြီးဖို့ လိုသည်။ မရေးဘဲ မနေနိုင်ဖို့လိုသည်။ ပါရမီရှိဖို့ လိုသည်။

ခံစားမှုကို လုပ်ယူ၍မရ။ အနုပညာဆိုတာ ရင်ဖြင့်ရင်းနှီး ထုဆစ်ရတဲ့အရာ။ ဒါကြောင့် သစ္စာနီက သူသည် စံပယ်တစ်ပွင့် မဟုတ်။ သီဝရီတစ်ခု မဟုတ်။ ဘီယာတစ်ပုလင်း မဟုတ်။ မဟုတ်…မဟုတ်ဟု ရေးပြထားသည်။

(၄)

ဒီလိုနဲ့ သူ့ရဲ့နားမလည်ဘူးအင်္ကျီဆိုသည်မှာ လူတို့နားမလည် နိုင်သော ကောင်းကင်တစ်ခု၊ တောင်ပံတစ်စုံ၊ အလင်းစာတ်တစုံတရာ

ဥယျာဉ်တစ်ခု၊ ဘူရိယာတစ်လက် စတဲ့နားမလည်မှုများနဲ့ ချုပ်ထားတဲ့ အင်္ကျီ ဖြစ်ကြောင်း။ ထိုအင်္ကျီဝတ်ဖို့အတွက် လူအများရဲ့မုန်းတီးခြင်း ဆိုတဲ့ အဖိုးအခကိုပေးပြီး ချုပ်ခဲ့ရကြောင်း။

သူလိုအင်္ကျီမျိုး ချုပ်ဝတ်မည်ဆိုပါက "လွတ်လပ်စွာတွေး တောတတ်ခြင်း"ဆိုတဲ့ အရည်အချင်းနဲ့ ပြည့်စုံရပါမည်။ ထိုအရည် အချင်းနဲ့ ပြည့်စုံနေပြီဆိုလျှင် ကျွန်တော့်လိုအင်္ကျီတစ်ထည် ရနိုင်ပါ ပြီတဲ့။

ဒီမှာတင် ဝတ္ထုကို နိဂုံးချုပ်လို့ရပါလျက်နဲ့ မထင်မှတ်တဲ့ ထပ် ဆင့်ရိုက်ချက်တစ်ခုနဲ့ နှစ်သက်စဖွယ် သေသေသပ်သပ် နိဂုံးချုပ်လိုက် ပါတော့တယ်။

"...ကျွန်တော့်လိုအင်္ကျီတစ်ထည် ရနိုင်ပါပြီ။ လိုချင်လျှင် အောက်ပါလိပ်စာအတိုင်း တောင်းယူနိုင်ပါသည်။ လိပ်စာမှာ သင်နှင့် အဝေးဆုံးဟုဆိုရမည့် သင်ကိုယ်တိုင်၏ အသည်းနှလုံးမှာသာ ဖြစ်ပါ သည်။"

စာ - ၆၄ ( စင်တော်ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှ )

အဲဒီလိုအနားသတ်ပုံလေးဟာ အင်မတန်ပြင်းလှတဲ့ ရိုက်ချက် ပဲ။ ရင်ထဲမှာ ငြိကွက်အနေနဲ့ စွဲကျန်နေခဲ့တယ်။ သိပ်နိုက် သိပ်မိုက်တဲ့ ဝတ္ထုတိုလေး၊ ရသမြောက်လွန်းတဲ့ ဝတ္ထုတိုလေး။

ဝတ္ထုတိုတွေကိုဖတ်ရတာ အရသာသိပ်မတွေ့ခဲ့တာ ကြာပါပြီ။ ဒီဝတ္ထုတိုလေးကိုဖတ်ရတော့ စောစောက သူရဲသကြားလုံးစားရသလို ချဉ်စုတ်စုတ်ရှုံ့မဲ့ရာကနေ တဖြည်းဖြည်း ချိုသထက်ချိုမြလာ…ကုန်သွားမှာကိုစိုးသလိုမျိုး။ သူ့ဝတ္ထုတိုလေးကို အကြိမ်ကြိမ်ဖတ်မိ။ သဘောကျမိ။ ဝမ်းမြောက်မိ။ ပီတိဖြစ်မိ။ မော်ဒန်ဝတ္ထုဆိုတာ ဒါကိုခေါ်တာ။ သစ္စာနီလို ရေးရမှာ…။

ကျွန်တော်၏ သစ္စာနီအပေါ် အထင်သေးခြင်းများ ရုပ်စဲတော့အံ့။

(၂)

ယေဘူယျခြုံငုံသုံးသပ်ရပါလျှင် ယခုဝတ္ထုတိုလေးမှာ အတွေးသစ် အမြင်သစ် ခံစားမှုပုံအသစ် ဖြစ်ပါကြောင်း။ မော်ဒန်အရေးအသားဆိုတာ ဒါပဲလို့ နမူနာပြရမယ့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်ကြောင်း သစ္စာနီရဲ့ ဝတ္ထုတိုတွေထဲမှာ အပြောင်မြောက်ဆုံးလက်ရာ (Masterpiece) အဖြစ် အသိအမှတ်ပြုရမှာ ဖြစ်ကြောင်း။

သို့ရာတွင် အထူးချိန်ဆရမည့်အချက်မှာ ဘယ်သူဘယ်ဝါ ခေတ်ကုန်ပြီဆိုတဲ့ ရေးသားချက်များ ရှောင်ရှားသင့်ကြောင်း၊ မိမိတို့ရဲ့

လှဒိုင်းကွဲ အတွေ့အကြုံများကို လျှော့ချသင့်ကြောင်း မိမိရှေ့မှ တန်ဖိုးထား လေးစားအပ်သောပုဂ္ဂိုလ်များအား ထိမပါးသင့်ကြောင်း။

ဒါလောက်ဆို သစ္စာနီအနေဖြင့် ကျွန်တော့်မှာလည်း နောက်ဆုံးပေါ်အင်္ကျီတစ်ထည် ရှိနေပြီဆိုတာကို ရိပ်မိလောက်ပါပြီ။ ကျွန်တော်၏ အင်္ကျီအမည်မှာ ရိုးသားမှုအင်္ကျီ ဖြစ်ပါသည်။ ထိုအင်္ကျီမှာလည်း ကျွန်တော်နှင့် တိုင်းချုပ်ထားသည့်အလား အသားကျနေပြီဖြစ်သဖြင့် ချွတ်ပစ်ရန်မဖြစ်နိုင်တော့ပါကြောင်း နှစ်ထောင်းအားရခြင်းများစွာဖြင့်...။

အတွဲ (၃)၊ အမှတ် (၂၅)၊ ၁၉၉၉၊ ပေါ်ပြူလာ

## ဝတ္ထုတိုယောင်ဆောင်တဲ့ အက်ဆေးတစ်ပုဒ်

အင်မတန်နံချစ်စရာကောင်းတဲ့ "အက်ဆေးတစ်ပုဒ်ကို မထင်မှတ်ဘဲ ဖတ်လိုက်ရတဲ့အခါမှာ ကျွန်တော် ပျော်သွားတယ်။ ရရှိလိုက်တဲ့အရသာဟာ ဘယ်အရာနဲ့မှ မတူပါဘူး။ အက်ဆေးအယောင်ဆောင်ထားတဲ့ အက်ဆေးတွေကိုဖတ်ရပါများလို့ ဒေါမနဿဖြစ်ရတဲ့စိတ်တွေလဲ တစ်ခါတည်း ဘယ်ဆီရောက်ကုန်မှန်း မသိတော့ဘူး။

ကြာပါပြီ။ ကျွန်တော့်ရင်ထဲမှာ အစိုင်အခဲဖြစ်ခဲ့ရတာတွေ။ ခုတော့ သစ္စာနီရဲ့ "ညိုတိုတို မှောင်တောင်တောင်ကိစ္စ" အက်ဆေးကို "ကတ္တီပါလွှမ်းချင်းနှင့် ဝတ္ထုတိုများ" ထဲကနေ တွေ့ရှိလိုက်ရတာ ကမ္ဘာဦးလူတို့ နေလကိုမြင်တွေ့လိုက်ရသလိုပါဘဲ။

မဂ္ဂဇင်းတွေမှာ တချို့ တော်တော်များများ အက်ဆေး…အက်ဆေးနဲ့ ရေးနေလိုက်ကြတာ။ ဖော်ပြနေလိုက်ကြတာတွေ များလှပါပြီ။ တချို့ Sketch လို့ ခေါ်တဲ့ ဆောင်းပါးဝတ္ထုတွေပါ။ ထပ်ပြောရရင် ဆောင်းပါးမက၊ ဝတ္ထုမကျ လက်ရာတွေကို ပြောချင်တာပါ။

ဒါပေမဲ့ သစ္စာနီကလဲ ဘာဖြစ်လို့မှန်းမသိဘူး။ မြင်းစီးလို့ အထီးမှန်းအမမှန်း မသိလို့လား ဘာလားမသိဘူး။ ဝတ္ထုတိုတွေထဲမှာ ထည့်ပြီးဖော်ပြလိုက်တယ်။ နောက်ပြီး အဆုံးကျတော့မှ မူလ ရယ်စရာ မဂ္ဂဇင်းတွင် ပါဝင်ခဲ့စဉ်က "စကားပြောအက်ဆေး"အနေနှင့်ဖြစ်ပါသည်လို့ ဖေါ်ပြထားပြန်တယ်။

ရှင်းရှင်းပဲ ကျွန်တော် ပြောပါရစေ။ သစ္စာနီက ဝတ္ထုတိုလို့ ထပ်ဆိုချင်တဲ့သဘောမို့ ဝတ္ထုတိုထဲမှာ ထည့်ထားတာမို့လား၊ ကျွန်တော်က ဒါဟာ ဝတ္ထုတိုဆိုရင် လက်မခံပါဘူး။ ဒါဟာ "အက်ဆေး" တစ်ပုဒ် ဖြစ်တယ်။ "အက်ဆေး"အရသာပဲ ကျွန်တော် ရတယ်။ ထို့အတူ ရယ်စရာမဂ္ဂဇင်းအယ်ဒီတာက "အက်ဆေး"လို့ ဖော်ပြလိုက်တာဟာလဲ ကျွန်တော့်လို အက်ဆေးဓာတ်ရလို့ဆိုတာ ပြောစရာတောင်လိုမယ်မထင်ပါဘူး။

ဒါဖြင့် ဘယ်လိုခွဲခြားမလဲ။ "အက်ဆေး"ဆိုတာကို ဘယ်လိုအနိုင်အမာ သက်သေပြမလဲ။ ဘယ်အချက်တွေနဲ့ "အက်ဆေး"လို့

တိုင်းတာပြီး ပြောရသလဲ။ ဘာညာကွိကွပေါ့ဗျာ။ ကျွန်တော့်ကို ဆင်ခြေတက်ရင် ကျွန်တော် တစ်ချက်ထဲဖြေလိုက်ပါ့မယ်။ အနုပညာမြောက်၊ မမြောက်၊ ရသအနည်း၊ အများတွေကို ""ခံစားမှု""နဲ့ပဲ တိုင်းတာပါတယ်လို့၊ ခံစားနိုင်ဖို့အတွက် ဘုရားသခင်က ဖန်ဆင်းပေးလိုက်တဲ့ ကျွန်တော့်နှလုံးသားကို ကျွန်တော် အရမ်းကိုပဲကျေးဇူးတင်နေမိတယ်ဗျာ။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ""ဝတ္ထုတိုယောင်ဆောင်ထားတဲ့ အက်ဆေး"" ဆိုတာကို ခိုင်ခိုင်လုံလုံ ပြောနိုင်ဖို့အတွက် သစ္စာနီရဲ့ စာမျက်နှာတွေကို ခွဲခြမ်းစိတ်ဖြာပြဖို့ လိုပြီလို့ ထင်ပါတယ်။

(၂)

သစ္စာနီက ခေတ်ပေါ်မြို့ပြ မိုးဘွဲ့ကို ဖွဲ့တာပါ။ ဟိုတုန်းကလို ဘာစည်ကြီးတီးပြီး၊ ဘာနက္ခတ်တွေထွန်းပြီး ဘာပန်းတွေပွင့်ပြီဆိုတာကို ရေးပြထားတာ မဟုတ်ပါဘူး။

သူ့ ""အက်ဆေး""ကို တီဗွီဖန်သားပြင်ပေါ်က ပုံရိပ်တွေနဲ့ စလိုက်ပါတယ်။ ဆေးကြော်ငြာ၊ မုန့်ကြော်ငြာ၊ မျက်မှန်ကြော်ငြာ၊ ဆပ်ပြာကြော်ငြာ၊ ဝတ္ထုကြော်ငြာ စသည်ဖြင့် ""တီဗွီကြော်ငြာခန်းထဲတွင်

မကြာခဏ စာအုပ်ကြော်ငြာတွေ ညှပ်ညှပ်ပါလာတာ တွေ့ရပါက မိုးဦးကျပြီဟု ရုပ်မြင်သံကြားပရိတ်သတ်ကြီး သိကြ၏။ မိုးတွင်းတွင် အကျယ်လောင်ဆုံး ကြားရသောအသံမှာ ကောင်းကင်တွင် မိုးခြိမ်းသံဖြစ်၍ မြေပြင်တွင် ဖားအော်သံနှင့် စာအုပ်ထုတ်ဝေသူတို့၏အသံများ ဖြစ်ပေသည်။ ( စာ -၁၂၀ )

အဲဒီမှာဆက်ပြီးတော့ ထုတ်ဝေသူတွေက မိုးတွင်းမှာ လူတွေ အိမ်တွင်းအောင်းကာ စာပိုဖတ်လာတတ်ကြသဖြင့် သူတို့အစွဲထုတ်လိုက်သော ကလောင်သစ်များကို ခုလိုကာလမျိုးမှာ စင်တင်ဖို့ ရှုံးပြီးရင်းရှုံးနေတဲ့ မဂ္ဂဇင်းများမှအယ်ဒီတာများကလည်း စောင်ရေမြှင့်ရန် ကြိုးပမ်းတဲ့အနေနှင့် စာဖတ်ပရိတ်သတ်ကို အပြိုင်အဆိုင် လူပျိုလှည့်ကြတဲ့ကာလလို့ သာသာဆဆလေး "ဖွ"လိုက်ပုံလေးကလဲ ဘဝင်ခိုက်စရာပါပဲ။

"မိုးရာသီကား အနောက်တောင်မုတ်သုန်လေနှင့်အတူ အေးမြသောမိုးစက်များ၊ ဘောလုံးပွဲများ၊ အအေးမိရောဂါ၊ ရထားလမ်းများ ရေကျော်ခြင်း၊ စံပယ်ပွင့်၊ ဖားသားဟင်းနှင့် လျှပ်စစ်မီး ပို၍ ဖြတ်တောက်ခြင်းတို့ကို သယ်ဆောင်လာ၏။ နွေနှင့်ဆောင်း နှစ်ရာသီလုံး သိမ်းဆည်းထားရသော ထီးဟောင်းများကို ချောင်ထဲကထုတ်၍ ဖုန်ခါကြရသည်။ ( ယောကျ်ားဆောင်းခေါက်ထီးမှာ တစ်လက် ငါးရာ၊

မိန်းမဆောင်းမှာ ရှစ်ရာတစ်ထောင် ) နှစ်တိုင်း ထီးဟောင်းဖြင့်သာ သစ္စာနံ့ရသောမိန်းကလေးက လင်ယောကျ်ားကို သစ္စာပျက်ချင်သလိုလို မျက်စောင်းထိုးခြင်း ခံရသည်။ လွန်ခဲ့သောသုံးလေးနှစ်က ဝယ်ထားခဲ့သော မတော်တရော် တိုနံ့နံ့မိုးကာအင်္ကျီများကိုပင် ချော့မော့ဝတ်နိုင်းကာ ကျောင်းလွှတ်ရသည့်အတွက် အိမ်ထောင်ဦးစီးတို့မှာ သားသမီးတို့၏ နှုတ်ခမ်းစူခြင်း၊ ခြေဆောင့်ခြင်းကို ခံကြရသည်။

(စာ - ၁၂၄၊ ၁၂၅ )

ဒီလိုနဲ့ မိုးတွင်းဒုက္ခ၊ ကလေးကျောင်းစရိတ်၊ အိမ်မိုးစရိတ်၊ သရက်သီးမှည့်၊ ယင်ကောင်နှင့် ရှုံ့ဖွက်များ၊ ခြင်နဲ့သွေးလွန်တုပ်ကွေး၊ အအေးမိရောဂါများ စသည်ဖြင့် မိုးဦး ကျလူနေမှုတေးသံကို အသော အထွေထွေနဲ့ စီညံထား။

"ပူပြင်းခြောက်သွေ့သော နွေရာသီအချိန်ကို ကျရောက်လာပြီဖြစ်ပါသဖြင့်"ဟူသော လမ်းပေါ်မှ မီးဘေးကာကွယ်ရေး လှုံ့ဆော်သံ၊ အသံချဲ့စက်ကြောင့် လန့်နိုးလာရသောဝဋ်မှ မိုးတွင်းတွင် လွတ်ကင်းခွင့်ရပါသည်။ မီးကင်းဖိုးပေးခြင်းမှလည်း လွတ်ကင်းခွင့်ရပါသည်။ (ရေထမ်းသမားကို မျက်နှာချိုသွေးနေရခြင်းမှလည်း လွတ်ကင်းခွင့်ရပါသည်။)

(စာ -၁၂၆)

အဲဒီလို မိုးတွင်းကြုံရတဲ့ဒုက္ခနဲ့ သုခအဖြာဖြာကိုလည်း ရရှိနိုင်ကြောင်း ခပ်လောင်လောင် ရေးချက်တွေနဲ့အတူ မိုးပေါက်သံကိုနားခံရင်း အအိပ်ကြီးသူတို့ သူ့နိုးအိမ်မဖောက်တာ ခံသွားရဦးမယ်ဆိုတာတွေလဲ ပါရဲ့။ အော်…"မိုး"သီချင်းကို ရေဒီယိုမှ မကြာခဏနားထောင်ခွင့်ရတာလည်း မိမ်တစ်မျိုးတဲ့။ အရသာမရှိတာကတော့ ရေမြောင်းပေါက်ရတာ၊ ခြင်အန္တရာယ်ကာကွယ်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌကိုယ်တိုင်ကြီးကြပ်ကွပ်ကဲ စစ်ဆေးမှုပြုတဲ့အကြောင်း။ သစ္စာနီရဲ့ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ဆိုတဲ့ အကောင်းမြင်ဝါဒ။ ထိထိရှရှနိုင်လှတဲ့ကာလကောက်ကြောင်း တစေ့တစောင်းပင်။

"…တစ်ခါက ကရင်တစ်ယောက်နှင့် ဗမာတစ်ယောက် (မြန်မာမဟုတ်) ဇာတ်ပွဲသွားကြည့်ကြသည်ဟု ဆိုပါသည်။ စင်ပေါ်က ဗမာမင်းသားက "အို တောင်ဆီရယ်က ညိုတိုတိုရယ်"ဟု။ မော့ကြည့်နေသောဗမာက မျက်ရည်ဝဲပါသည်။ ကရင်ကမေး၍ ဘာသာပြန်ပြတော့ ကရင် မခံစားနိုင်ပါ။ မိုးကလေးညိုတာနဲ့ မျက်ရည်ဝဲရသလားဟု အပြစ်တင်ပါသည်။ နောက်တစ်ကြိမ် ကရင်ဇာတ်ပွဲကို ကရင်နှင့် ဗမာ သွားကြည့်ကြပြန်ပါသည်။ စင်ပေါ်မှကရင်မင်းသားက သူတို့ဘာသာဖြင့် သီချင်းဆိုတော့ ပွဲကြည့်ကရင်က ငိုပါသည်။ ဗမာက

မေးတော့ တောင်ပေါ်ကမြက်တွေကို နွားစားနေတဲ့အကြောင်း ဖွဲ့နွဲ့ဆို ထားတာဟု ဖြေပါသည်။ ဗမာက မခံစားနိုင်ပါ။ မြက်ကို နွားစားတာ လွမ်းစရာလားဟု အပြစ်တင်ပါသည်။

ကာရင်က မင်းတို့တုန်းက တောင်ဘက်က မိုးညိုတာနဲ့တောင် ငိုခဲ့တယ် မဟုတ်လား။ အခု မိုးကညိုရုံမက ရွာလည်းပြီးပြီ။ မိုးရွာလို့ မြက်ပေါက်၊ အဲဒီပေါက်တဲ့မြက်ကို နွားတွေတောင်စားနေပြီ။ ကဲ ပိုလွမ်းဖို့ မကောင်းဘူးလားဟု ပြောပါသည်။

( ဓာ - ၁၂၉ )

အဲဒီလို ပုံပြင်လေးနဲ့ အနှားသတ်ထားတာဟာ ရယ်စရာလိုလို နဲ့ ညိုတိုတိုမှောင်တောင်တောင်ကိစ္စက ပိုပြီး လေးနက်သွားပါတယ်။ သူ့အတွေးအမြင်တွေ ထင်းကနဲ ထင်းကနဲ လင်းပြက်လာတယ်လို့ ထင်ပါတယ်။ သူ့ခံစားပုံရှုဒေါင့်တစ်မျိုးနဲ့ အက်ဆေးရသမိုးတွေ ရွာသွန်းသွားနိုင်တယ်လို့ ဆိုပါရစေလား။

(၃)

ပြီးခဲ့တဲ့ တင်ပြချက်တွေဟာ သစ္စာနီရဲ့မြင်တတ်၊ တွေးတတ်၊ ရေးတတ်ပုံတွေကို အကြမ်းဖျင်းခံစားတင်ပြခဲ့တာပါ။ တကယ့်အရေး

တကြိုးပြောဆိုရမှာက သစ္စာနီရဲ့လက်ရာဟာ "အက်ဆေး"ဖြစ်တယ် ဆိုတဲ့အချက်ကို ကျွန်တော့်အနေနဲ့ ထင်ရှားအောင် သက်သေပြဖို့ပါပဲ။

ဆက်ပြီးတော့ အက်ဆေးနဲ့ အခြားအရေးအဖွဲ့များနဲ့ ခြားနားပုံကို-

(၁) အက်ဆေးနဲ့ စာစီစာကုံး၊

(၂) အက်ဆေးနဲ့ ဆောင်းပါး၊

(၃) အက်ဆေးနဲ့ စာတမ်း၊

(၄) အက်ဆေးနဲ့ ဝတ္ထုတို

လို့ဆိုပြီး ခွဲခြားနိုင်ပါတယ်။

ဒါ့အပြင် အက်ဆေးရဲ့သွင်ပြင်လက္ခဏာတွေလဲ ရှိပါတယ်။ အဲဒါတွေကတော့-

(၁) စာရေးသူရဲ့ကိုယ်ရည်ကိုယ်သွေး ပေါ်နေခြင်း၊

(၂) အကြောင်းအရာထက် အတွေးအမြင်ခံစားမှုတို့ကို အာရုံပြုခြင်း၊

(၃) စာဖတ်သူကိုဆွဲဆောင်နိုင်သော စကားပြေအရေးအဖွဲ့မျိုးဖြစ်ခြင်း၊

(၄) တိုတိုကျဉ်းကျဉ်း ရေးဖွဲ့ထားသောအရေးအဖွဲ့မျိုးဖြစ်ခြင်း၊

(၅) စာဖတ်သူကို နှစ်သက်မှု ရသပေးခြင်း…ဆိုတာတွေနဲ့ တိုင်းတာလိုက်ရင် အနုပညာလက်ရာတစ်ခုဟာ ဆောင်းပါးလား၊ ဝတ္ထုတိုလား၊ ဆောင်းပါးဝတ္ထုလား၊ အက်ဆေးလား‥ဆိုတာကို ပိုင်းခြားသတ်မှတ်နိုင်ပါလိမ့်မယ်။ ဒီမှာ အရေးကြီးဆုံးအချုပ်ကတော့ ခံစားမှုက အဓိက အဆုံးအဖြတ်ပေးတယ်လို့ ကျွန်တော်ထင်ပါတယ်။

ဒါနဲ့ပတ်သက်လို့ သိပ်များများထုတ်နှုတ်ပြနေရင် "အီ"ပြီး ငြီးငွေ့သွားမှာစိုးလို့ အဓိကသက်ဆိုင်တဲ့ "အက်ဆေးနဲ့ဝတ္ထုတို" ဘယ်လိုခွဲလဲဆိုတာကိုပဲ ဆောင်းပေးရေးပါရစေ…။

နံပါတ် (၄)အချက်ဖြစ်တဲ့ "အက်ဆေးနဲ့ဝတ္ထုတို" တို့ရဲ့ခြားနားချက်မှာ စာရေးသူနဲ့ စာဖတ်သူတို့ရဲ့အနေအထား ဖြစ်ပါတယ်။ အက်ဆေးမှာ စာရေးသူဟာ တကယ်ရှိသောလူတစ်ယောက် အနေအထားနဲ့ သူ့အတွေးအမြင် သူ့အတွေ့အကြုံတွေကို စာဖတ်သူအား တိုက်ရိုက်ဆက်သွယ်ပြောပြနေဟန် ဖွဲ့တယ်။

ဝတ္ထုတိုကတော့ စိတ်ကူးနဲ့တီထွင်ဖန်တီးသော ဇာတ်ကောင်တို့ကို အားပြုဖွဲ့တယ်။ "ကျွန်တော်"ဟု သုံး၍ ကိုယ်တိုင်ပြောဟန်ဖွဲ့သောဝတ္ထုတိုမျိုး၌ပင် စာဖတ်သူက ထို "ကျွန်တော်"ကို ဝတ္ထုထဲမှာ သရုပ်ဆောင်နေသော ဇာတ်ကောင်တစ်ကောင်အဖြစ် မြင်နေရတယ်။ အက်ဆေးမှာကဲ့သို့ သူ့အတွေ့အကြုံကို တိုက်ရိုက်ဆက်သွယ်ပြောပြနေသော တကယ့်လူတစ်ယောက်အဖြစ် မမြင်ရဘဲ ရှိတတ်ပါတယ်။

ဤသဘောကြောင့် ဝတ္ထုတိုမှာ စာရေးသူ "ပျောက်" နေနိုင်သော်လည်း အက်ဆေးတွင်မူ "ပေါ်"နေပါတယ်လို့ သူ့နယ်ကိုယ့်နယ်က ကန့်သတ်ထားပါတယ်။

ဒီတော့ အဲဒီအချက်အလက်တွေနဲ့ သစ္စာနီရဲ့ "ညိုတိုတို မှောင်တောင်တောင် ကိစ္စ"ကို တိုင်းတာကြည့်လိုက်ရင် အလွယ်တကူ ကိုပဲ "အက်ဆေး"တစ်ပုဒ်ဆိုတာ ပေါ်လွင်လာပါလိမ့်မယ်။

"ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊ မိုးစိုထင့်စိုထင့်" အစချီ၍ ဖြစ်ပါသည်။ ကျွန်ုပ်သည် မိုးဦးကျများတွင် မိုးသားများတောင်ဘက်ဆီမှ အုံ့ဆိုင်းတက်လာပုံကို အမြဲလိုပင်စောင့်ကြည့်ခဲ့ပါသည်။ ထိုမိုးသားများမှာ သဖြန်ထဲကလို အညိုရောင်မဟုတ်ဘဲ ငှက်ခါးရောင်သဖွယ် မည်းမှောင်၍သာ နေသည်ကိုတွေ့ရပါသည်။ မူရင်းအမှန် အတိုင်း မမြင်တတ်သောရောဂါရှိမှု (ကာလာဘလိုင်း) တစ်ဦးဟု ပထမ ထင်မိပါသည်။ နောက်မှ (စို) ဟူသော နောက်ဂဏစာလုံးကိုငဲ့၍ ကာရန်ချိတ်ကာ (ညို) လိုက်ခြင်းဖြစ်မည်ဟု တွေးမိပါသည်။ (ထို့ကြောင့် လေ့လာသူများအနေဖြင့် ကာရန်မဲ့ကဗျာမပေါ်ခင် ကာရန်ငဲ့ ကဗျာပေါ်ဖူးကြောင်း သတိပြုကြစေလိုပါသည်။) ကျွန်ုပ်သာ ရေးရလျှင် "ဟိုတောင်ဆီရယ်က မှောင်တောင်တောင်ရယ်" ဖြစ်နိုင်ပါသည်။

( စာ - ၁၂၈။ )

အဲဒီကောက်နုတ်ချက်ကို ကြည့်ခြင်းအားဖြင့် သစ္စာနီကိုယ်ထင်ပြနေတာကို တွေ့ရပါလိမ့်မယ်။ ဆိုချင်တာက သစ္စာနီရဲ့တိုက်ရိုက်ဆက်သွယ်ပြောဆိုချက်ကို ရရှိခြင်း၊ ကဗျာနှင့်ပတ်သက်တဲ့ "ကာရန်မဲ့" "ကာရန်ငဲ့" ကိစ္စကို ခပ်ထွေထွေလေး ရေးတတ်ပြောတတ်သူရဲ့လေကို ကျက်မိခြင်းတို့ကြောင့် အက်ဆေးတစ်ပုဒ်ဖြစ်ကြောင်း သိသာနိုင်ပါတယ်။

အမှန်တော့ ကျွန်တော့်အနေနဲ့ ဒီထက်ကျယ်ကျယ်ပြန့်ပြန့်ရေးပြချင်ပါတယ်။ တချို့က ကျွန်တော့်ရဲ့ ဝေဖန်ရေးဆောင်းပါးတွေဟာ ရှည်ဝေးလွန်းအားကြီးတယ်။ ကောက်နုတ်ချက်တွေ များလွန်းတယ်။ ကိုးကားချက်တွေကြောင့် အခုလိုအတိုချုပ်ရတာပါ။

ဒါကြောင့် အက်ဆေးဟုတ်မဟုတ် တိုင်းတာတဲ့ပေတံကို ဒီထက်အကျယ်အပြန့် အပြည့်အစုံလိုချင်တယ်ဆိုရင်ဖြင့် ၁၉၈၆ ခုနှစ်၊ မတ်လ (၁၈-၁၉-၂၀) ရက်နေ့များမှာ စာပေဗိမာန်က ကြီးမှူးကျင်းပခဲ့တဲ့ စာတမ်းငယ်စာပေ စာတမ်းဖတ်ပွဲတွင် ဆရာမောင်ခင်မင်(ဓနုဖြူ)နဲ့ ဆရာမြဇင်တို့ တင်သွင်းတဲ့စာတမ်းကို ရိုက်နှိပ်ထားတဲ့ စာပေဗိမာန်ထုတ် "စာတမ်းငယ် စာပေစာတန်းငယ်များ" စာအုပ်ကို ရှာဖွေဖတ်ရှုကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဤခေါင်းပါးဖြင့် ဆရာနှစ်ဦးရဲ့ စာပေကျေးဇူးအား ဦးခိုက်ရင်း...။

၁၉၉၉၊ နိုဝင်ဘာလ၊ ဟန်သစ်

× × ×

# သဲကန္တာရ၌ ငါးမျှားခြင်း

## (တစ်)

ကဗျာကိုချစ်သော ကျွန်တော်သည် ကဗျာစာအုပ်သစ်များ ထွက်အလာကို မျှော်နေတတ်ပါသည်။ လက်လှမ်းမှီရာ စာအုပ်တန်းမှာ တွေ့သမျှ ကဗျာစာအုပ်အဟောင်းတွေထဲမှ ကျွန်တော်နှစ်သက်သော ကဗျာဆရာ၏...ကဗျာစာအုပ်တစ်အုပ်စ...နှပ်အုပ်စကိုလည်း ရံဖန် ရံခါ ဝယ်လေ့ ရှိပါသည်။ အောင်ချိမ့်၏ကဗျာ ၁၂-ပုဒ် ဒဂုန်တာရာ၏ မာယာ အစရှိသဖြင့်...။

အောက်တိုဘာလ နောက်ဆုံးပိုင်း၏ မိုးနှောင်းတစ်ရက်၌ အရေပြားမှလမ်းလျှောက်ထွက်လာသည့် သစ္စာနီကို တွေ့လိုက်ရသည်။

ဦးဦးဖျားဖျား "အိန္ဒိယ ဒဂုန်တာရာ" စာအုပ်ဆိုင်မှာ ဖြစ်ပါသည်။ အိန္ဒိယဒဂုန်တာရာဆိုသည်မှာ အခြားပုဂ္ဂိုလ်မဟုတ်ပါ။ စာအုပ်တန်းဂုရုကြီး ကိုတင်မြင့်ကို ချစ်စနိုးဖြင့် နောက်ပြောင် ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ သူ့ဆီမှ ထိုကဗျာစာအုပ်ကလေးကို အတင်းပင် အကြွေးဝယ်ယူလာခဲ့သည်။ အိမ်အပြန် သမ္ဘာန်ပေါ်ကိုရောက်တော့ အိမ်ရောက်အောင်ပင် မစောင့်နိုင်တော့ဘဲ လွယ်အိတ်ထဲမှ ဆွဲထုတ်ဖတ်ဖြစ်မိသည်။ ဒါက…ကျွန်တော့်အကျင့်…။ ကျွန်တော်၏ ကဗျာအပေါ်… တက်ကြွထက်သန်စိတ်က…ဘယ်တော့မှ မကုန်ခမ်းနိုင်သောစိတ်…။

သစ္စာနီကိုယ်တိုင် ကိုရဲအမည်ဖြင့် မျက်နှာဖုံးပန်းချီဆွဲထားသည်။ ဆရာဇော်ဇော်အောင် အမှာရေးထားသည်။ အင်္ဂလိပ်လိုကိုမြတ်သစ်က ဘာသာပြန်ပေးထားသည်။ ဒီကနေ့ စာပေလောကကို ကိုင်လှုပ်နေသော မော်ဒန် ဒေါက်ကြီး သုံးဒေါက်…။

ဆရာဇော်၏ အမှာစာကို ဖတ်ရသောအခါ "ပိုလွန်းသည်" ဟု ထင်ကြရလောက်အောင် သစ္စာနီကို ချီးမွမ်းထောပနာထားသည်ကို တွေ့ရသည်။ သို့ရာတွင်…ကျွန်တော်က ဆရာဇော်ရေးတာ အပေါ်ယံရှိနေသေးသည်ဟုပင် ပြောချင်ပါသည်။ သစ္စာနီ၏ ကဗျာစိတ်ကြီးမားပုံများကို ၁၉၇၀ တစ်ဝိုက် ကဗျာရေးအတွေ့အကြုံများက သက်သေခံနေပေလိမ့်မည်။ သူ့အကြောင်းကို ပန်းချီအောင်နိုင်လတ်၊ သန်လျက်

စွမ်း ညီလတ်၊ အောင်သက်ထွေး၊ ကောက်နွယ်ကနောင်တို့သိကြောင်း သက်သေပြရပါလိမ့်မည်။

ထိုစဉ်က မောင်ညီလတ် (သန်လျက်စွမ်း)၏ နေအိမ်သည် ကျွန်တော်တို့စုဝေးရာ…။ ကျွန်တော့်ကို သူတို့က ဟိုအခါက နီညွန့်ပဲ ဟု သိကြသည်။ ကျွန်တော်ကား သူတို့ဆီ ဝင်ထွက်သွားလာနေရင်း ကဗျာစာအုပ် ထုတ်ခဲ့သည်။ "ပဋိပက္ခမျက်နှာသစ်"…ဆိုတဲ့ စာအုပ် ကလေး…။ ထိုကဗျာစာအုပ်ကလေး၏ မျက်နှာဖုံးကို ပန်းချီအောင် နိုင်လတ်က ရေးဆွဲပေးသည်။ အထဲစာလုံးတွေကို သစ္စာနီရေးပေး သည်။ သစ္စာနီက လက်ရေး အရေးကောင်းသူ…။ ထိုကာလက ထွက် သမျှ လက်ရေးမင်ကူး စာအုပ်များ၏ လက်ရေးစာလုံးတို့ကို ကိုရဲက ဒိုင်ခံရေးပေးခဲ့သည်ချည်း…။

ဖော်ဝေးတို့…။ မောင်ချောနွယ်တို့၊ အောင်ချိမ့်တို့ကလည်း "သစ်ရွက်သေပေါ်မှ ရက်စက်သောဂီတ"၊ သစ္စာနီရဲ့ ကဗျာလုံးချင်း "ရာသီရှစ်ဆယ်ကျော် သမိုင်းထဲကငါ"…။ အဲဒီစာအုပ်မှာ သစ္စာနီက သူ့ရုပ်ပုံလွှာကို သူရေးချင်သော…လွတ်လပ်ပုံသဏ္ဌာန်ဖြင့် ကဗျာ ရှည်ဖွဲ့ထားသည်။ ကျွန်တော်တွေ့ရှိလိုက်သည့် သူ့အစွမ်းပုံတူမှာ ဟိုစဉ်ကပင် Anti-Communist ဖြစ်ခဲ့သည်။ ဒါ…သူ့ ထူးခြား ချက်…။

ဒီကနေ့ အနီတွေပြိုကျသွားမှ ထအော်သည့်အထဲတွင် သူမပါ။ ဒါကိုသိရက်သားနှင့် သူနှင့်အင်တာဗျူးတွင် တမင်ကို မေးခွန်းထုတ်ခဲ့သည်။ "သစ္စာ" နောက်မှာ ဘာပြုလို့ "နီ"ကို ထည့်ထားရတာလဲ…။ အနီဖြစ်ခဲ့လို့လား…။ သူက မဖြေဘဲရှောင်လွှဲခဲ့…။

ဆောင်းနှောင်းသစ်ပင်မှာ
ရွက်ကြင်နှစ်ရွက်ရှိတယ်
တစ်ရွက်က…ရွှေ
တစ်ရွက်က…မြ။
ကမ္ဘာကြီးမှာ
လက်နှစ်ဖက် ရှိတယ်
တစ်လက်က…နေ
တစ်လက်က…လ
ချေါ်ဆီမှာ…
ချစ်သူထံ ပျံသန်းဖို့
တောင်ပံနှစ်ဖက်ရှိတယ်
တစ်ဖက်က…အိပ်မက်
တစ်ဖက်က…ကဗျာလေ…။

ကျွန်တော် ရှမဝတွင်ပါခဲ့သော…သစ္စာနီရဲ့ကဗျာလေးကို…အလွတ်ရနေခဲ့သည်။ ကဗျာခေါင်းစဉ်ကိုတော့ မမှတ်မိတော့။ သူက ကဗျာကိုသစ်ချင်သူ…။ သူများနဲ့မတူအောင် ရေးချင်သူ…။ ထိုအချိန် မှစ၍ သူ့ကဗျာလေးများကို မှတ်မှတ်သားသား ရှိခဲ့သည်။

ထို့နောက် သူ ကဗျာလောကမှ…အကြာကြီးပျောက်ကွယ်သွားခဲ့သည်။ သူ့ကဗျာတွေ မတွေ့ရတော့။ ဆယ်စုတစ်စုမျှရှိမည်ထင်သည်။ သူ့သတင်းကိုတော့…သိုးသိုးသန့်သန့် ကြားနေရသည်။ ယနေ့ထိ သူ့စာပေ ဖြတ်သန်းမှုအတွက် နောင်တွင်ပြောစရာဖြစ်လာမည့်လုပ်စားကိုင်စားဘဝကို ကျွန်တော် မကြားရက်နိုင်ခဲ့။ ကဗျာဆရာတွေ၏ ရပ်တည်ရေးနှင့် ပတ်သက်၍ ကျွန်တော် စာနာနေမိသည်။ စာ ရေးဆရာ၊ ကဗျာဆရာတစ်ယောက်သည် အတော်မျှနာမည်ကြီးပါစေ…။ စာရေးခြင်းတစ်ခုတည်းဖြင့် ထမင်းမစားနိုင်ပါ။

များမကြာမီ သူ့ကဗျာများကို ရုပ်ရှင်တေးကဗျာတွင် ပြန်လည်ဖတ်ရှုလာရသည်။ သူ့…ကဗျာလက်က ကောင်းမှကောင်း…။ ထိုစဉ်က ကဗျာတွေ ဘယ်လောက်ကောင်းကြောင်း ပြန်လည်ကိုးကားဖို့ ကျွန်တော့်မှာ စာအုပ်စာတမ်းမရှိ…။ ရှာဖွေဖို့ အချိန်ကမရှိ…။ ယေဘုယျမျှသာ ပြောနိုင်ဆိုနိုင်တော့သည်။

ယခု…"မိမိအရေပြားမှ လမ်းလျှောက်ထွက်လာခြင်း" ဆိုတဲ့ သစ္စာနီရဲ့ ကဗျာစာအုပ်ကလေးအပေါ် ကျွန်တော်…အများကြီး

မွှော်လင့်ထားပါသည်။ စမ်းရေစီးသံတစ်မျိုး ကျွန်တော့်ရင်ထဲ စီးဝင်လိမ့်မည်ဟု ထင်ခဲ့သည်။

(နှစ်)

ကြိုတင်ပြောလိုသည့် အချက်တစ်ချက် ရှိပါသည်။ ထိုအချက်မှာ…ဆရာဇော်ဇော်အောင်၏ အမှာစာတွင် သစ္စာနီရဲ့ ကဗျာအချို့ကို ခံစားပြထားပါသည်။ ၎င်းတို့မှာ ""အမည်မဲ့""၊ ""လေကို ရှုရှိုက်ခြင်း ဒုတိယပုံစံ""၊ ""ကြားနေကျသတင်း""၊ ""မလတ်ဆတ်တဲ့သီချင်း""၊ ""နားလည်မှု""…တို့ ဖြစ်ပါသည်။ ဆရာဇော် ထုတ်နုတ်တင်ပြသွားသောကဗျာများမှအပ ကျန်လက်လှမ်းမှီရာ ကဗျာအချို့ကို ဆက်လက်၍ ကျွန်တော် ခံစားဝေဖန် ရေးဖွဲ့သွားမည့်အကြောင်း ပြောလိုခြင်းဖြစ်ပါသည်။

ဦးဆုံး…""မိမိအရေပြားမှ လမ်းလျှောက်ထွက်ခြင်း""ကဗျာကိုပြောဆိုမှာ ဖြစ်ပါသည်။ ကဗျာစာအုပ်၏ ခေါင်းစဉ်က ယူထားသော ကဗျာတစ်ပုဒ်လည်း ဖြစ်ပါသည်။ ထိုကဗျာကို ကျွန်တော်ခံစားရသည်မှာ ကဗျာဆရာရဲ့ ဘဝပဲ့တင်သံ သို့မဟုတ် ""စိတ်ထိခိုက်ချက် အရှုပ်ထွေးငိုကြွေးသံ""များလား…။ သူ့ရှိုက်သံက ကျယ်လောင်လှပါဘိ…။ ဒါထက်မှုမက…ပွင့်လည်း ပွင့်လင်းလွန်းလှပါသည်။

သူ့ကဗျာကို သူ့အကြိုက်နဲ့စ…ဖွဲ့လိုက်သည်။ ဒိန်ချဉ်ကို ကြိုက်သူ…၊ ကျေးလက်သီချင်းများကို ကြိုက်သူ…။ ခင်မေအောင်ကို ကြိုက်သူအဖြစ်နဲ့ ရေးဖွဲ့လိုက်သည်။ ဆက်လက်ပြီး ဘဝနဲ့ပတ်သက်တဲ့ ပေါက်ကွဲတောက်လောင်မှုကို တွေ့လိုက်ရပြန်သည်။

သွေးသားဖြေဖျောက်မှု ဆိုတာလည်း…

မိုးဥတုလိုပဲ လိုအပ်တယ်။

မင်နှိပ်စက္ကူတစ်ချပ်လို လောဘနဲ့ လောကကို စုပ်မျိုဖို့ ကြိုးစားစ သတ္တုသောက်ရေခွက် အသစ်တစ်ခုလို…

ဘယ်သူ သန့်ရှင်းခဲ့သလဲ…

ဘယ်သူ သန့်ရှင်းခဲ့သလဲ…

ကျုပ်လည်းပဲပေ့ါ။

ကဗျာဖတ်သူများ…ကဗျာထဲက…အသံတစ်သံကို ကြားလိုက်ပါစ။ ကဗျာဆရာ့ပေါက်ကွဲသံလေ…။ ဘဝမှာ ကဗျာရေးခြင်း သက်သက်နဲ့ ဘယ်လိုလုပ်ပြီး ရပ်တည်နိုင်ပါ့မလဲ။ ဒီအခါမှာ…ထမင်း စားဖို့အတွက်…တခြားစာတွေ ရေးရမယ်။ ကောင်းတာ၊ ညံ့တာ သူများအတွက် ရေးပေးတာတွေ မလုပ်ချင်ဘဲ…မျက်စိမှိတ်လုပ်ရတာ မျိုး…။ တခြား…အလုပ်ကောင်းကောင်းရှိပြီး စားနိုင်သောက်နိုင်သော စာရေးဆရာများက…မတတ်သာ၍ ဆူလွှယ်…နပ်လွှယ်စာများ ရေး

နေသော စာရေးဆရာအချို့အပေါ် ကဲ့ရဲ့လှောင်ပြောင်ခြင်း မပြုသင့်ပေ။ စာနာစိတ် ထားကြရပါလိမ့်မယ်။

ဒီအတွက် ကဗျာဆရာက မေးခွန်းထုတ်လိုက်တယ်။ ခပ်ဆတ်ဆတ်အသံနဲ့..။ ဘယ်သူ သန့်ရှင်းခဲ့ပါသလဲတဲ့။ ဟုတ်တယ်..။ လူတွေဟာ ကိုယ့်ချက်ချေးတော့ ကိုယ်မမြင်ကြဘူး။ သူများ ချက်ချေးပဲ မြင်ကြတယ်။ သူ့အပေါ်လှောင်ပြောင်သရော်နဲ့ လက်ညှိုးထိုးခဲ့ကြလိမ့်မယ်။ တစ်ဘက်မှာလည်း ဒါဟာ "ကဗျာဆရာ့ဖြောင့်ချက်"ပဲပေါ့။ ဒီအငွေ့တွေဟာ ကဗျာမှာ ထုံမွှမ်းနေတယ်။

ငရဲဘုံကို ဘောင်းဘီဝတ်လို့
( ဘောင်းဘီအိတ်ထဲမှာ...လက်နှစ်ဖက်နှိုက်လို့ )
ကုသိုလ်ကတစ်ပေါင်ခွဲတိတိ...ရှိတယ်။

ဒီစာပုဒ်ကိုတော့ ကိုယ့်ဘာသာကိုယ်ပဲ...အမျိုးမျိုးခံစားကြည့်ကြပါတော့...။ အမိပ္ပါယ်က လေးနက်လွန်းလှပါတယ်။ အကွယ် အဝှက်တွေကလည်း များပါတယ်။ ဒါပေမဲ့ လွယ်ပါတယ်။ အပြန်ပြန်အလှန်လှန် ထင်ဟပ်ခံစားကြည့်ရင်ဖြင့် အရသာတွေ့လာနိုင်ပါတယ်။

ဉပါဒ်ဋ္ဌီဘင်
အင်တီနိုင်းဖီးရီး
ဘာမှအစိုးမရပါလား…
သွားနှုတ်တဲ့ဆိုင်က အပြန်
အဲသလို သံဝေဂဟာ
ဝါယာကြိုးတစ်ခုပါလား…။

ဒီမှာလည်း ဘာမှ ထူးထူးထွေထွေ ရေးမထားပါဘူး။ အမြဲမတည်တဲ့သဘောကို ပြောထားတာပါ။ ဒါပေမဲ့ သံဝေဂဟာ ဝါယာကြိုးတစ်ချောင်းဖြစ်တယ် ဆိုထားတာကတော့ နည်းနည်း ဦးနှောက်စားစရာပေါ့။ ကဗျာရဲ့ အဆုံးသတ်ကို ဖတ်လိုက်ရင်တော့ ရှင်းသွားမှာပါပဲ။

လျှပ်ရောင်မျှ အလင်းမြင်
ကြီးရင့်ဖို့ ပြင်ဆင်ပါမည်
မြင်သမျှ မျက်နှာ
ခင်မင်ပါရစေ…
ကမ္ဘာနဲ့ငါကိုယ်
သင့်မြတ်လို၏။

အားလုံးနဲ့ ငြိမ်းချမ်းစိမ်းလန်းချင်တဲ့…ကဗျာဆရာ့စိတ်နေ သဘောထား။ သူ့ဆန္ဒကို ဖွင့်ဟလို့ အရေပြားမှ လမ်းလျှောက်လာပါတယ်။ တကယ်လည်း အပြင်မှာသူ့ရဲ့နေထိုင်ဆက်ဆံမှုက အပြေ အငြိမ်းပါပဲ။ သူနဲ့ ထိတွေ့ဖူးတဲ့ လူတိုင်းလိုလိုကလည်း သူ့ကို "မေတ္တာသမား"အဖြစ် မြင်ကြပါတယ်။

နောက်တစ်ပုဒ်ကတော့…အခုတင်ပြခဲ့တဲ့ကဗျာနဲ့ တစ်ဆက်တစပ်တည်း ဆက်လက် ခံစားလို့ရနိုင်တဲ့အတွက် ရွေးထုတ်လိုက်ပါတယ်။ "ထိုတောအုပ်"ဆိုတဲ့ ကဗျာပါ။

လောကဓံတရားဆိုတာ…
ရှစ်ပါးထက်မပို
သင့်နာရီကို လောလောဆယ်
တိုက်ဖို့မလို…
တစ်ယောက်နဲ့တစ်ယောက်
ညှိဖို့မလို…
အဲသလို လက်ခံပြီဆိုရင်
လာလေ…သွားကြစို့…
သီချင်းတွေရှိတဲ့ လက်ဖက်ရည်ဆိုင်…
ကုလားထိုင်မှာ ဘာအပြစ်မှ မရှိပါဘူးကွယ်။

ကဗျာဆရာရဲ့....လောကဓံအပေါ် စိန်ခေါ်သံ...။ ရှစ်ပါးဆက်မပိုဘူးလို့ ပြောလိုက်တာကိုက မထီတရီအသံပါပဲ။ ဒါ့အပြင် အမှားအမှန်ကို အလျှင်စလို ဆုံးဖြတ်လို့မရပုံ...။ ကိုယ့်သဘောကိုယ်ဆောင်ကြရပုံ...။ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းမတူကြပုံ။ ဒဲသလို နှလုံးသားကိုဖွင့်ဟရင်း လက်ဖက်ရည်ဆိုင် ထိုင်ကြမယ်ပေါ့။

ဘယ်ရီကရင်မ်ကိုလွှမ်းတဲ့ ဆံပင်များ...
ခွဲထွက်သွားတဲ့ ထိပ်ပါးပါးနဲ့
အမေရဲ့အဘိုးဆိုပေါက်စတစ်ယောက်...
ငါလေ...တစ်ခါတုန်းကတော့ ဘဝမှာ...
ဝလုံးလို ဝိုင်းအောင်ရေးဖို့က
ရည်မှန်းချက် စခဲ့တဲ့သူပဲပေါ့

ဒီအပိုဒ်ကလည်း သူနဲ့နီးစပ်တဲ့လူတွေဆို သိနိုင်ပါတယ်။ ကိုရဲရဲ့ဘဝပေးကိုက ထိပ်ပြောင်တယ်။ ဆံပင်အပေါက်နည်းတယ်။ ဦးထုပ်တစ်လုံး အမြဲတမ်း ဆောင်းထားရတယ်။ သူက ပုပုသွက်သွက်...။ သူလည်းပဲ လူထဲကလူတစ်ယောက် အနေနဲ့ ဘဝမှာ မျှော်လင့်ချက်တွေ တစ်ပုံတစ်ပင်ကြီးထားခဲ့ ရှိခဲ့တယ်လို့ ဆိုချင်တာပါပဲ။

တစ်နှစ်တာအတွက် ပင်လယ်
ရယ်မောမှုကို တုတ်နဲ့ကော်ရ
ရောင်စုံပူဖောင်း အရောင်းသမား
တစ်ခါတလေ ထီမှာ…
အတိတ်ရေးမိ
ဝိတ်ကားပေါ်က ဒင်းကလေး
အကြောင်းပြော…
မာကျောသော အရာတစ်ခုတော့ရှိရဲ့…
အဲဒါဟာ…ကျွန်တော့်
ယပ်တောင်ပါ
အနုတ္တလက္ခဏာသုတ်လည်း ပါ
ရာသီလိုက်ပွင့်တဲ့…ပန်းတွေလည်း ပါ
ဂြိုဟ်တုသတင်းလည်း ပါ
( အဲသလိုနဲ့… )
ပါဝါများများတိုး…(မျက်မှန်)
သွေးများများတိုး…
အသိဉာဏ်ကလည်း နည်းနည်တိုးခဲ့ရ…။

အထက်ပါအပိုဒ်ကတော့ သူ့ဘဝရုပ်လွှာ တစ်စိတ်တစ်ပိုင်း ရေးခြယ်ထားတယ်ဆိုတာ ပိုထင်ရှားပါတယ်။ သမုဒ္ဒရာဝမ်းတစ်ထွာ

ပင်လယ်ထဲမှာ အမောတကောကူးခပ်ရပုံ…။ ဘယ်လောက်များ… သောကတွေ ထူပြောသလဲဆိုရင် ရယ်မောဖို့ကိုတောင်မေ့နေပုံ။ ကျန်တာတွေကတော့ ကဗျာမှာ လှအောင် ရေးထားတာပါ။ ငြိမ်းပါ‌ယ်တ သတင်းတို့ အနတ္တလက္ခဏာသုတ် ယပ်တောင်တို့ဆိုတာတွေက ကဗျာမှာ ဝေဆာလှပအောင်လို့ပေ့ါ။ တစ်ခုလုံး ခြုံခံစားရတာကတော့ လောကဆိုတဲ့ တောအုပ်ထဲကို…တိုးရဲ့ ဝင်ရောက်ဖြတ်သန်းလာရတဲ့ သူ့ဘဝကြေမ်းကို ဖွဲ့တာပါပဲ။

ဆက်ပြီးတော့ ပြောမယ့်ကဗျာကတော့ "မြို့နဲ့လူ" ဆိုတဲ့ မြို့ပြကထာ။ မြို့ပြအာရုံခံစားမှု…။

အဲဒီမြို့ကို
မိုးပျံဟိုတယ်တွေက သွားကြားထိုးလို့…။
ဟဲဗီးမက်တယ်လ်သီချင်းတွေက သွေးသွင်းလို့…။
မီနီမားကက်တွေက ပီကေဝါးလို့…။
စားသုံးမှုစရိတ်တွေက ခွန်လွှတ်လို့…။
နီယွန်မီးလုံးတွေက မျက်နှာသစ်လို့…။

ခေတ်ပေါ်ကဗျာဆိုတိုင်း…စကားပြေဆန်လွန်းပြီး ပွရောင်းနေလို့ မဖြစ်ဘူး။ ကျစ်လစ်သိပ်သည်းမှုကိုတော့ ဂရုစိုက်ရပါမယ်။

အခုလို ကျွန်တော် "အဲဒီမြို့"ဆိုတဲ့ အပိုဒ်တွေကို ဖြုတ်ချလိုက်တာပါပဲ။ အဲဒီလိုဖြုတ်လိုက်တော့မှ ကဗျာဟာ ဘယ်လောက်တာသွားပြီး ခရီးရောက်သွားတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ အပြောနဲ့အပြတွေ ဝိုပြီး မြန်ဆန် သွက်လက်သွားတာကိုလည်း တွေ့ရပါလိမ့်မယ်။

ဆက်ပြောရရင်…မြို့ပြရဲ့ တွေပြားမှုတွေကို ရေးဖွဲ့ရင်း… စရိုက်တွေလည်း…ရောင်စုံ၊ အမှိုက်တွေလည်း…တောင်လိုပုံနေတဲ့ အကြောင်း…။

အဲဒီမြို့ထဲက
အမှိုက်ပုံတစ်ပုံ ထွက်လာတယ်။
အဲဒီအမှိုက်ပုံထဲက
လွှင့်ပစ်လိုက်တဲ့သွားကြားထိုးတံ
ရောင်စုံမီးသီးအကျွမ်း
အချိုရည်ကုန်သွားတဲ့ ဗီကေ
ကျိုးပဲ့နေတဲ့ကိုယ်ကျင့်တရား
ဘီယာဗူးခွံအလွတ်
လေထုညစ်ညမ်းမှု
စိတ်ကျရောဂါ

အပေါင်လက်မှတ်အစုတ်နဲ့
မိမွေးတိုင်းဖမွေးတိုင်းမဟုတ်တဲ့ လူတစ်ယောက်
ထွက်လာလေရဲ့…။

မြို့ပြရဲ့…ကြီးကျယ်ခမ်းနားမှုတွေ နောက်ကွယ်က ပျက်စီးယိုယွင်းမှုတွေ၊ အနောက်ယဉ်ကျေးမှုရဲ့ လှိုက်စားဒဏ် ခံနေရတဲ့ မြို့ပြအူသံ…။ မြို့ပြဥဒ္ဓဲထဲက ထွက်ကျလာတဲ့လူ။ ကျိုးပဲ့နေတဲ့ ကိုယ်ကျင့်တရား၊ လေထုညစ်ညမ်းမှု၊ စိတ်ကျရောဂါ၊ အပေါင်လက်မှတ်အစုတ်…ဆိုတာတွေက မြို့ပြရုပ်ရည်ကို ဖေါ်ပြနေရဲ့…။

ခုတစ်ခါ "အမည်မဲ့(၁)"ကဗျာရဲ့…အနက်အရှိုင်းအကွယ်အဝှက်…။ ကဗျာဆရာက ဘယ်သူတွေကို ပြောနေတာလဲ။ မလွဲမသေ ခေတ်ကို ထင်ဟပ်မှာပါပဲ။ ခေတ်ထဲက ကဗျာဆရာရဲ့အသံကို ကြားနေရတယ်။

ဘယ်သူတွေလဲ
တိုးလျှိုပေါက်ခွဲ့ကိုယ်နဲ့
တီးလုံးမဲ့ က ခုန်နေတာ။
ဘယ်သူတွေလဲ
သက်တန့်ရောင် အရေပြား၊

အတောင့်ပံမရှိဘဲ ပျံနေတာ၊ ဘယ်သူတွေလဲ
မှန်နဲ့လုပ်ထားတဲ့ကမ္ဘာနဲ့
သဘာဝတရားကို ဖြားယောင်းနေတာ…။

ကဗျာမှာ "ဘယ်သူတွေလဲ" လို့ ကျယ်ကျယ်လောင်လောင် မေးလိုက်ပြီး "ဆပ်ပြာပူဖောင်းတွေပေါ့" လို့ အတိအလင်း…ဟော သလို ရေးဖွဲ့လိုက်ပါတယ်။

အဲဒါ…
ဆပ်ပြာပူဖောင်းတွေပေါ့
သူတို့နာရီက မြန်တယ်
သူတို့အိပ်မက်က မြန်တယ်
သူတို့အသက်ရှူသံက…မြန်တယ်။

ဒီတော့…ကဗျာဖတ်သူများ…ကဗျာဆရာရဲ့ အသံကို ဆက်လက်ပြီး ပုံဖော်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ဆက်လက်ပြီးတော့ 'အမည်မဲ့(၂)'ကို ခံစားကြည့်ရအောင် …။ မရှိတာနဲ့ ရှိတာကို အလဲအလှယ် အတွေးစရ နယ်ထားတဲ့ကဗျာ တစ်ပုဒ်ပါ။

အဲဒီ လှောင်အိမ်ထဲက ငှက်ကို
ငါ့ခေါင်းနဲ့ လဲစမ်းပါ။

ငှက်တစ်ကောင်မှာ…
ခြေထောက် ရှိတယ်
အတောင်ပံ ရှိတယ်
ချိုသာတဲ့သီချင်း ရှိတယ်
ငါ့ခေါင်းမှာ…
အဲဒါတွေ မရှိဘူး။
ဖန်ချိုင့်ထဲက ငါးကို
ငါ့လက်တွေနဲ့ လဲစမ်းပါ။
ငါးတစ်ကောင်မှာ…
မျက်လုံး ရှိတယ်
ပါးစပ် ရှိတယ်
အလိုရှိရာကို ကူးခတ်
သွားလာနိုင်တယ်။
ငါ့လက်မှာ…
အဲဒါတွေ မရှိဘူး။
ပန်းပဲဖိုက ပေတံကို
ငါ့အသဲနှလုံးနဲ့ လဲစမ်းပါ။
ပေတံတစ်တံမှာ…

မျက်ရည် မရှိဘူး
အိမ်မက် မရှိဘူး
သန့်စင်တဲ့ဝိညာဉ် မရှိဘူး
ငါ့အသည်းနှလုံးမှာ…
အဲဒါတွေ ရှိနေတယ်။

နှလုံးသားကို ဖွင့်ဆိုခြင်းပါပဲ…။ ကဗျာဆိုတာ ဖြစ်နိုင်တယ်…မဖြစ်နိုင်တယ် အပထား…။ အားလုံးကို တင်စားရေးဖွဲ့နိုင်စွမ်းရှိတဲ့အရာပဲ။ တစ်ခါတစ်ရံ ဒဿန ဆန်ချင်ဆန်မယ်။ ဒီကဗျာမှာ သူ့ဦးခေါင်းကို ငှက်တစ်ကောင်နဲ့ လဲပြတယ်။ သူ့ရဲ့လက်ချောင်းတွေကို ငါးတစ်ကောင်နဲ့ နှိုင်းပြတယ်။ ငှက်မှာရှိတာ သူ့မှာမရှိ။ ငါ့မှာရှိတာ သူ့မှာမရှိလို့ ပြထားတယ်။ နောက်တစ်ခါ ပေတုံးနဲ့ သူ့အသည်းနှလုံးကို ဖလှယ်လိုက်တယ်။ ပေတုံးမှာ မရှိတဲ့အရာတွေ သူ့မှာရှိတယ်လို့ ပြောပြလိုက်ပုံက သိပ်မလွယ်သော်လည်း ဒဿနဆန်တယ်။ အတော်အတန် တွေးစရာတွေ ရတယ်။ အဲဒါဟာ စကားပြေက မရနိုင်တဲ့အရသာလို့ ဆိုချင်ပါတယ်။

နောက်ကဗျာတွေကို ကျွန်တော် တစ်ပုဒ်လုံး မပြောချင်တော့ပါဘူး။ "ရင်ငြိုကွက်" ကလေးတွေကို တစ်ပုဒ်စနှစ်ပုဒ်စ ထုတ်

နှုတ်ခံစားပြသွားပါတော့မယ်။ ဘာဖြစ်လို့ အဲဒီလိုစိတ်ကူးဖြစ်သွားရသလဲဆိုတော့ "ကျွန်ုပ်ဘက်ကကိစ္စများ"အမည်ရှိတဲ့ကဗျာတပုဒ်ကို ဆိုကြပါစို့…။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီကဗျာဟာ ၁၉၈၇ မိုးဝေမဂ္ဂဇင်းမှာ ပါခဲ့တာပါ…။ တော်တော်လည်း ညံ့ပါတယ်။ ကဗျာ အလှမာတ်ကိုလည်း ရှာမတွေ့ပါ။ သစ္စာနီဆိုတဲ့ စင်တင်ပြီး ကလောင်ကြောင့် စာမျက်နှာပေါ်ကို ရောက်လာတာလို့ပဲ ဝေဖန်ပါရစေ…။

အလားတူ "ဆောင်း"၊ "အလွမ်းမပါတဲ့ပြဇာတ်"၊ "နေနဲ့ ဖုန်းဆက်ခြင်း"၊ "အမည်မဲ့(၃)"၊ "စက်ဝန်း" စတဲ့ကဗျာတွေဟာ ခပ်ညံ့ညံ့ကဗျာတွေပါပဲ။ အဲဒီထဲမှာမှ "နေထိုင်ခြင်းမိတ္တူ" ဆိုတဲ့ ကဗျာရဲ့အစပိုဒ်ချီလိုက်ပုံကလေးကတော့ဖြင့် ရင်ခုန်လောက်ပါရဲ့။

ဥခွံကို မွေနေတဲ့ငှက်တွေကတော့
ခေတ်ကြိုးတန်းပေါ်မှာ သီချင်းတွေဆိုလို့ပေါ့…။

အဲဒီကဗျာမှာ…အဲဒီအပိုဒ်ကလေးပဲ…လှပါတယ်။ ထို့နည်းတူ…"အမည်မဲ့(၅)"ကဗျာမှာ…

လာနေကျလမ်းကို
နှားနို့သမားလိုပဲ

နေရောင်ခြည်ကလည်း
ငြီးငွေ့တယ်တဲ့…
ငြီးငွေ့မှုဟာ
မှုန်းတည့်နေပါပြီ။

ကဗျာဆရာရဲ့ ကာလချဉ်ခြင်း၊ ငြီးငွေ့မှု၊ ဘဝအပေါ် **စိတ်ပျက်ခြင်း** စတာတွေကို သူ့ကဗျာတွေမှာ အများဆုံးတွေ့ရပါမယ်။ "**နေ့ရှား**"ဆိုတဲ့ ကဗျာတစ်စိတ်တစ်ပိုင်းကို မြည်းစမ်းကြည့်ပါဦး…။

ဓာတ်စက်ပျက်နေတဲ့
ဓာတ်ပြားတွေလို…ငြိမ်သက်တိတ်ဆိတ်…
ပေါ့ရှုတ်ရှုတ်မျှော်လျှင့်ချက်တွေကလည်း…
ဘီယာဗူးခွံအလွတ်တွေလို လဲလျောင်းလို့…
( တချို့ ပိန်လိန်လို့… )
ထီတစ်စောင်ရဲ့ မရေရာမှုမျိုးနဲ့
ဘဝကိုချိန်တွယ်သင့်ပါသလား။

အားလုံးကို ခြုံငုံသုံးသပ်ရရင်တော့ ခေတ်ကို အားမလိုအားမရ၊ ဘဝအပေါ် မချင့်မရဲဖြစ်မှုတွေ၊ အသံဗလံတွေ သူ့ကဗျာတိုင်းမှာ ပြည့်နှက်နေရဲ့။

(၃)

နောက်ဆုံးမှာ…သူ့ကဗျာစာအုပ်နှင့်ပတ်သက်၍ ပြောစရာ ကြီးကြီးမားမား နှစ်ခုရှိနေတာကိုတွေ့ရသည်။ တစ်ခုက အမှာစာနှင့် ပတ်သက်ပြီး သူနှင့် သွယ်ဝိုက်ဆက်စပ်နေမှု ဖြစ်သည်။ နောက်တစ် ခုက သူ့စာအုပ်အမည်ပေးပုံနှင့် ပတ်သက်၍ ဖြစ်သည်။

အမှာစာကို ဆရာဇော်ရေးသားရာ၌ တစ်နေရာအရောက်တွင် စာရှက်ကို ခေါက်ထိုး တမင်စီလိုက်ခြင်းပင် ဖြစ်ပါသည်။ ဖတ်နေရင်း နှင့် ကျွန်တော့်မှာ ကသိကအောက် ဖြစ်သွားပါသည်။ အခြားစာဖတ် သူများလည်း ကျွန်တော့်လို ခံစားရမည်ဟု ထင်ပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကို ကျွန်တော် မနှစ်မြို့ပါ။ ဒီလိုလုပ်ခြင်းသည် စာဖတ် သူကိုစော်ကားခြင်းဟု ဆိုချင်ပါသည်။ ဒီလိုစတန့်ထွင်ပုံမျိုးကို ကျွန်တော် ဆန့်ကျင်သလို စာဖတ်သူများလည်း ကြိုက်နှစ်သက်မည် မထင်ပါ။ စာဖတ်သူများကို စော်ကားသောလုပ်ရပ် ဖြစ်သည်။

တဖန်…သစ္စာနီရဲ့ "မိမိအရေပြားမှ လမ်းလျှောက်ထွက် ခြင်း"ကဗျာစာအုပ်အမည်မှာ ရှေးမတ်စ်ပောနီဆီမှ ယူထားခြင်းဆိုတာ ကို တွေ့ရှိလိုက်ရပါသည်။ ရှေးမတ်စ်ပောနီဆိုသည်မှာ ၁၉၅၅ ခု၊ စာပေနိုဘယ်ဆုရ မြောက်အိုင်ယာလန်သား ကဗျာဆရာ၊ ဝေဖန်ရေး

ဆရာ ဖြစ်သည်။ လိုရင်းကိုရေးရလျှင် ရှေးမတ်စ်ပောနီရဲ့"မိုး၏
လက်ဆောင်များ"ကဗျာ၌ "တိမ်ထူကွဲထွက်၊ ဖြိုင်ဖြိုင်သွန်းကျ"
နေသောမိုးရေကြား၌ ရှင်သန်နေနိုင်သည့် သတ္တဝါတစ်ဦးမှာ ဥတု၏
ထိတွေ့မှုအာရုံကို "သူ့အရေပြားအားဖြင့် " သူ ဖြတ်လျှောက်သွား
သည်ဟူသောနိမိတ်ပုံမှာ အတော်ပင်လေးနက်၍ အနုစိတ်လှသည်။
အန္တရာယ်အလားအလာကို ကြိုသိလျက်နှင့် ရေထု၏ အတိမ်အနက်ကို
ထိစမ်းရင်းကျလာမည့် ဘေးမှန်သမျှကို ရင်ဆိုင်ခံယူရန် အသင့်ပြင်ပြီး
"ဖြတ်လျှောက်"သည့်စိတ်ဓာတ်ကို ရေးခြယ်ထားခြင်း ဖြစ်သည်။

တိမ်ထူကွဲထွက်၊ အခုတော့...
ဖြိုင်ဖြိုင်သွန်းကျ နေ့ရက်များစွာ။
ငြိမ်သက်တိတ်ဆိတ်၊ နို့တိုက်သတ္တဝါ...
ကောက်ရိုးခြေထောက်က ရွှံ့ပေါ်ရပ်...
ဥတု၏ထိတွေ့မှုကို သူ စတင်ခံစားနေ...
သူ့အရေပြားအားဖြင့်လေ။

( ကောင်းသာမြန်မာပြန် "မိုး၏လက်ဆောင်များ" ကဗျာ
မှ...)

ဒီလောက်ဆို...သစ္စာနီရဲ့စာအုပ်နာမည်ကို ဘယ်ကယူတယ်
ဆိုတာ သိလောက်ပါပြီ။ ဆက်ပြောချင်တာက အမှာစာမှာ ဆရာဇော်

က “တက္ကသိုလ်၏ပညာ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ပညာ ဆရာသမားကြီး တစ်ဦးတစ်ယောက်၏ ပညာအရိပ်မှ လုလုပပကင်း လွတ်စွာ သူ့ကဗျာကို သူ့ဘာသာ ရေးနိုင်ခဲ့သည်”…ဟု ဆိုထား ပါတယ်။ ဒီမှာလည်း ဒီအဆိုမဟုတ်ကြောင်း တွေ့နေ့ရပါပြီ။

ကျွန်တော် ပြောလိုက်ပါ့မယ်။ ယနေ့ခေတ်ပေါ်ကဗျာဆရာ တော်တော်များများဟာ အနောက်နိုင်ငံက ကဗျာဆရာတွေရဲ့ပညာ လောင်းရိပ်မှ မလွတ်ကင်းကြကြောင်း…။

စု တု ပြုတို့…၊ ဆင့်ပွားခံစားယူတာတို့…ကျွန်တော် သဘောပေါက်ပါတယ်။ မရှိမဟုတ်…ရှိနေကြပါမယ်။ တိုက်ရိုက်ယူ တဲ့အခါမှာတော့ အခုလို သိက္ခာကျတတ်ပါတယ်။ ဝန်ခံချက်နဲ့ယူရင် ကောင်းပါတယ်။

တစ်လောကလည်း…ကဗျာဆရာတစ်ယောက် ဖွင့်ချတာခံရ ပြီးပြီ။ ဘာတဲ့…မြင်းကုန်းနီးပေါ် ရှက်လွှင့်ဆိုတာ ဂျက်လန်ဒန်ရဲ့ အတ္တုပ္ပတ္တိခေါင်းစဉ်ဆိုလား…။ တစ်ခါ…ပုသျှကင်ရဲ့ကြေးဝါမြင်း သည်တော်က ချစ်သူမြင်းသည်တော် ဖြစ်လိုဖြစ်တဲ့…။

ဒီတော့ ကဗျာစာအုပ် တစ်အုပ်လုံးနဲ့ ပတ်သက်ပြီး ခြုံငုံဝေဖန် သုံးသပ်ရရင် သုံးထားတဲ့နိမိတ်ပုံတွေ မသစ်ပါ။ တင်စားချက်တွေ ထပ်ကာတလဲလဲ ဖြစ်နေပါပြီ။ ကိုရဲရဲ့ ကဗျာရေးလက်လည်း ဒုံရင်း…

ခုံရင်းဖြစ်နေပြီး ရှေ့သို့တိုးတက်မလာပါကြောင်း…။ အရေးအဖွဲ့၊ ပုံသဏ္ဍာန် နိမိတ်ပုံသင်္ကေတ၊ စကားလုံးသုံးစွဲပုံတို့ ဆီသည်မလက် သုတ်ပုဝါဖြစ်နေပါကြောင်း ဒီကဗျာစာအုပ်ပါ ကဗျာများအရ ပြောရရင် ကိုချောတို့၊ ကိုချိမ့်တို့၊ လှသန်းတို့ကို မမီပါကြောင်း။ ကဗျာအလှ မာတ်နဲ့ ကဗျာဆန်မှု၊ အနုပညာမြောက်မှု အားနည်းလှပါကြောင်း…။

ဒီအတိုင်းဆိုရင် ပါရမီရင့်သန်သော ကဗျာဆရာတစ်ဦးအဖြစ် ဆက်လက်ရပ်တည်ရန် ခဲယဉ်းကြောင်း…။ ဝတ္ထုတိုအဖွဲ့ကောင်း သလို ဆောင်းပါးအရေးလည်း ကောင်းမွန် ပြောင်မြောက် ထက်မြက် ထိရှလှပါကြောင်း…။ ဒါကြောင့်လည်း ကဗျာများအရေးကျဲပြီး ကဗျာ ကောင်းထွက်ရှိရေးဘက်တွင် အာရုံခံစားမှု ထွေပြားနေသည်ဟု ထင်ပါ ကြောင်း…။ ဒါကလည်း မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် သစ္စာနီရဲ့ ကဗျာများပါရှိ…မပါရှိမှုပေါ်တွင်…အကဲဖြတ်ရခြင်းသာ ဖြစ် ကြောင်း…။ ကဗျာအပေါ် အချစ်ပေါ့ရင် ကဗျာကလည်း မိမိအပေါ် အချစ်လျော့တတ်ကြောင်း ကဗျာအတွက် နေရာမပေးနိုင်တော့လျှင် ကဗျာကလည်း မိမိထံသို့မလာတော့ကြောင်း…။ ကဗျာရေးရန် ကဗျာ ဈာန်၊ ကဗျာခံစားမှုကို…မပေါက်ဖွားလာနိုင်ခြင်းကို ဆိုလိုကြောင်း…။

ကဗျာများကိုဖတ်၍ မုဒိတာပွားရမည့်အစား သဲကန္တာရထဲမှ ငါးများသလိုဖြစ်နေကြောင်း…။ ငါးတစ်ကောင်မျှ မရကြောင်း…။

ငါးမရတဲ့နေရာမှာ ငါးမျှားမိသလို ဖြစ်နေကြောင်း။ ကဗျာဆရာကောင်း ဖြစ်မြောက်ရေး၊ ကဗျာကောင်းပေါ်ထွက်ရေးတို့ကို ရှေးရှု၍ အလေး အနက် အရင်းအတိုင်း ဝေဖန်ရေးသားလိုက်ရပါကြောင်း…။

၁၉၉၉၊ ဒီဇင်ဘာ၊ စတိုင်သစ်။

× × ×

# တာရာမင်းဝေ၏ ဖြတ်စည်ပ်စများ

(၁)

## တာရာမင်းဝေ ဘာလဲ၊ ဘယ်လဲ

သူ့ကို အားလုံးကသိသလို "ရွှေဘုန်းလူ"လို့ ကျွန်တော်လည်း သိခဲ့ပါတယ်။ အဲဒီတုန်းက သူဟာ ကဗျာတွေ တအားရေးတဲ့ လူငယ်လေးပေ့ါ။ သူ့ကဗျာတွေရဲ့ ရူးရှပြင်းထန်တဲ့ ခေါ်သံတွေကို ကြားနေရတယ်။ လူငယ်တွေမှတစ်ဆင့် သူ့ကဗျာ သူ့အကြောင်းတွေကို ကြားနေရတယ်။

အင်္ဂလိပ်စာမေဂျာ၊ ဒုတ္တိယရဲညီ၊ သူ့အဖေက သတင်းထောက်ဟောင်း။ ရောက်လေရာရာမှာ သူ့သတင်းက မွှေးပျံ့နေ။ သို့သော် ဦးမညွတ်ကာလ။ လူငယ်ပီပီ တက်ကြွ ထက်သန်လန်းဆန်း။

နောက်ပြီး လောကကြီးကို မကျေနပ်တဲ့ကောင်လေး။ ခုခေတ် လူငယ်တွေပတ်ဝန်းကျင်နဲ့ လောကကြီးကို မကျေနပ်ပုံမျိုး။ ကျွန်တော်တို့ လူငယ်ဘဝတုန်းကလည်း ဒီအတိုင်းပဲ။ လူငယ်တစ်ယောက်ရဲ့ ခံစားမှု၊ လူငယ်တစ်ယောက်ရဲ့ မကျေနပ်မှု၊ လူငယ်တစ်ယောက်ရဲ့ ဆန်းသစ်တီထွင်လိုမှု၊ လူငယ်တစ်ယောက်ရဲ့ ဘဝမြင့်မှုတွေကို သူ့မှာ တွေ့နေရ။

ဒီလိုနဲ့ ကျွန်တော် ကျန်ခဲ့ပြီး သူ ထွက်သွားခဲ့။ မကြာမီ သူ့သတင်းတွေ ကြားလာရ။ သူ့ဝတ္ထုတို/ရှည်တွေ အောင်မြင်နေတဲ့ အကြောင်း။ မော်ဒန်ဂုရုကလေး ဖြစ်နေတဲ့အကြောင်း။ ပတ်ဘလစ်ရှာတွေ ဝိုင်းဝိုင်းလည်နေတဲ့အကြောင်း။ ကျွန်တော်က သူ့ကို အံ့သြနေမိ။ သူ အောင်မြင်နေတာကို အံ့သြနေတာမဟုတ်။ ကဗျာဆရာဖြစ်ရမည့် သူက စကားပြေများဖြင့် စာရေးဆရာဖြစ်သွားတာကို အံ့သြမိတာပါ။ ကဗျာများကို သဲကြီးမဲကြီး ရေးသားစပ်ဆို ဖွဲ့နွဲ့ ချစ်ခင်တွယ်တာသွားခဲ့သူက ဘယ့်နှယ် စကားပြေဘက် လှည့်သွားပါလိမ့်။

ဪ ဟုတ်တာပေါ့။ ပြန်တွေးကြည့်တော့ သူစိမ်းအိမ်မှာ စိတ်ကူးနဲ့ ပြောပြခဲ့တဲ့ သူ့ဝတ္ထုတွေအကြောင်း သတိရမိ။ အားလပ်ချိန်များတွင် သူ့စိတ်ကူးထဲမှ ဝတ္ထုတွေအကြောင်း သတိရမိ။ အားလပ်ချိန်များတွင် သူ့စိတ်ကူးထဲမှ ဝတ္ထုရှည်ကြီးများကို မမေ့နိုင်မပန်းနိုင် အနီးဝန်းကျင်မှ လူများကို ပြောပြခဲ့ရသော ရလဒ်များကို သူခံစားရရှိနေ

တာ ဖြစ်မယ်။ သူ့ဆီမှ စိတ်ကူးအသစ်အဆန်းများနှင့် ရက်ရှယ်ထား သော အကြောင်းအရာ ဇာတ်လမ်း အသစ်အဆန်းများကို ထိုစဉ်အခါ ကပင် ကြားနာခဲ့ရသောလူငယ်များရဲ့ ပြန်လည်ဖောက်သည်ချခြင်းမှ တဆင့် ကျွန်တော် သိရှိနေခဲ့ရ။

"အပါယ်တံခါးတွေကို ဖွင့်လိုက်စမ်းပါလား၊
တကယ် နဂါးတွေ ထွက်လာကြလိမ့်မယ်"

ကျွန်တော်ကား ဆရာစွမ်း ဘာသာပြန် ကဗျာလုံးချင်းစာအုပ် လေးမှာပါရှိသော နောက်ဆုံးပိတ် ကဗျာတစ်ပိုဒ်မှ ကဗျာတစ်ပိုဒ်အား သွားခံစားနေမိ။

"မိုးခေါင်တဲ့အရပ်မှာ တီးတဲ့ဗုံသံ" ကဗျာလုံးချင်းစာအုပ် တစ်အုပ် ထွက်ခဲ့သော်လည်း ပရိတ်သတ်ထံမှ တောက်ခံချက်မရခဲ့။ သူ့ရဲ့ ထုံ့ပိုင်းထုံ့ပိုင်းပါလာသော မဂ္ဂဇင်း ကဗျာများမှာလည်း ပြောရ လောက်အောင် မကောင်းရှာသလား မသိ။ ကဗျာဘက်တွင် ကဗျာ ဘက်ပရိတ်သတ်၏ သူ့ကဗျာများအပေါ် ပြောသံဆိုသံတုံ့ပြန်သံများ အနည်းအပါးမျှပင် မကြားခဲ့ရ။

သူကား သူ့စကားပြေပရိတ်သတ်နှင့်သူ အခိုင်အမာရှိစပြုနေ ပြီ။ သူ့ရဲ့ လတ်ဆတ်သောအတွေးများ၊ စိတ်ကူးစိတ်သန်း တီထွင်မှု များ၊ ရှတ စူးရဲလွန်းသော စကားပြေများကို သူ့ဝတ္ထုတို/ရှည်များ တွင် တွေ့မြင်နိုင်။

သူ့ရဲ့မော်ဒန်၊ ပို့စ်မော်ဒန် အယူအဆဆောင်းပါးများကလည်း ထက်သန်ပွင့်လင်း တင်းမာလွန်းနေတာကိုလည်း တွေ့ရ။ သူ့ရဲ့ ဆောင်းပါးပေါင်းချုပ်ဖြစ်တဲ့ ပြိုင်မြင်းတို့ရဲ့ ခွာသံများတွင်လည်း တွေ့နိုင်။ ဥပမာ ကြေးမုံသီဝရီကို အပြတ်ရိုက်ချိုးခဲ့။ ပလေတိုရဲ့အယူအဆကို မြောင်းထဲပို့ခဲ့။ ဆရာတက္ကသိုလ်ဘုန်းနိုင်ပင် အဆစ်ပါသွားသေး။ ဒါက သူ့ရဲ့ အနုပညာ ဖြတ်သန်းမှုလမ်းကြောင်းပေါ်က အတ္တ ရုပ်ပုံလွှာ တစ်ပိုင်းတစ်စ။

ဟော အခု လာပြန်ပြီ။ အသစ်။ အသစ်။ ကျွန်တော်တို့ စာဖတ်သူတို့ လှူငယ်တို့တောင့်တနေတဲ့ "အသစ်"။ သူ့ရဲ့ "ကျွန်တော်နှင့် အရုပ်မြို့တော်" လုံးချင်းဝတ္ထု။

သစ် မသစ်ကြည့်ရအောင်။ ဒီမှာ တွေ့ရမည်။ တာရာမင်းဝေ ဘာလဲ၊ ဘယ်လဲ။

(၂)

## အတ္တနှောမတီအသံများ

သူ့စာအုပ်လေး မေလမှာ ထွက်ပါတယ်။ တစ်ပြိုင်နက်တည်းလိုလိုပဲ သူ့စာအုပ်နဲ့ ပတ်သက်လို့ အသံဗလံတွေ ထွက်လာပါတယ်။

၁၃-၁-၂၀၀၀ မှာ ထုတ်တဲ့ အတွဲ(၄)၊ အမှတ် (၂) စာဖတ်သူဂျာနယ်မှာ တစ်သံ။ နောက်တစ်ခါ မတ်လထုတ် ဖက်ရှင်အင်းမိတ်မဂ္ဂဇင်း။

ပန်းချီကားများ၊ ကာတွန်းများ၊ မြန်မာစေးထပ်စာသားများ ၇၅)ပုံနှင့် ထူးခြားဆန်းသစ်စွာ ပါဝင်နေသော ယခုတရာမင်းဝေ၏ "ကျွန်တော်နှင့်အရပ်မြို့တော်" ဝတ္ထုသည် Collage Art. Pattern Novel ဟု ကျွန်တော် တံဆိပ်တပ်လိုက်ပါသည်တဲ့။ (စာဖတ်သူဂျာနယ်-မှ)

ကိုမျိုး မြန်မာစာကတော့ "ပရိတ်သတ်နှစ်မြို့က်တဲ့ ထူးထူးခြားခြား ဝတ္ထုအရေးအသားနဲ့ ဖန်တီးသူရဲ့စိတ်ကူး"ဆိုတဲ့ ခေါင်းပါးနဲ့ တာရာမင်းဝေကို တွေ့ဆုံပြီး မေးမြန်းထားဟန် ရေးသားထားပါသည်။

ဆန်းသစ်တီထွင်မှုတွေ အထိုက်အလျောက် ထည့်ထားတဲ့ ဝတ္ထုစာအုပ်ပါ။ ဘယ်ဝါဒ၊ ဘယ်သီအိုရီ၊ ဘယ်နည်းစနစ်နဲ့ ရေးတာလဲလို့ မေးလာခဲ့ရင် အဖြေရ ကြစ်ပါတယ်။ အကုန်ရောမွှေထားတာဖြစ်ကြောင်း။

ဆရာ တာရာမင်းဝေရဲ့ဝတ္ထုတွေဟာ ဘယ်သူနဲ့မှ မတူတာကြောင့် သဘောကျတာပါ။ ကျွန်တော်နှင့် အရပ်မြို့တော်မှာ သဘောအကျဆုံးက ပန်းချီကားတွေ၊ ပန်းပုရုပ်တွေကို ကြည့်ပြီး တွေးတဲ့အတွေး

တွေပဲ။ ဆရာ့အတွေးတွေကို ပြန်တွေးရတာကပဲ သဘောကျစရာလို့ ပြောသံတွေ ကြားနေရမှာကြောင်း။

ဖောက်ထွက်နိုင်တာလို့ သုံးသပ်နိုင်မှာပါ။ လက်ရှိဝတ္ထုရေးကွက်၊ သမားရိုးကျ ဝတ္ထုပုံစံတွေနဲ့ အသွင်မတူပေမယ့် ပရိတ်သတ်အားပေးနှစ်သက်လက်ခံမှုကို ရတဲ့အကြောင်း။

အမှန်တော့ ခေတ်သစ်ပန်းပုဆရာတွေရဲ့ မီဒီယမ် ရောနှောသုံးစွဲပုံကိုယူပြီး ဒီဝတ္ထုကို ကျွန်တော် ရေးခဲ့တာပါ။ သမားရိုးကျဝတ္ထုကို ရေးရတာထက် ပိုခက်ပါတယ်။ ရေးရတာခက်သလို ရိုက်နှိပ်ထုတ်ဝေရတာလည်း ခက်ပါတယ်။ ဘာပဲပြောပြော စွန့်စားကြည့်ခဲ့ပါတယ်။ တချို့ဝေဖန်ရေးဆရာတွေ ကဲ့ရဲ့ရှုတ်ချမှာ၊ တချို့ပရိတ်သတ်တွေ ငြီးငွေ့ပြီး ကြိမ်းမောင်းမှာ၊ အဲဒါတွေသိသိနဲ့ စွန့်စားကြည့်ခဲ့တယ်ဆိုတဲ့အကြောင်း။ (ဖက်ရှင်အင်းမိတ်မဂ္ဂဇင်းမှ)

မြန်မာသစ်ဂျာနယ်က "ထင်ရှားသူတို့အရေး" ( Personal Glimpses ) အခန်း၊ လူပုဂ္ဂိုလ်တို့အကြောင်း တစေ့တစောင်းမှာတော့ အတိအလင်း အပြတ်အသား ပြောဆိုထားပါတယ်။

၁၉၉၀ ပြည့်နှစ်လွန် မြန်မာစာပေသမိုင်းမှာ မော်ဒန်၊ ပို့စ်မော်ဒန် ဖြစ်ထွန်းမှုနှင့်အတူ လူသိများလာတာကတော့ တာရာမင်းဝေပါပဲ။ သူ့ရဲ့မော်ဒန်ကဗျာ၊ မော်ဒန်ဝတ္ထုတိုတွေဟာ မော်ဒန်စာပေ

ချစ်သူတိုင်းရဲ့ ရင်ကို တုန်ခတ်စေပါတယ်။ ဒါပေမဲ့ အခုနောက်ဆုံး ထုတ်တဲ့ "ကျွန်တော်နှင့်အရုပ်မြို့တော်" စာအုပ်ကတော့ သူ့အတွက် လက်ခုပ်သံတွေ လျော့သွားပါလေရောကွဲ။ (မြန်မာသစ်ဂျာနယ်မှ)

ဒီအချက်တွေကို ကျွန်တော် ခုလိုတကူးတက ဖော်ပြတာ အကြောင်းရှိတယ်။ "စာဖတ်သူများ သတိပြုမိအောင်လို့ပါ။ ရေးသားကြတဲ့ ရက်စွဲတွေ၊ ပြောဆိုချက်တွေကို ကိုယ့်ဘာသာ ဆန်းစစ်ကြပါတော့။ သုံးသပ်စိတ်ဖြာကြပါတော့၊ စဉ်းစားတွေးဆလေ တွေ့ရှိလေပါပဲ။

(၃)

**ပန်းချီအကြောင်း တစေ့တစောင်း**

တာရာမင်းဝေရဲ့အရုပ်မြို့တော်ဟာ မော်ဒန်ဝတ္ထု ဖြစ်ပါတယ်။ ဒီတော့ မော်ဒန်ဝတ္ထု ဖြစ်ကြောင်း ဝတ္ထုရဲ့ပုံရိပ်၊ ဝတ္ထုရဲ့နောက်ခံကား၊ စာရေးဆရာရဲ့ idea တို့ကို ဖော်ညွှန်းရပါတော့မယ်။

ဒီတော့ မော်ဒန်စာပေကိုမပြောခင် မော်ဒန်ပန်းချီအကြောင်းကို မစို့မပို့ တင်ပြချင်ပါတယ်။ သူတို့ ၂ ခုဟာ ဆက်စပ်နေလို့ပါ။ နိယာမအတိုင်းပါပဲ။ ပန်းချီအနုပညာ လှုပ်ရှားမှုမှာလည်း အစဉ်အလာ

က လမ်းခွဲထွက်လာတာကို တွေ့ရပါတယ်။ အသစ်ဟာ အဟောင်းမှ ဖောက်ထွက်လာခဲ့ပါတယ်။ ပန်းချီဝါဒသစ်တွေ ပေါ်ထွန်းလာပါတယ်။

(၁) စိတ်ကူးယဉ်ဝါဒ

(၂) ၁၉ ရာစု သရုပ်မှန်ဝါဒ

(၃) အင်ပရက်ရှင်နစ်ဇင်ဝါဒ

(၄) နှောင်းအင်ပရက်ရှင်နစ်ဇင်ဝါဒ

(၅) ကျူဘစ်ဇင်ဝါဒ

(၆) အိတ်ပရက်ရှင်နစ်ဇင်ဝါဒ

(၇) ဆာရီယယ်လစ်ဇင်ဝါဒ

(၈) ၂၀-ရာစု သရုပ်မှန်ဝါဒဆိုပြီး အသီးသီးရှိကြပါတယ်။

စိတ်ကူးယဉ်ဝါဒဟာ ၁၈၂၀ ခုနှစ်များအတွင်း ပြင်သစ်ပြည်မှာ ပေါ်ထွက်လာတယ်။ ဘုရင်စနစ် ပြန်လည်စိုးမိုးခြင်းကို ဆန့်ကျင်တိုက်ခိုက်သော စာပေသမား၊ ပန်းချီသမား၊ ဂီတသမား၊ အနုပညာသည်များကို စိတ်ကူးယဉ်ဝါဒ ကိုင်စွဲသူများဟု ခေါ်ကြတယ်။ ပြင်သစ်စကား စွန့်စားတိုက်ခိုက်ခြင်းကို အစွဲပြုခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်။ အကြောင်းအရာပိုင်းမှာ လွပ်လပ်မှုကို ဦးတည်ချက် ထားကြတယ်။ ပုံစံနည်းစနစ်ပိုင်းမှာ ပေါက်ကွဲခမန်း လှုပ်ရှားမှုများ၊ တောက်လောင်ဘနန်း အရောင်များကို ခြယ်မှုန်းကြတယ်။

၁၉ ရာစု သရုပ်မှန်ဝါဒမှာ ပြင်သစ်ပြည်၌ စိတ်ကူးယဉ်ဝါဒ ပေါ်ထွက်လာပြီးနောက် အနုပညာသည် ပြည်သူ့အတွက်၊ အနုပညာသည် လူများစုအတွက်၊ အနုပညာသည် လူမှုစနစ်ဆိုးကို ဝေဖန်တိုက်ခိုက်ရေးအတွက်ဟူသော သရုပ်မှန်ဝါဒကို ကိုင်စွဲသူ ပန်းချီဆရာများ အနက် ဒေါမီယာ (၁၈ဝ၈-၇၉)နှင့် ကိုဘေး(၁၈၁၉-၇၇)တို့ဟာ ထင်ရှားဆုံး ဖြစ်တယ်။

အင်ပရက်ရှင်နစ်ဇင်ဝါဒသည် ခေတ်သစ်ပန်းချီကို ပန္နက်ချလိုက်သော ပန်းချီနည်းသစ် ဖြစ်ပါတယ်။ ၁၈၇ဝ မှ ၉ဝ ခုနှစ်များအတွင်း ပြင်သစ်ပြည်မှာ ပေါ်ထွက်လာခဲ့သောနည်း ဖြစ်ပါတယ်။ ၁၈၇၄ ခုနှစ်၊ အင်ပရက်ရှင်ဆန်းရိုက်စ်၊ "နေထွက်ချိန်အမြင်" အမည်ပေးထားသော မိုးနေပန်းချီကားကို အစွဲပြုလျှက် အင်ပရက်ရှင်နစ်ဇင်နည်းဟူ၍ ခေါ်ဝေါ်ကြတာဖြစ်တယ်။ သဘာဝရဲ့ အလင်းရောင်တွင် သဘာဝ ရဲ့ တဒင်္ဂသရုပ်ကို ဖမ်းချုပ်ရေးဆွဲတဲ့ နည်းပါပဲ။

နှောင်းအင်ပရက်ရှင်နစ်ဇစ်ဝါဒမှာလည်း အင်ပရက်ရှင်နစ်ဇင်ဝါဒရဲ့ နောက်ပိုင်းမှ ပေါ်လာသောနည်းလို့ မဆိုနိုင်ချေ။ အင်ပရက်ရှင်နစ်ဇင်နည်းဖြင့် ရေးဆွဲနေသော ပန်းချီဆရာတစ်စုက ထိုနည်း၏အလင်းနှင့် အရောင်နောက်သို့ ဆင်ကန်းတောတိုး လိုက်နေခြင်းကို မနှစ်မြို့လိုတော့၍ လမ်းခွဲထွက်လာသောနည်း ဖြစ်ပါတယ်။ ခံစားမှုကိုအဓိက

ထား၍ သူ့အလင်းနှင့် သူ့အရောင်များ တိုက်ရိုက်ထိုးကျ ဝင်ရောက်သော အလင်းမရှိဘဲ၊ ပင်ကိုအလင်းပေါ်လာသော သဘောရှိပါတယ်။ ဝိုမိုထူးခြားချက်ကား ဒြပ်ထုတို့ကို ရေးခြယ်ပုံဖြစ်တယ်။ ရှုခင်း၊ လူ၊ သက်ငြိမ် စသည်တို့တွင် အနီးအဝေးကို အရောင်သက်သက်ဖြင့် တစ်နည်းတစ်ဖုံပြောင်းလဲရေးဆွဲခြင်း ဖြစ်တယ်။ အလုံးအဝန်းသာမက ထုထည်ကို အဖက်ဖက်မှမြင်ရသည့် စိတ်အာရုံခံစားမှုကို ပေါ်စေတယ်။ ဤရေးနည်းမှာ နောက်ပိုင်းတွင် ပေါ်ထွက်လာသော ကျူဘစ်ဇင်နည်း၏ ရှေ့ပြေးပင် ဖြစ်ပါတယ်။

ကျူဘစ်ဇင်ဝါဒမှာ ၂၀ ရာစု ပန်းချီ၊ ပန်းပုတွင် ဩဇာအညောင်းဆုံး၊ အထက်မြက်ဆုံးနည်း ဖြစ်တယ်။ သမားရိုးကျပန်းချီနှင့် လုံးဝဥဿုံ ကွဲပြားခြားနား၊ လားလားမျှ ယိုးရိပ်ဆင်တူခြင်း မရှိတော့သည်အထိ လမ်းခွဲထွက်သော ပန်းချီနည်းပင် ဖြစ်ပါတယ်။

ဤနည်းမှာ အရာဝတ္ထုတစ်ခုကို တြိဂံ၊ စတုဂံ၊ ထောင့်၊ မျှောင့်၊ ထုထည်လုံးဝန်းများ အဖြစ်သို့ ရောက်အောင် ဖြတ်တောက်ခုတ်ထစ်ပြီး စိတ်ထဲ၌မြင်သလို၊ ထင်သလို၊ ခံစားရသလို၊ ယူဆသလို ပြန်လည်ဆက်စပ် ရေးဆွဲသောနည်း ဖြစ်ပါတယ်။

ကျူဘစ်ဇင်ဝါဒတွင် ဖြူချာရစ်ဇင်နည်း၊ ကွန်စထရပ်တစ်ဗစ်ဇင်နည်း၊ ကိုလိတ် (Collage) နည်းတို့ ခက်ဖြာပွားစည်း ပါဝင်ပါ

တယ်။ စက်မှုလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းနှင့် ဗိသုကာအနုပညာများ တွင် ပြဿနာစုံ ပေါက်ထွက်ခဲ့ကြပါတယ်။

အိတ်ပရက်ရှင်နစ်ဇင်ဝါဒကတော့ လူ့လောကအပေါ် မြင်တွေ့ခံစားရသလို ဖော်ထုတ်ရေးဆွဲသောနည်း ဖြစ်ပါတယ်။ ရုပ်ဝတ္ထုတို့ ပုံပျက်ပန်းပျက်ဖြစ်တယ်။ အရောင်မှာ မားဖြင့်မွန်းသလို စိုးစိုးဝင်းဝင်း လင်းလင်း လက်လက် ဖြစ်တယ်။ ဒီနည်းဟာ ဂျာမနီပြည်မှာ ထွန်းကားခဲ့ပါတယ်။

ဆာရီယယ်လစ်ဇင်နှင့် ဒါဒါဝါဒတို့မှာ ဆွစ်ဇာလန်နိုင်ငံ၌ ပေါ်ထွန်းခဲ့ပါတယ်။ ပထမကမ္ဘာစစ်ကြီးရဲ့ ရက်စက်ပျက်စီးမှု လှိုင်းတံပိုးကြားမှာ နစ်မွန်းကာ သည်းခြေပျက်သွားသော ပန်းချီ၊ ပန်းပုဆရာ၊ စာရေးဆရာ၊ ကဗျာဆရာတို့ရဲ့ သွေးရူးသွေးတန်း စိတ်ကူးစိတ်သန်းမှ ပေါက်ဖွားလာခြင်း ဖြစ်ပါတယ်။ အဲဒီလို အဖျက်သဘောဇာတ်ကူးလာကာ လူ့ယဉ်ကျေးမှု သမိုင်းဝင်ပန်းချီ၊ ပန်းပုဟူသည် တန်ဖိုးမရှိ အနှစ်သာရ မရှိ၊ ကလေး ကြောင်ခြစ်သလို ခြစ်ထားသောလက်ရာလည်း မိုက်ကယ်အိန်ဂျလို လက်ရာလောက်တော့ ကောင်းတယ်။ ဘယ်လက်ရာက ဘယ်လောက်မှပို၍ တန်ဖိုးမရှိ၊ ဆေးစက်ကျရာ ပန်းချီဖြစ်တယ်။ ခြစ်လိုရာခြစ် ပန်းချီ ဖြစ်တယ်။ အလိုအလျောက်ဖြစ်သော ပန်းချီသဘောတရားဟူသော အယူအဆကို ကြွေးကြော်သော ပန်းချီဝါဒ ဖြစ်တယ်။

ဆာရီယယ်လစ်ဇင်နည်းသည် ဂျာမန်၊ ဂျူး၊ စိတ္တဗေဒပညာရှင် ဆစ်ဂမန်ဖရိုက်ရဲ့ သိစိတ်၊ မသိစိတ်၊ အတွင်းစိတ်၊ စိတ္တဗေဒသဘောအယူအဆနှင့် အိပ်မက်ဒီဌ္ဌနည်းများကို ယုံကြည်လိုက်နာလျက် စိတ်စေရာ ဆေးရောင်စုံလွှင့်ပြီး၊ ဒြပ်ဝတ္ထုတို့ ထောက်လှမ်းမမီသည့် အိပ်မက်သမုဒ္ဒရာကြီးထဲသို့ တက်မပါ လွှင့်မျောသွားသော ပန်းချီနည်း ဖြစ်ပါတယ်။

၂၀ ရာစု သရုပ်မှန်ဝါဒမှာ သုံးမျိုးသုံးစား ကွဲပြားပါတယ်။ ပထမတစ်မျိုးမှာ တောင်အမေရိကနှင့် မြောက်အမေရိကတိုက်တို့တွင် ထွန်းကားသော သရုပ်မှန်နည်း ဖြစ်တယ်။ ဒုတိယတစ်မျိုးမှာ ဆိုရှယ်လစ်နိုင်ငံများ၌ ထွန်းကားသော ဆိုရှယ်လစ် သရုပ်မှန်နည်းတို့ ဖြစ်ပါတယ်။

ဒါတွေဟာ ခေတ်သစ်ပန်းချီအကြောင်း၊ တစေ့တစောင်း ဖြစ်ပါကြောင်း။

(၄)

## မြန်မာ့ပထမဦးဆုံး ကိုလိတ်ဝတ္ထု
## ( Novel of Collage )

ဆက်လက်ပြီး ဝတ္ထုလေးအကြောင်း ပြောရရင် စာရေးဆရာဟာ စာဖတ်သူတွေကို ပန်းချီကားတွေနဲ့ ကာတွန်းတွေနဲ့ မိတ်ဆက်ပေးချင်တဲ့ ခံစားစေချင်တဲ့ စေတနာနဲ့ ဒီဝတ္ထုကို ရေးဖွဲ့ခြင်း ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ဒါ့အပြင် ပန်းချီကားတွေ ကာတွန်းတွေမှာ ပါဝင်မြှုပ်နှံထားတဲ့ ဘဝဒဿန အလှအပတွေကိုလည်း ထုတ်ဖော်တွေးခေါ်ရှုမြင်ဆွတ်ပျံ့စေချင်တဲ့ ဆန္ဒအပြည့်နဲ့ ကြိုးပမ်းထားတာကိုလည်း တွေ့ရပါတယ်။

ဘာပြုလို့လဲဆိုတော့ သူ့ဝတ္ထုကို ကမ္ဘာ့ပန်းချီကား လေးငါးချပ်နှင့် စဖွင့်လိုက်ပါတယ်။ စာရေးဆရာလည်း အကုန်အစင် မခံစားနိုင်ပါဘူး။ သူ ခံစားရတတ်သမျှ တင်ပြသွားရင်း၊ နောက်ဆုံးပန်းချီကားက လမ်းညွှန်ပြလိုက်လို့ အရပ်မြို့တော်သို့ သွားလည်တဲ့ အကြောင်းဝတ္ထုကိုမျှိုးပြီး၊ ကာတွန်းပုံတွေနဲ့ ဆက်လက်ရေးဖွဲ့သွားပါတော့တယ်။ တကယ်တော့ အရပ်မြို့တော်ဆိုတာ စာရေးဆရာရဲ့စိတ်ကူးနဲ့ ပုံဖော်

ထားတဲ့ ကာတွန်းမြို့တော် ဖြစ်ပါတယ်။ အဲဒီမှာ ခေါင်းစဉ်တွေပေး ထားပါတယ်။ အဲဒီရုပ်ကွက်တွေအလိုက် တစ်ခုပြီးတစ်ခု ဝင်ထွက်လှေ လာတဲ့ပုံစံနဲ့ ကာတွန်းရုပ်တွေကို ဖေါ်ပြပြီး ခံစားရေးပြထားတာပါ။

ဒီတော့ ဆက်ပြောရရင် မော်ဒန်စာပေဟာ မော်ဒန်ပန်းချီနဲ့ ဆက်နွှယ်နေတာကို တွေ့ရပါမယ်။ ဒါကြောင့် မော်ဒန်ပန်းချီအကြောင်း ကို တိုတိုနဲ့ လိုရင်းကို ဖေါ်ပြခဲ့ပြီးပြီ။ ဒီမှာ စာရေးဆရာ ဘာလုပ်ထား သလဲ၊ ဘယ်က နည်းယူထားသလဲ၊ သူ အားထုတ်ထားပုံက ဘယ်လို လဲ။

စာရေးဆရာက ကျူဘစ်ဇင်ဝါဒမှာ နည်းတစ်နည်းဖြစ်တဲ့ ကိုလိတ်နည်းကို ယူထားတာပါ။

ကိုလိတ် (Collage) ဆိုတဲ့ဝေါဟာရဟာ ပြင်သစ်ဘာသာ စကားက လာတာပါ။ နောက်ပြီး ဒီနည်းကို ပီကာဆိုက စတင်တယ် လို့ သိရပါတယ်။ ပီကာဆိုရဲ့လက်ရာ Still Life With Chair Caning, 1912 ပန်းချီကားရဲ့ထူးခြားချက်က စတင်ပါတယ်။ ကင်း ဗတ်စ်ပေါ်မှာ အဝတ်စတွေ၊ ကြိမ်တွေနဲ့ ဖန်တီးထားတာပါ။ တချို့ နေရာတွေမှာ ကော်နဲ့ တိုက်ရိုက် ကပ်ထားတာကို တွေ့ရပါတယ်။ ပီကာဆိုဟာ အစစ်အမှန်နဲ့ ဟုတ်ယောင်ထင်မှုအကြား မပီဝိုးတဝါး အမြဲတမ်းရေးဆွဲလေ့ရှိပါတယ်။

ပထမကမ္ဘာစစ်ကြီး ပြီးတဲ့နောက်မှာ ဒါဒါဝါဒီတွေကလည်း ကိုလိတ်နည်းကို ပြောင်းလဲမွမ်းမံ တည်ထွင်ပြီးတော့ ရေးဆွဲကြပါတယ်။ တစ်ချိန်တည်းမှာပဲ ဆာရီယယ်လစ်ဇင်ဝါဒီတွေကလည်း ကိုလိတ်နည်းကိုပဲ ယူပြီးတော့ အာရုံခံစားမှုကို ရောင်ပြန်ကာ၊ စိတ္တဗေဒကို လိုက်ဖက်ညီအောင် အလွန်အကျူးခြယ်မှုန်း ရေးသားကြပါတယ်။ ဒါ့အပြင် ဂျာမန်ဒါဒါဝါဒီတွေကလည်း ဓာတ်ပုံအပိုင်းအစတွေကို အသုံးပြုပြီး ကိုလိတ်နည်းကို တစ်မျိုးတီထွင် ကြံဆ ရေးဆွဲကြပါတယ်။ ဒါကို **ဖိုတိုမွန်းတပ်ချ် ( Photomontage ) လို့ လူသိများကြပါတယ်။**

စစ်ပြီးခေတ်နောက်ပိုင်းကျတော့ ကိုလိတ်နည်းကို **အမျိုးမျိုး အဖုံဖုံ** ကွဲပြားခြားနားစွာ အသုံးပြုလာကြပါတယ်။ ဂျက်စပါ**ဂျွန်** (Jasper John) ဆိုတဲ့ ပန်းချီဆရာကလည်း သူ့ရဲ့စိတ်ကူးရုပ်ပုံအလံနှင့် ပစ်မှတ်ဆိုတဲ့ ပန်းချီကားရဲ့ ဘက်ဂရောင်းနောက်ခံကို ကိုလိတ်နည်းနဲ့ သတင်းစာစက္ကူ အပိုင်းအစတွေ ဖြတ်ညှပ်ကပ်ပြီး ရေးဆွဲထားပါတယ်။

ထို့နောက် Pattern and Decoration ခေါ်တဲ့ ဒီဇိုင်းနှင့် မွမ်းမံခြင်း အနုပညာရှင်များ ဖြစ်ကြတဲ့ မီဒီယမ်ရှက်ပီရို ( Mirian Schapim ) ရော်ဘတ်ကူချနား ( Robert Kuchner ) ကင်မ်မက် **ကွန်နယ်** ( Kim Mac Connel ) တို့က ကိုလိတ်နည်းနဲ့ စုတ်ချက်

အရောင်ပြင်းပြင်းတင်ပြီး စိတ်ခံစားမှုကို ဖော်ကျူးကြတယ်။ စစ်ပြီးနောက် ရိုမေယာဘီယာဒင် ( Romare Bearden ) အပါအဝင် အချို့အနုပညာရှင်များကလည်း ကိုလိတ်နည်းမှ အဆီအနှစ်ကို ထုတ်ယူအသုံးပြုကြတယ်။ ကိုလိတ်ရဲ့ ပင်မရေးနည်းကတော့ အဖိုးမတန်အသုံးမကျတော့တဲ့ မဂ္ဂဇင်းအဟောင်းတွေ၊ မြေပုံတွေ၊ အဝတ်စတွေကို စီကာစဉ်ကာ နေရာတကျ ထားသိုအသုံးပြုပြီး ဖန်တီးတာ ဖြစ်ပါတယ်။

အဲဒီလိုပဲ တာရာမင်းဝေဟာ သူ့လုံးချင်းဝတ္ထုတွေကို ကာတွန်းရုပ်ပုံတွေ၊ ပန်းချီကားတွေ၊ ကဗျာတွေ၊ ပြဇာတ်ထဲက စကားတွေနဲ့ ရောနှောအသုံးပြု ရေးဖွဲ့ခြယ်မှုန်းထားတာပါ။

တခြားသူတွေရဲ့ အနုပညာပစ္စည်းတွေကို သူ့စိတ်ကူးနဲ့မွမ်းမံခြယ်သထားတာ ဖြစ်ပါတယ်။ ပန်းချီမှာဆိုရင်တော့ ဖြတ်စညှပ်စတွေကို အသုံးပြုထားသလိုပါ။ သူကတော့ ပန်းချီကားက နည်းနည်း၊ ကာတွန်းက နည်းနည်း၊ ရေးတေးထပ်ကဗျာတွေက နည်းနည်း၊ ပြဇာတ်စကားတွေထဲက နည်းနည်း။ အဲဒီလို ဟိုနည်းနည်း ဒီနည်းနည်း ယူပြီး ရေးသားထားတာပါ။ ဒါကြောင့် ဖြတ်စညှပ်စအနုပညာလို့ သုံးနှုန်းလိုက်တာပါ။ ဒါ့အပြင် "ကိုလိတ်ဝတ္ထု" ( Novel of Collage) လို့ ခေါ်ဆိုနိုင်မယ် ထင်ပါတယ်။ ဒါဟာ မြန်မာပြည်မှာ ပဏာမဦးဆုံး ကိုလိတ်မော်ဒန် ဝတ္ထုရှည်ကြီး၊ ပုံစံသစ်၊ ဝတ္ထုသစ်ပါပဲ။

သမားရိုးကျ အစဉ်အလာလမ်းက ခွဲထွက်လာတဲ့မော်ဒန်ဝတ္ထုရှည်ကြီး၊ ပုံစံသစ်၊ ဝတ္ထုသစ်ပါပဲ။ သမားရိုးကျအစဉ်အလာလမ်းက ခွဲထွက်လာတဲ့ မော်ဒန်ဝတ္ထုရှည်တစ်ပုဒ် ဖြစ်ပါကြောင်း။

(၅)

**စာပေခရီးသစ်၏ မှာန်နတ်များ**

ဝတ္ထုကို မဝေဖန်မသုံးသပ်မီ ဒါနဲ့စပ်လျဉ်းတဲ့အတွေးတစ်စ ပေါ်လာပါတယ်။ ဘာလဲဆိုရင် နိုင်ငံတကာမှာရှိတဲ့ မော်ဒန်ပန်းချီဆရာတွေအကြောင်းရေးပြီး၊ ကိုယ့်နိုင်ငံက ပန်းချီဆရာတွေအကြောင်းကို ချန်လှပ်ထားခဲ့ရင် တော်ကာကျပါ့မလား၊ သဘာဝမကျဘူး ထင်ပါတယ်။ အထူးသဖြင့် "ကိုလိတ်နည်း"ကို ဒီမှာလည်းအသုံးပြုတဲ့ ပန်းချီဆရာတွေ ရှိပါတယ်။ ကျွန်တော် သတိပြုမိတာကတော့ ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာ အောင်နိုင်လတ်ပါပဲ။

သူ့အကြောင်းတချို့ဟာ ကျွန်တော့်ကို မေ့မရအောင် ကျွန်တော့်အတွေး၊ ကျွန်တော့်ရင်ထဲ၊ ကျွန်တော် ဖြတ်သန်းမှုတွေထဲမှာ ခွန်းပေးနေခဲ့ပါတယ်။ အငတ်ငတ်အပြတ်ပြတ်နဲ့ ပန်းချီဆွဲနေသူ၊ ပန်းချီ

ဆေးမဝယ်နိုင်၍ ပုံနှိပ်ဆေးများကို အသုံးပြုပြီး သရုပ်ဖော်ပုံဆွဲရပုံ၊ ကျွန်တော့်မျက်နှာပေါ်မှာ ပုံရိပ်များက ဖျတ်ခနဲ ဖျတ်ခနဲ။

သူနဲ့ စတွေ့စသိတာ ဘယ်တုန်းကလဲဆိုရင် ကျွန်တော့်ဝတ္ထုတိုလေး "ပျံလော့ငှက်ငယ်" ရုပ်ရှင်အောင်လံမှာ ပါတုန်းကပါ။ ၁၉၇၃ ခုနှစ်လောက်က ဖြစ်ပါလိမ့်မယ်။ အဲဒီကာလဟာ ကျွန်တော့်ဘဝမှာ ကံဆိုးမိုးမှောင်ကျတဲ့ ကာလပါ။ ညာဘက်မျက်လုံး ခွဲစိတ်နေရဦး ကာလပေါ့။ အောင်နိုင်လတ်တစ်ယောက် ကျွန်တော့်ဝတ္ထုပါတဲ့ မဂ္ဂဇင်းကို ကိုင်လို့။ ကျွန်တော့်အိမ်ကိုမေးပြီး ဆေးရုံကို လိုက်လာလို့ပေါ့။ အဲဒီနေ့က ကျွန်တော့်မှာ ခွဲစိတ်ထားတဲ့အရှိန်၊ မေ့ဆေးအရှိန်နဲ့ ဆေးရုံခုတင်ပေါ်မှာ မေ့မြောနေဆဲ။ ညှို့ချိန်မှာ ပန်းချီဆရာလာတယ်။ ကျွန်တော့်ကို တွေ့တယ်။ ကျွန်တော်နဲ့ စကားပြောလို့မရခဲ့ဘူး။ သူဝမ်းနည်းပက်လက်ဖြစ်ပြီး ပြန်သွားတယ်။ မဂ္ဂဇင်းစာအုပ်ကို ဘေးနားကလူမှာတွေကို မှာပြီး ပေးထားခဲ့တယ်။ ကြည့်စမ်းပါဦး။ ကျွန်တော့်အဖြစ်က နောက်နေ့မှ ပြောပြလို့ သိရတယ်။ ကိုယ့်ဝတ္ထုတိုလေးပါတဲ့ မဂ္ဂဇင်းကို သဲသဲကွဲကွဲ ကြည့်ခွင့်မရခဲ့ဘူး။ ကြည့်မှာစိုးလို့ ဆရာမတွေက သိမ်းထားလိုက်တာကိုး။

နောက်တစ်ခါ အမှတ်တရကတော့ ကျွန်တော့်ကဗျာစာအုပ်လေး "ပဋိပက္ခမျက်နှာသစ်" ထုတ်တဲ့အခါမှာ သူက ပန်းချီသရုပ်

ဖော်ပုံဆွဲပေးတယ်။ အဲဒီမှာ လူတစ်ယောက်ပုံ။ အနောင်အဖွဲ့တွေက ရှုန်းကန်နေတဲ့ပုံ။ နေလုံးကြီးက နောက်ခံမှာ နီနီရဲရဲကြီး တောက်ပလို့။ ကုန်ဈေးနှုန်းအကြောင်းပါတဲ့ သတင်းစာဖြတ်ပိုင်းကို ဖြတ်ညှပ်ကပ်ထည့်ထားလို့။ ပြောချင်တာက အဲဒီကတည်းက သူ့ရဲ့ပန်းချီလက်ရာမှာ "ကိုလိတ်နည်း"ကို သုံးထားတယ်ဆိုတာပါပဲ။

"ကိုလိတ်နည်း" အသုံးပြုတဲ့ နောက်တစ်ဦးကတော့ ပန်းချီဆရာ မြင့်မောင်ကျော် ဖြစ်ပါတယ်။ သူကလည်း စကားစပ်မိတုန်းက သူ့ရဲ့ဆရာဟာ အောင်နိုင်လတ်ဖြစ်ကြောင်း၊ အောင်နိုင်လတ်နည်းကို သူ ယူပါတယ်လို့ ရိုးသားစွာ ဖွင့်လင်းခဲ့ဖူးပါတယ်။

မြန်မာပြည်မှာ အခုဆိုရင် "ကိုလိတ်နည်း" ကိုသုံးတဲ့ ပန်းချီဆရာတွေ တော်တော်များများ ပေါ်လာနေပြီ ထင်ပါတယ်။ သေသေချာချာ မပြောနိုင်တာကတော့ ကျွန်တော်နှင့်အနုပညာလောကဘို့ထိတွေ့မှု သိပ်မကြာမတင်သေးတာမို့ပါ။

ဒီတော့ သူ့ဝတ္ထုကို သုံးသပ်ကြည့်တဲ့အခါ ဆန်းသစ်တီထွင်မှုကို ကြိုဆိုပါကြောင်း၊ အတော်အတန် ပီပီပြင်ပြင် ဂဃနဏလည်းရှိပါကြောင်း၊ စာဖတ်သူများလည်း လိုက်မီခံစားနိုင်မှုရှိပါကြောင်း၊ ကမ္ဘာ့ပန်းချီတွေဘက် တိမ်းညွတ်အောင် တစ်စုံတစ်ရာ ဩဇာသက်ရောက်ပါကြောင်း၊ စာမဲ့ကာတွန်းတွေရဲ့ အထိမ်းအမှတ်၊ သရော်ချက်၊

အသာအယာတွေကိုလည်း ထုတ်ဖော် ခံစားတတ်အောင် သတိပေး သလိုသဘော သက်ရောက်ပါကြောင်း။

နိုက်နိုက်ချွတ်ချွတ် တွေးတတ် ခေါ်တတ် အရသာခံတတ် အောင် ဆောင်ရွက်ရကျိုးနပ်ပါကြောင်း။ တစ်ခါတစ်ရံစာရေးဆရာတို့ သည် မိမိပရိတ်သတ်ကို ချက်ချင်းမရနိုင်ကြောင်း။ ပရိတ်သတ်ကို တဖြည်းဖြည်း မွေးယူရတာမျိုး ရှိကြောင်း။ သို့သော် ယနေ့လူငယ် စာဖတ်ပရိတ်သတ် ထက်မြက်ကြကြောင်း၊ မကြိုက်သူများရှိမှာ ဖြစ်ကြောင်း။ ကျွန်တော်တို့ ဒလစာအုပ်အငှားဆိုင်များတွင် အရုပ် မြို့တော်ကို ယခင်စာအုပ်တွေလောက် မကြိုက်ဟု ပြောဆိုသံကြားရ ပါကြောင်း။ တစ်ခါတုန်းက ငွေနောက်လိုက်သလို ဖြစ်နေတာထက် စာလျှင် အများကြီး အသိအမှတ်ပြုရမှာဖြစ်ကြောင်း။

တစ်ခုသတိပြုရမှာကိုတင်ပြရလျှင် ဘယ်တော့မှ "လုပ်" ယူလို့ မရကြောင်း။ "ဖွ"လည်း ခဏသာခံကြောင်း၊ ဝိုင်းဝန်း "ပို့"ရတယ်ဆိုလျှင် သိက္ခာကျဖွယ်ရာ အကြောင်းကိုပဲ မြင်မိကြောင်း။ သူ့ပင်ကိုယ်လေးရှိနေတာကို ဖျက်လိုဖျက်ဆီး လုပ်သလို ဖြစ်နေ ကြောင်း။

"အသစ်ကို စမ်းသပ်ရာ၌ ဘာနှောင်ကြိုးမှငဲ့နေစရာမလို ကြောင်း၊ အနုပညာသမားတွင် နှောင်ကြိုးမှလွဲ၍ ဆုံးရှုံးစရာဘာမျှ မရှိပါကြောင်း။

ယနေ့ကာလသည် ပန်းသစ်ပွင့်သောကာလ ဖြစ်ကြောင်း။ ကျွန်တော်တို့ အဟောင်းမှရဲရဲဖောက်ထွက်ရမှာ ဖြစ်ကြောင်း၊ ယခုလို အတွေးသစ် အမြင်သစ်၊ idea သစ်များနဲ့ ဝတ္ထုရှည်များ၊ များများထွက်လာမှ စာပေလောကသစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

"အသစ်"သည် စခါစ၌ ဤကဲ့သို့ပင်ဖြစ်ကြောင်း၊ ဖူးပွင့်စမှာ ခက်ခဲကြောင်း၊ လောင်းရိပ်များကြောင့် ရှင်သန်ဖို့ရာအားသွန်ခွန်စိုက် အားယူရပါကြောင်း၊ သန္ဓေတည်စမှာပင် လက်စတုံးပစ်ဖို့ ဝန်မလေးသည့် စာပေဒိဋ္ဌိများရှိကြောင်း။ ထို့အတူ စာပေသစ်ခရီး၏ မာန်နတ်များလည်း ရှိကြောင်း။

သို့ရာတွင် စာဖတ်သူလူငယ် မျိုးဆက်သစ်များနှင့် တိုးတက်သော စာပေပညာရှင်များ၊ အသစ်လိုလားသော ဝါရင့် စာဖတ်ပရိတ်သတ်များ ရှိပါကြောင်း။ မိမိတို့၏ လတ်ဆတ်သော စိမ်းသစ်သော တီထွင်မှုရှိသော အနုပညာမြောက်သော ပြင်းရှထိခတ်သော အရေးအသားအဖွဲ့အနွဲ့များဖြင့် ဆထက်ထမ်းပိုး ကြိုးပမ်းသွားကြဖို့ တိုက်တွန်းပါကြောင်း။

လူငယ် စာရေးဆရာလေး တာရာမင်းဝေတစ်ယောက် နောက်ထပ် မော်ဒန်ဒဿနအလင်းများ ပေါက်မြောက်ထွန်းတောက်ပါစေ။

ပို့စ်မော်ဒန် ဈာန်များ မှော်များ အဆက်မပြတ်ရပါစေ၊ သူမတူအောင် စွမ်းဆောင်နိုင်ပါစေ။

၂၀၀၀၊ မေလ၊ စတိုင်သစ်

# မောင်မောင်ဇေယျနှင့် ကျိုးဖြိုးကျိုးမည်း လောဂျစ်

မောင်မောင်ဇေယျကို သူတို့အသိုင်းအဝိုင်းက "ဒန်မောင်မောင်"ဟု ချစ်စနိုးခေါ်ကြသည်။ ဒန်အုပ်စုတွင် သူက ရှေ့တန်းတိုက်စစ်မှူးတစ်ဦးအဖြစ် အားကိုးရသောကြောင့်လည်း ဖြစ်မည်ထင်ပါသည်။ သူ၏ ပို့စ်မော်ဒန်ဆောင်းပါးများရဲ့ ထက်မြက်စူးရှမှုများကြောင့်လည်း ပါကောင်းပါပေမည်။ သူ့ရဲ့ "စံ" မရှိဘဲမနေတတ်သူများ" ဆောင်းပါးကို စံနမူနာထုတ်၍ ကြည့်ပါဦး၊ မည်းမည်းမြင်ရာ တိုက်ခိုက်လာသည်ကို တွေ့ရပေမည်။ လောကတွင် "စံ"ဆိုတာ ရှိပါသည်။ ယဉ်ကျေးမှုမှာလည်း ယဉ်ကျေးမှု "စံ" ရှိသည်။ အနုပညာမှာလည်း အနုပညာ "စံ" ရှိသည်။ နိုင်ငံရေးမှာလည်း "စံ" မရှိဘဲဖြစ်ပါအံ့နည်း။

သူကား ၁၉၉၀ တစ်ဝိုက်က ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် "ကိုယ်ဖြစ်ကိုယ်ခံ၊ ကိုယ့်လမ်းကိုယ်လျှောက်" ဆောင်းပါးဖြင့် စာပေလောကသို့ စတင်ဝင်ရောက်လာသူ ဖြစ်သည်။ ဆိုချင်သည်မှာ ပထမ သူ့လားရာသည် အိတ်ဇစ်စတင်ရှယ်လစ်ခေါ် ဖြစ်တည်မှုနှင့် ပဓာနဝါဒလမ်းကြောင်းမှလာခြင်း ဖြစ်သည်။ ယခုတော့ ထောင်ထောင်ထောင်ထောင်နှင့် တဒန်ဒန် ဖြစ်နေပေပြီ။

သူ၏အဓိက ဘဝအငွေ့အသက်ကို ကျွန်တော် သိရှိနေမိသည်။ သူကား ဒဿနိကဗေဒ ဆရာတစ်ဦး ဖြစ်သည်ဆိုတာကိုပင်။ ဖလော်ဆော်ဖါဝိုက် ဖမ်းထားသည်ဟုလည်း ခံစားမိသည်။ ထိုးစံအတိုင်းပင် သူသည် ကိုယ့်လမ်းကိုယ်လျှောက်ရင်း ကိုယ်ဖြစ်ကိုယ်ခံသွားရသည်။ ကျောင်းတော်ကြီး၌ သူနှင့်ကျွန်တော်သည် ကျောင်းနေဘက်များ ဖြစ်သည်။ သူနှင့် အတူနေ အတူစားခဲ့သည်။ သူ့အကြောင်းကိုယ့်အကြောင်း အတော်အတန်သိခဲ့သည်။ ထိုကာလမှအစပြု၍ သူနှင့်ကျွန်တော် အရင်းအချာတွေ ဖြစ်ခဲ့သည်။ ပြောမနာဆိုမနာ ဖြစ်ခဲ့သည်။

အခုတော့ သူကား ဆိပ်ကမ်းသာလမ်းတွင် ကျူရှင်ပြနေသည်ဟု သိရသည်။ သူ သင်သည့် ဘာသာရပ်မှာလည်း သူပိုင်နိုင်သော သူ့ဘာသာရပ်ဖြစ်သော Logic လော့ဂျစ်ပင် ဖြစ်သည်။

(၁)

မောင်မောင်ဇေယျ ဝတ္ထုပြပါရေးသည်ဟု ကြားသောအခါ ကျွန်တော် စိတ်ဝင်စားမိပါသည်။ တိတိကျကျ သိရသည်မှာ သူ့ဝတ္ထု ကို စုစုပေါင်း ၂ ပုဒ်သာ ရှိသေးသည်ဟု၊ ဒါက မဂ္ဂဇင်းတွင် ဖော် ပြပါရှိသော အပေါ်မှာ ပြောခြင်းဟု ကျွန်တော် သဘောပေါက်ပါ သည်။ နောက်ထပ် သူ့တွင်ရေးလက်စရော ရေးပြီးသားများပါ ရှိနေ ပေလိမ့်ဦးမည်။

ထို ၂ ပုဒ်ထဲမှ ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော် အရမ်းမျက်စိ ကျသွားသည်။ ထိုဝတ္ထုကို ဖတ်ရသောအခါ၌လည်း ကော်ဖီခါးခါး သောက်ရသလို ခါးအန်သော အရသာကို ကျွန်တော် ခံစားရပါသည်။ အခြားဝတ္ထုတို မဟုတ်ပါ။ ၁၉၉၉ ခု၊ မတ်လထုတ် စတိုင်သစ်မဂ္ဂဇင်း တွင်ပါဝင်ခဲ့သော "ကော်ဖီသောက်တဲ့ ဆင်ခြင်တုံတရား" ဝတ္ထုတို လေး ဖြစ်ပါသည်။

သူ့ဝတ္ထုသည် သူမြင်သော သူ့ရှုဒေါင့်မှ ရေးထားသော ကော်ဖီဋီကာမျှသာ ဖြစ်ပါသည်။ သူ့ဝတ္ထုတွင် ကော်ဖီနှင့်ပတ်သက်၍ အကြောင်းသုံးချက် ပြထားသည်ကို ဖတ်ရှုရပါသည်။

ပထမအကြောင်းပြချက်မှာ သူ့မိတ်ဆွေတစ်ယောက် သေဆုံး သည်။ သူ မသေဆုံးပါ။ သူ ကော်ဖီသောက်နေသည်။ သူ့မိတ်ဆွေ

ကော်ဖီ မသောက်နိုင်တော့ပါ။ ဒါအတွက် သူ ဝမ်းနည်းနေစရာ မလိုပါ။ သူ့မိတ်ဆွေကတော့ ဝမ်းနည်းနိုင်မည် မဟုတ်တော့ပါ။ သူ့ကော်ဖီခွက်ကို သူ့မိတ်ဆွေက လုသောက်မှာကိုလည်း မစိုးရိမ်ရတော့ ဆိုတာလည်း ပါလိုက်သေးသည်။ သူရေးပုံစတိုင်ကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

"မနေ့က ကျွန်တော့်သူငယ်ချင်းတစ်ယောက် သတင်းစာထဲတွင် သေဆုံးသွားခဲ့သည်။ ဒီနေ့သတင်းစာထဲတွင် ကျွန်တော့်နာမည် ရှာမတွေ့ပါ။ ဒီနေ့သတင်းစာထဲတွင် ကျွန်တော့်နာမည် မပါသေးတာ သေချာပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီနေ့မနက် ကျွန်တော် သောက်နေသောကော်ဖီ ခါးသက်သော အရသာကို ကျွန်တော် ခံစားသိရှိနေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းသည် ကော်ဖီ လုံးဝ မသောက်ဖူးသူ တစ်ယောက်လည်း ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ ဘာမျှ မသေချာလှပါ။ သေချာတာပြောရလျှင် ဒီနေ့မနက် ကျွန်တော့်သူငယ်ချင်းသည် ကော်ဖီ လုံးဝမသောက်ဖူးသူ တစ်ယောက်လည်း ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ ဘာမျှမသေချာလှပါ။ သေချာတာပြောရလျှင် ဒီနေ့မနက် ကျွန်တော့်သူငယ်ချင်းသည် ကော်ဖီ မသောက်တော့ခြင်းပင် ဖြစ်သည်။

( စာ-၉၃ စတိုင်သစ်မဂ္ဂဇင်းမှ )

ဖတ်ကြည့်ပါ။ စာကြောင်းများကို သေသေချာချာခံစားကြည့်လျှင် လော့ဂျစ်ရေးနည်းအတိုင်း ရေးသလို ဖြစ်နေသည်။ ကျွန်တော် ခံစားရသလို ခံစားကြရမည်ဟု ထင်ပါသည်။

နောက်မှတစ်ခါ ဒါကိုရှင်းပါမည်။ သူဆိုလိုချင်တာကို ကျွန်တော် သိကြောင်း ပြောရပါဦးမည်။ ဒါက ဘာလဲဆိုရင် ပို့စ်မော်ဒန် အယူအဆ ဖြစ်သည်။ "အရှိတရား" ကို ရေးပြနေခြင်း ဖြစ်သည်။ ဒီနေ့ သူ လူ့ပြည်မှာ ရှိနေသေးတာကို ဖော်ညွှန်းလိုခြင်းဖြစ်ဟန် တူပါသည်။

ထပ်မံ၍ သူ ဒုတိယအကြောင်းပြချက် ကော်ဖီစာတ်လမ်း တစ်ပုဒ်ကို တွေ့ရပါသည်။ ဒီမှာလည်း သူ့ရဲ့ ယုတ္တိဗေဒ စာမျက်နှာ များကို တွေ့ရပါသည်။

"ကျွန်တော့်မိတ်ဆွေသည် ကော်ဖီ၏ခါးသက်သောအရသာ ကို အလွန်ကြိုက်သူ ဖြစ်သည်။ သူကချစ်သောသူနှင့် သူ့ကိုချစ်သော မိန်းကလေးတစ်ယောက်သည်လည်း သူနှင့်ပေါင်းမိပြီး ကော်ဖီ၏ ခါးသက်သောအရသာကို ခံစားရင်း တစ်သားတည်း ဖြစ်သွားခဲ့ကြပါ သတဲ့။ ထူးဆန်းသည်မှာ ကလေးနှစ်ယောက်ရပြီးနောက် သူ့ဇနီးသည် ကော်ဖီ၏ ခါးသက်သော အရသာကို မကြိုက်တော့ခြင်းပင် ဖြစ်ပါ သည်။

( စာ - ၉၃၊ ၉၄၊ စတိုင်သစ်မဂ္ဂဇင်းမှ )

ဒီလိုနှင့် ကလေးနှစ်ယောက်ရပြီးသောအခါ အကြိုက်ချင်းကွဲပြားလာကြသည်။ သူ့မိတ်ဆွေမိန်းမက ကော်ဖီ မကြိုက်တော့။ အချိုရည်ကို ကြိုက်လာသည်။ သူ့မိတ်ဆွေက ကော်ဖီကိုကြိုက်မြဲ။ ဟိုက ဘယ်လောက် အချိုရည်များ ကြိုက်သွားပါသလဲဆိုရင် အချိုရည်များကိုပင် ဆိုင်ဖွင့်ရောင်းချသည်အထိ သူ့မိတ်ဆွေကတော့ ကော်ဖီကြိုက်ရင်း တစ်ယောက်တည်း ကျန်ခဲ့တဲ့အကြောင်း။

သူက သည်သို့ ပိပိရိရိနှင့် ကော်ဖီအချစ်ဇာတ်လမ်းတို့ကို ဖန်တီးသွားခဲ့ပြန်သေးသည်။ ဒီမှာလည်း အရေးအသားများက အဆိုပြုလိုက်၊ သက်သေပြလိုက်၊ နိဂုံးကို ဆွဲယူလိုက်နှင့် ယုတ္တိဗေဒဆန်ဆန်ရေးဟန်များကို တွေ့ရပေမည်။ ထို့နောက် လူခြောက်ယောက် ကော်ဖီသောက်သည့် အကြောင်းကိုလည်း ဆက်လက်ရေးဖွဲ့ပုံကိုလည်း ဖတ်ကြည့်ပါဦးလေ။

"ဟိုနေ့က သူတို့ခြောက်ယောက်ကိုခေါ်ပြီး ဆိပ်ကမ်းသာလမ်းက "စိတ်တိုင်းကျ" လက်ဖက်ရည်ဆိုင်တွင် ကျွန်တော် ကော်ဖီတိုက်ပါသည်။ ခဝဲခြံရပ်ကွက်နေသူ ကိုစံအုန်းက ကော်ဖီ၏အရသာချိုကြောင်း ပြောပါသည်။ သုဝဏ္ဏရပ်ကွက်နေသူ ကိုစိန်သန်းက ကော်ဖီ၏အရသာ ချဉ်ကြောင်းပြောပါသည်။ ကြည့်မြင်တိုင်ရပ်ကွက်နေသူ ကိုစိုးမြင့်က ကော်ဖီ၏အရသာ ဖန်ကြောင်း ပြောပါသည်။ မြောက်ဥက္ကလာပရပ်ကွက်နေသူ ကိုရဲမြင့်က ကော်ဖီ၏အရသာ ခါး

ကြောင်း ပြောပါသည်။ သာကေတရပ်ကွက်နေသူ ကိုသန်းအုန်းက ကော်ဖီ၏ အရသာစစ်ကြောင်း ပြောပါသည်။ လေးဆယ့်နှစ်လမ်းရပ်ကွက်နေသူ ကိုတင်မြင့်က ကော်ဖီ၏ အရသာငန်ကြောင်း ပြောပါသည်။ ထိုနေ့က ကော်ဖီ၏အရသာ ခြောက်မျိုးဖြစ်နေသောကြောင့် ကျွန်တော် ကော်ဖီ မသောက်ဝံ့တော့ဘဲ လက်ဖက်ရည် ပြောင်းသောက်ခဲ့ရပါသည်။

( စာ - ၉၅၊ စတိုင်သစ်မဂ္ဂဇင်းမှ )

ဒီနေရာမှာ ကျွန်တော် မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းတာကို သွားသတိရမိသည်။ တစ်ယောက်က ဆင်နှာမောင်းကို ယပ်တောင်နှင့်တူသည်။ နောက်တစ်ယောက်က ခြေထောက်ကို တိုင်လုံးနှင့် တူသည်။ ကျန်တစ်ယောက်က ကိုယ်လုံးကိုနံရံနှင့် တူသည်။ အမြီးကို အခြားတစ်ယောက်က မြွေနှင့် တူသည်။ အစရှိသဖြင့် အမျိုးမျိုး အထင်အမှန်းပြောကြသော ပုံပြင်လိုလို ဒဏ္ဍာရီလိုလို ကြားဖူးနေပါသည်။ ဒီပုံပြင်ကိုလည်း ယုတ္တိဗေဒနှင့် ပတ်သက်၍ တစ်ဖက်မှ ပြန်လည်ထိုးနှက်သောအခါများ၌ ကိုးကား အသုံးပြုခဲ့ကြသည်ကိုလည်း ကြားဖူးကြပါလိမ့်မည်။

ဒါ့အပြင် စာရေးသူနှင့် ရင်းနှီးသူများကတော့ သတိပြုမိကြမည် ထင်ပါသည်။ ထုတ်နုတ်ပြထားသော သူ့ဝတ္ထုထဲမှ ကော်ဖီသောက်သူ ခြောက်ယောက်ကို အပြင်နာမည်များ အရင်းအတိုင်း

သုံးထားသည်ကို ဖြည်းဖြည်းဖြန့်စဉ်းစားပါက ဘယ်သူတွေဆိုတာကို ရေးရေးမှန်းဆလို့ ရနိုင်ပါသည်။

ဒီမှာလည်း ကော်ဖီသောက်ပုံသောက်နည်းက မျက်မမြင်များ ဆင်စမ်းတာနှင့် သွားတူနေပါသည်။ ပုံပြင်ထဲမှာလည်း ပုဏ္ဏားက ခြောက်ယောက် ဝတ္ထုထဲက ကော်ဖီသောက်သူတွေကလည်း လူ ခြောက်ယောက်၊ အရေအတွက်ကလည်း အတူတူ၊ ကျွန်တော့် ဥပမာ ပေးက ထိုလူခြောက်ဦးအား မျက်မမြင်ပုဏ္ဏားခြောက်ဦး ဖြစ်သွားစေ သည့်တစ်ဖုံ။

ဆက်လက်၍ သူ့အဖိုးသည် အင်္ဂလန်လုပ်ကော်ဖီခွက်နှင့် သောက်မှ အရသာရှိပုံ၊ သူ့အမေကတော့ ဂျာမဏီလုပ်ကော်ဖီခွက်နှင့် သောက်ရမှ ကျေနပ်ပုံ၊ သူကမူ ဂျပန်ပြည်လုပ် ကော်ဖီခွက်နှင့် သောက် မှ အရသာတွေ့ပုံ၊ သူ့တူ တူမများကတော့ ကြိုက်ရာကော်ဖီခွက်နှင့် သောက်ကြပုံ။ လမ်းထိပ်က ဘယာကြော်သည် ဒေါ်ကုလားမကတော့ နို့ဆီခွက်နှင့်သောက်မှ အရသာရှိပုံတို့ကို ဖော်ပြထားပါသည်။

ထို့ပြင် ကော်ဖီခွက်ကြောင့် ဒုတိယကမ္ဘာစစ် မဖြစ်ပွားခဲ့သော် လည်း တတိယကမ္ဘာစစ်မဖြစ်ပွားနိုင်ဟု မည်သူကမျှ မပြောနိုင် ကြောင်း၊ ယောဦးဖိုးလှိုင်၏ "ဥတုဘောဇနသင်္ဂဟာကျမ်း"တွင် ကော်ဖီ အကြောင်း ထည့်ရေးထား၊ မထား၊ ကားလ်မာက့်စ်၏ အရင်းကျမ်း

ဘွင် ကော်ဖီသည် ပြည်သူတို့၏ ရန်သူဖြစ်သည်ဟု ဆိုမဆို မသိသော်လည်း သီပေါမင်းသောက်ခဲ့သော ကော်ဖီ၏အရသာသည် သူ ဒီနေ့ သောက်သောကော်ဖီ၏ အရသာနှင့် မတူညီနိုင်ကြောင်း၊ ကော်ဖီကို ဦးယန်းရည် ဂဏန်းသင်္ချာထဲမှ သုံးချက်တွက်နည်းအတိုင်း မသောက်ဘဲ "တစ်အပေါင်းတစ် ညီမျှခြင်းတစ်"ဆိုသော သင်္ချာသစ်အမြင်ဖြင့် သောက်ရန် တိုက်တွန်းထားကြောင်း ရေးသားထားပါသည်။

သို့ဖြင့် ဝတ္ထုရေးဆရာသည် သူ့အတတ်ပညာဖြင့် ဝတ္ထုတိုလေးကို အဆုံးသတ်ပုံနှင့် ကော်ဖီစွဲနေသူတို့၏ သဘာဝနှင့် နောက်ပိုင်း၌ ကော်ဖီသောက်ခြင်းကို မည်သို့ကြီးကျယ်ခမ်းနားအောင် ရေးသားရင်း နိဂုံးချုပ်သွားပုံကိုလည်း မြည်းစမ်းကြည့်ကြပါ။

"ထို့ပြင် ဆေးလိပ်လည်း တို၊ နေလည်း ညိုနေပြီ၊ ငါ့ကို ကော်ဖီတိုက်ကြပါ" ဟု တစာစာအော်နေသော ကဗျာဆရာကြီး မောင်လင်းယုန်ကိုတွေ့လျှင် ကျေးဇူးပြု၍ အချိုရည်မတိုက်ရန် အန်တော် မေတ္တာရပ်ခံလိုပါသည်။

( ဓာ - ၉၅၊ စတိုင်သစ်မဂ္ဂဇင်း )

အဲသလို သရော်ကော်တော် အရေးအဖွဲ့တွေလည်းပါရဲ့။ သူ့ဝတ္ထုတိုလေးကိုဖတ်ရတာ ကျွန်တော် ကြားဖူးတဲ့အဖြစ်အပျက်လေးနှင့် သွားတူနေသည်။ ထိုအဖြစ်အပျက်မျိုးကို စာဖတ်သူများလည်း ကြားဖူးကြပါလိမ့်မည်။ တောမှ မလည်မဝယ်နဲ့ အလည်အပတ်

ရောက်လာသူတချို့ ဘူတာကြီးကိုအနားထားပြီး ရှာနေသလို၊ ဟိုမေး သည်မေး လိုက်ပြီးမေးနေသလို ဖြစ်နေသည်။ ထိုအခါ တောကမှန်း သိ၍ တိုင်စီမောင်းသမားက လူလည်ကျပုံမျိုး ဖြစ်သည်။ ရန်ကုန်မြို့ တွင်းကို တမင်တကာ ကားနှင့် မကြာကြာအောင် ပတ်မောင်းပြီး ကားခပိုက်ဆံ များများပိုတောင်းလိုက်ခြင်း အဖြစ်အပျက်နှင့် သွားတူနေ သည်။ သည်လို ကော်ဖီသောက်ခြင်းအကြောင်းကို သူက မသေသေး။ သူ့မိတ်ဆွေက သေသွားပြီ။ ဟိုလူ ကော်ဖီ မသောက်နိုင်တော့။ သူ့ကော်ဖီခွက်ကို လုသောက်မှာမစိုးရတော့။ မနေ့ကသတင်းစာမှာ ဟိုလူ့နာရေး ပါ။ သူ့နာရေး မပါသေး။ ဒီနေ့မနက် ဟိုလူကော်ဖီ သောက် မလာနိုင်တော့။ သူကတော့ ကော်ဖီခါးခါးကို တစ်ယောက် တည်း သောက်နေသည်။ စသဖြင့်ထပ်ခါထပ်ခါ ပတ်ခြာလည်၍ ကျွန်တော် တို့စာဖတ်သူများကို အပ်ကြောင်းထပ် အရေးအသားများ လော့ဂျစ်အယူ အကောက်၊ လော့ဂျစ်ဆင်ခြင်ပုံနည်းများဖြင့် "လှည့် ခွေ"ထားခြင်း မျှသာဟု ခံစားရပါသည်။

(၂)

ကျွန်တော်တို့ ဒဿနိကဗေဒဘာသာရပ် ယူသူတိုင်း Logic ကစ၍ သင်ကြရပါသည်။ ယုတ္တိဗေဒကိုသင်ကြရာ၌ ခြုံယူယုတ္တိဗေဒ နှင့် ထုတ်ယူယုတ္တိဗေဒဟူ၍ နှစ်မျိုးရှိပါသည်။

ခြုံယူယုတ္တိဆိုသည်မှာ "မြန်မာပြည်ကကျီးတို့သည် မည်းကြသည်။ ဥရောပကျီးတို့သည်လည်း မည်းကြသည်။ အာဖရိကတိုက်ကျီးတို့သည်လည်း မည်းကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ ကျီးအားလုံးတို့ မည်းကြသည်" ဆိုသည့် ထုတ်ယူဆင်ခြင်ပုံမှန်နေသည့်အတွက် ဒါ Logic ဖြစ်သည်ဟု သိခဲ့ရဖူးပါသည်။

ထိုကဲ့သို့ပင် မောင်မောင်ဇေယျ၏ ဝတ္ထုတိုအရေးအသားများမှာ Logic သင်ခန်းစာတစ်ခုကို သင်ယူနေရသလို ဖြစ်နေပါသည်။ ဒါကလည်း သဘာဝကျပါသည်။ မောင်မောင်ဇေယျသည် အထက်ပါနိဒါန်းခံခဲ့သည့်အတိုင်း ဒဿနိကဆရာတစ်ဦး ဖြစ်နေပါသည်။ အကျဉ်းဆိုသည်မှာ ဖျောက်ရခဲသော အလေ့တစ်ခုဟု မှတ်ယူမိပါသည်။

ဒီဝတ္ထုလေးကို ဝေဖန်ရမည်ဆိုပါလျှင် ဆောင်းပါးမကျ၊ ဝတ္ထုမက၊ သရော်စာမကျ၊ အက်ဆေးမကျ ဖြစ်နေပါကြောင်း။ ပို့စ်မော်ဒန်ဝတ္ထုတိုဟု ပြောရလောက်အောင်လည်း အရှိတရားကိုရေးဖွဲ့ရာ၌ ပို့စ်မော်ဒန်ပုံစံများနှင့် မကိုက်ညီကြောင်း။ သို့သော် မော်ဒန်ဖြစ်ဖြစ်၊ ရီယယ်လီဇင်ဖြစ်ဖြစ် ရသပါအောင်ရေးရမှာ ဖြစ်ကြောင်း။ "ရသ" သည် အနုပညာလက်ရာတစ်ခု၏ တန်ဘိုးကို အဓိကတိုင်းတာသည့် အချက်ဖြစ်ကြောင်း ဆောင်းပါးတစ်ပုဒ်နှင့် ဆုရထားသူတစ်ယောက်ဖြစ်လင့်ကစား ဝတ္ထုတိုမရေးတတ်သလို ဖြစ်နေကြောင်း။ ပို့စ်မော်ဒန်

သဘောတရားများကို ထုံ့ပိုင်းထုံ့ပိုင်းရေးသားနေသူတစ်ဦး၏ ပို့စ်မော်ဒန် ယောင်ယောင် ယခုဝတ္ထုတိုကား စိတ်ပျက်စရာကောင်းလှပါကြောင်း။

ဒါ ဝတ္ထုတို မဟုတ်ဘူးလားဗျဟု ဇွတ်ပြောလာမည်ဆိုပါက စာပေလောကတွင် မရှိဘူးသော Logic ဝတ္ထုကို အမျိုးအစားသစ် တစ်ခုဟု ကင်ပွန်းတပ်နိုင်ကြောင်း။

ကမ္ဘာပေါ်တွင် ကျီးများအားလုံးမည်းကြသော်လည်း ဩစ တြေးလျတိုက်က ကျီးများမှာ ဖြူကြကြောင်း။ လဒ(လင်းတ) လောက်တော့ ငှက်တိုင်းလှပါကြောင်း။ ဆိုလိုသည်မှာ သရုပ်မှန်ဝတ္ထု ကဗျာများနှင့် ထိုလူပုဂ္ဂိုလ်များအပေါ် ထိကပါးရိကပါး တရား လက်လွတ် ရေးသားချက်များကို မနှစ်မြို့ပါကြောင်း။ သူတို့ထက် တော်အောင် ကောင်းအောင် သစ်အောင် ဖန်တီးရမှာဖြစ်ကြောင်း။ ယနေ့အထိ ပို့စ်မော်ဒန်လောက်တော့ ရီယယ်လီဇင်က အပျော့ပေါ့ဟု ဆိုချင်တာ ဖြစ်ကြောင်း။ အသစ်ကိုကြိုဆိုကြောင်း စတန့်ကိုဆန့်ကျင် ကြောင်း စေတနာကောင်းနှင့် ဝေဖန်ပွင့်လင်းလိုက်ပါတယ်။

၁၉၉၉၊ ဒီဇင်ဘာလ၊ ချယ်ရီ။

## မောင်မောင်ဇေယျ (သို့) စာမဖတ်တဲ့ပိုးဟပ်

မောင်မောင်ဇေယျတို့ စာမဖတ်တာ ရာဇဝင်တွင်လောက်

သ်။ ဒီမှတ်ချက်ဟာ မဟာဝိဇ္ဇာကြီးအတွက် သိပ်ရှက်ဖို့ကောင်းပါ

တယ်။ ခု ကျွန်တော်တို့လည်း ၂၀၀၁၊ စက်တင်ဘာလထုတ် ဟန်သစ် စင်ပိုစီယမ်အပိုင်း(၂)မှာ ရမ်းသမ်းပြောလိုက်ပြန်ပါပြီ။

"ဒီကောန်စထရပ်ရှင်း" ဆိုတာ "ပို့စ်စထရပ်ရယ်လစ် ( Post Structuralist ) တွေရဲ့ နည်းတစ်နည်း ဖြစ်တယ်ဆိုတာကို တောင် မသိတဲ့ကြားက ဝင်ရှုပ်တဲ့အမိကလူ "ဖြိုးထိန်"ကို တုန့်ပြန် ရေးလိုက်တာတဲ့။

ဒါနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်တော်လည်း တစ်ခါဘူးမျှ မဒီကွန်စထရပ်ရှင်းရပါဘူးလို့။ ဘယ့်နှယ်ဗျာ။ သူတို့အချင်းချင်း အရှုပ် တော်ပုံထဲကို ကျွန်တော့် ဆွဲထည့်ရတယ်လို့။

ကျွန်တော်နဲ့ မြင့်သန်းကိစ္စက ရှင်းရှင်းလေးပါ။ မြင့်သန်းက ချယ်ရီကနေ ဖြိုးထိန်ဖြိုးလုံးဆိုပြီး စချတယ်။ ကျွန်တော်က ပြန်လည်ပြီး ဩစတြေးလျရောက် မြင်းကပ်တစ်ကောင်ကို ဇက်ခွန့်လိုက်တယ်။ အမှန်မှာ မြင့်သန်းက ဆရာကြီးဇော်ဇော်အောင်ကို ကျွန်တော်က နင့်နင့် သီးသီး ရေးရပါ့မလားဆိုတာက အခြေခံတာပါ။

အနည်းငယ် ပြန်ပြောရရင် မြင့်သန်းက (Created Power) လို့ ကျွန်တော့်ဆောင်းပါးတစ်ပုဒ်မှာ ထည့်ရိုက်တာကို ထောက်တယ်။ နောက်မွန်းတပ်ချ် ( Montage ) ကိစ္စ၊ နောက် ကိုလိပ် ( Collage) လို့ အသံထွက်တာကို လှောင်ပြောင်ပြီး ဒလပညာရှိကြီးဖြိုးထိန်ရေးမှ

သိပ်တို့၊ ငါးတို့၊ ဖားတို့ဖြစ်တော့တယ်လို့ဆိုပြီး ဟားလိုက်ပါတယ်။ ညာမတတ်ဘဲ စာရေးတတ်တယ်ပေါ့။ ဒါတင် မကသေးဘူး။ ကျွန်တော်နေတဲ့ ဓာတ်ကိုတောင် ထိပါးပုတ်ခတ်ခဲ့ပါတယ်။ ဆက်ပြီး ဘွန်ပြန်နေရင် ဘာမှအကျိုးမရှိတဲ့အတွက် ကျွန်တော် ရေငုံနှုတ်ပိတ် နေလိုက်ပါတယ်။ ပြီးတော့ သူရေးတာတွေကလည်း ရေရေရာရာ ရှိလှတာ မဟုတ်ဘူး။

ဒီတော့ ရှင်းနေပါတယ်။ ဒီကွန်စထရပ်ရှင်းပြဿနာဟာ ဘာရာမင်းဝေနဲ့ မြင့်သန်းတို့ ပြဿနာပါ။ ဒါကို စာဖတ်သူတွေ ဘမင် ယုန်ထင်ကြောင်ထင်ဖြစ်အောင် ဝိန္နပင်ဆွဲထည့်လိုက်တာ ဘင်ရှားနေပါတယ်။ တစ်နည်းအားဖြင့်လည်း စာမဖတ်ပဲ ကြိတ် လိုက်တာပါပဲ။

ဒီအချက်မှာတင် မောင်မောင်ဇေယျက စာမဖတ်တဲ့ပိုးဟပ် တစ်ကောင်ဆိုတာ ပေါ်လွင်နေပါပြီ။

ပို့စ်မော်ဒန်အစော်နံဖို့ဝေးစွ၊ စာပေအန္တရာယ် ကောင်လို့ သတ်မှတ်ကြလိမ့်မယ်။

လိုအပ်တယ်ထင်လို့ ရှင်းပြပါရစေ။ ပထမဦးဆုံးအနေနဲ့ Created Power) လို့ ထည့်ရိုက်လိုက်တဲ့အမှားဟာ ကျွန်တော့်မှာ ဘာဝန်ရှိပါတယ်။ ဘာပြုလို့လည်းဆိုတော့ ကျွန်တော့်ဆောင်းပါးမှာ

မှားသွားတာကိုး။ ဒါကို ကျွန်တော့်အနေနဲ့ ခေါင်းရှောင်လို့ရပါတယ်။ ကွန်ပျူတာစာစီကို လက်ညှိုးထိုးပြလိုက်ရုံပါပဲ။ ယနေ့ ကွန်ပျူတာစာစီတွေ အကျအပေါက်များတာကို လူတိုင်းအသိပဲလေ။ ဟိုတုန်းက ခဲစာလုံးခေတ်ထက်ပိုပြီး စာလုံးအမှားအယွင်းတွေ ဖြစ်ပေါ်နေတာ ယနေ့မဂ္ဂဇင်းတွေမှာ သက်သေခံနေလေရဲ့။

ဒါပေမဲ့ ကျွန်တော် အဲ့သလို တစ်ဖက်ကိုပုံချတာမျိုး မလုပ်ချင်ဘူး။ တစ်ဖက်သားကို မနစ်နာစေချင်ပါဘူး။ ကျွန်တော်တို့မှာ မုဒိတာစိတ်မရှိရင် စာရေးလို့မရပါဘူး။ ဒါကြောင့် လူဆိုတာ မှားနိုင်ပါတယ်လို့ ကျွန်တော် တာဝန်ယူလိုက်တယ်။ ( Creation Power) ဆိုမှ မှန်ပါမယ်။ ဘယ်လိုပဲ ပြင်ပေး ပြင်ပေး။ ဆဲပြီး ဖြစ်စေ၊ ထိပ်ခေါက်ပြီး ဖြစ်စေ၊ ဖနောင့်နဲ့ပေါက်ပြီး ဖြစ်စေ၊ ကျွန်တော့်အနေနဲ့ ရိုကျိုးခံယူပါတယ်လို့ စာဖတ်ပရိတ်သတ်ရှေ့မှောက်မှာ အဓိကအလင်း ရေးသားလိုက်ပါတယ်။

ဆက်ပြီး မွန်းတပ်ချ် ( Montage ) ဆိုတာ ရုပ်ရှင်အတတ်ပညာတစ်ခုပါ။ ကင်မရာရိုက်ချက်နဲ့ ဒီအတတ်ပညာကို ဖော်ကျူးတာပါ။ ရုပ်ရှင်ထဲမှာဆိုရင်ကား မှောက်ခန်းဆိုပါတော့။ ကားက ပက်လက်ကြီးလန်သွားပြီး ကားဘီးကအပေါ်မှာ တဝီဝီလည်နေတာကို ပြလိုက်တယ်။ နောက်တစ်ခန်းကျတော့ ဖန်ကာတွေတဝီဝီလည်နေတာ

ကိုပြပြီး၊ နံရံဖြူဖြူတွေနဲ့ ဆေးရုံဆိုတာကို သိလိုက်ရတယ်။ ဒီမှာလည်း မိဘမေးစား၊ "ဒီလူကြီး ဓနီးရပါစေ" သီချင်းနဲ့ မခင်ပျိုဆိုတာ ကတာကို ဖော်ပြရာကနေ ဖော်ဖော်အောင် မိန်းမရတယ်ဆိုတာ တစ်ဆက်တည်း ပြောချလိုက်တယ်။ အဲဒီလိုအခန်း အကူးအပြောင်း အတတ်ပညာတစ်ခုဖြစ်တဲ့ ရုပ်ရှင်နည်းနာကိုယူပြီး သူတို့ရဲ့မော်ဒန်ဝတ္ထု တွေထဲမှာ ထည့်သုံးတတ်တယ်ဆိုတဲ့သဘော ရေးလိုက်ပါတယ်။ ဒါကို မြင့်သန်းက ကျွန်တော် ဖြီးတယ်ပေါ့။ ဒီနေရာမှ ကျွန်တော့်ကို ရှင်းပြ ရမည့်အစား နင်ပဲငဆ အရေးအသားတွေနဲ့ ကလော်တာ ဆော်တာကို ခံလိုက်ရပြန်ပါတယ်။ ရှင်းပြတာမဟုတ်လို့ရှိရင်လည်း ပကတိအချက် အလက်နဲ့ ထောက်ပြ ပြောဆိုသင့်ပါတယ်။

ယနေ့အထိ ကျွန်တော် စာရေးနေတာ သိပ်တော်သိပ်တတ်လို့ ရေးနေတာ မဟုတ်ပါ။ ကြိုးစားပြီး၊ လေ့လာပြီး၊ ဖတ်မှတ်ပြီး၊ သိတဲ့ တတ်တဲ့သူတွေဆီက နည်းနာခံယူပြီး ကြိုးပမ်းအားထုတ်ခဲ့ရတာ ဖြစ် ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံဝန်ခံရရင် ကျွန်တော်ဟာ အခုထိ အစစအရာရာမှာ ပြည့်စုံကုံလုံမှု မရှိသေးပါဘူး။ အမြဲတမ်းလိုအပ်နေ တုန်း လေ့လာသင်ယူ သင်ကြားနေတုန်းပါပဲလို့။

နောက်တစ်ချက်ဖြစ်တဲ့ ကိုလိပ် ( Collage ) အသုံးထွက်ကိစ္စ ကတော့ ခပ်ပြတ်ပြတ် ရှင်းလို့လည်း ရပါတယ်။ ဒီလိုဆို ကျွန်တော်

မေးမယ်။ ခရူးရှက်တို့ ခရူးရှော့တို့ ဂေါ်ကီတို့ ဝေါ်ရက်ကီတို့၊ ယန်းပေါဆက်တို့၊ တမူးတို့၊ ကမျူးတို့၊ ရိုမန်တစ်တို့၊ ရောမန္တိကတို့၊ ဗန်ဂိုးတို့၊ ဗန်ဂေါ့က်တို့ (အဲဒီ ဗန်ဂေါ့က်အသံထွက်က မောင်မောင်ဇေယျအသံထွက်ပါ) အို ထုတ်နှုတ်ပြရရင် ကွဲလွဲချက်တွေ တလှေကြီး သူတစ်မျိုးငါတစ်ဖုံ အသံထွက်နေတာတွေ ကိုယ့်ဟာန်နဲ့ကိုယ် ရေးချွတ်နေတာတွေကိုကြည့်ပြီး ကျွန်တော့်အပေါ် နားလည်ပေးဖို့သင့်ပါတယ်။ ဒါက ဒေါင့်  ်ဒေါင့်က ရှင်းပြချက်ပါ။

တကယ်က ကျွန်တော် အသံဖလှယ်တာတို့ ဘာသာပြန်တာတို့ကိုလုပ်တဲ့အခါ အကြိမ်ကြိမ်ဂရုတစိုက် မှတ်သားလုပ်ကိုင်ခဲ့တာချည်းပါပဲ။ နာမည်တစ်ခုကို အသံဖလှယ်ဖို့ရာ ကျွန်တော် အကြာကြီးရှာဖွေပြီးမှ အတည်ပြုရေးသားလိုက်တာပါ။

ကျွန်တော့်မှာ ကိုလိပ်လို့ အသံထွက်ရတာနဲ့ပတ်သက်ပြီးနိုင်လုံတဲ့ အကြောင်းပြချက် ရှိပါတယ်။

အစောကြီးကတည်းက ဟိုပြောဒီပြော ပြောမှာ ကြိုတင်သိလို့ကိုလိပ်ကို တံဝမ်းပူနဲ့သတ်ပြီး ပြင်ရေးထည့်လိုက်တာလေး တစ်ခုပါပဲ။

ဘယ်သူ စာဖတ်သလဲ၊ မဖတ်သလဲဆိုတာလည်း ဒီနေရာမှာအထူးပြောစရာ မလိုတော့ပါ။ ကျွန်တော် စာတစ်ပုဒ်ကို ရေးမယ်ဆိုရင်ဘယ်လောက် အပင်ပန်းခံရေးတယ်ဆိုတာ ကျွန်တော့် ပတ်ဝန်းကျင်နဲ့

မိတ်ဆွေတွေသိကြပါတယ်။ လိုအပ်ရင် အမျိုးသားစာကြည့်တိုက်ကို ချောင်းပေါက်မတတ် သွားရတဲ့နေ့ရက်တွေလည်း မနည်းတော့ပါဘူး။

နောက်ပြီး "ဝမ်းစာမရှိဘဲနဲ့ စာရေးတယ်ဆိုတဲ့ မောင်မောင် ဇေယျစွပ်စွဲချက်ဟာ အတော်ပုဂ္ဂိုလ်ရေး ချိုးနှိမ်မှု ဆန်လှပါတယ်။ ကျွန်တော့်ဘက်က သက်သေပြရမှာကတော့ စတိုင်သစ်မှာ ၃ နှစ်တိတိ လစဉ်မပျက်ကွက်ဘဲ ဝေဖန်စာတွေ ရေးနိုင်ခဲ့တာကို ထောက်ပြလိုက်ပါ တယ်။ ထပ်မံထင်ရှားနေတာကတော့ ယနေ့အထိ ကျွန်တော့်ဝေဖန်စာ တွေ မဂ္ဂဇင်းတစ်စောင်တစ်စောင်မှာ မပါတဲ့လရယ်လို့ မရှိသလောက် ဆိုတာကိုပါပဲ။ ပိုးဟပ်ကြီး သိပါစ။ ယခုအခါမှာလည်း ရုပ်ရှင်အမြု တေမှာ လစဉ် ပင်တိုင် ကဗျာခံစားမှု ဆောင်းပါးတွေ ရေးနေတဲ့ အကြောင်း သတင်းကောင်း ပါးလိုက်ပါတယ်။

ဘာဖြစ်လို့ သွားပုပ်လေလွင့် ပြောချင်ရတာလဲ။ ဒီကြားထဲ ဆရာကြီးကလည်း လုပ်ချင်လိုက်သေး။ ကျွန်တော်ကိုများ တပည့်လေး အဖြစ် ရေးပြနေလိုက်တာ စိတ်ကုန်စိတ်ပါးစရာ ကောင်းလှပါတယ်။

ဆက်ပြောရရင် ပိုးဟပ်ကြီးပေးတဲ့ စာရွက်နှစ်ရွက်လောက်နဲ့ များ တာရာမင်းဝေစာအုပ်ကို ရေးရမယ်ဆိုရင် တစ်ကြောင်းနှစ်ကြောင်း လောက်နဲ့တင် ပြီးသွားမှာပေါ့။ တကယ်တော့ ကျွန်တော်ရေးတဲ့ တာရာမင်းဝေစာအုပ် ဝေဖန်ရေးလည်း ပိုးဟပ်ကြီး အစအဆုံး ဖတ်ဖြစ်

မှာ မဟုတ်ပါဘူး။ အေးလေ မဖတ်ဘဲနဲ့ ပိုးဟပ်ကြီးက စာတွေ ရေးနိုင်တာပဲကိုး။

နောက်ပြီး ကိုလိပ်ဆိုတာ ဘာလဲဆိုတာကို မသိဘဲနဲ့ ရေးတယ် ပေါ့။ ဟုတ်ပါ့မလား ပိုးဟပ်ကြီး၊ ၂၀၀၀ ပြည့်နှစ် မေလထုတ်စတိုင် သစ်မဂ္ဂဇင်းမှာ "တာရာမင်းဝေရဲ့ ဖြတ်စညှပ်စများ" ဆိုတဲ့ ကျွန်တော် နှင့် အရုပ်မြို့တော်မှာ ဘယ်လိုရေးခဲ့သလဲ သိလား။ သိချင် ပြန်ဖတ် ကြည့်ပေါ့ဗျာ။ အဲဒီမှာ ပန်းချီအကြောင်းတွေ၊ သံခိတ်လုပ်ပြထားတာ ပါတယ်။ အဲဒီစာအုပ်ထွက်တာ နောက်ကျပြီး ဝေဖန်ရေးတွေ အရင် ပါနေတဲ့အကြောင်း ဖောက်သည်ချထားပါတယ်။ နိဒါန်းမှာ တာရာ မင်းဝေရုပ်ပုံလွှာ ကောက်ကြောင်းအစအနတွေ ဖော်ပြထားပါတယ်။ မြန်မာ့ပထမဦးဆုံး ကိုလိပ်ဝတ္ထုဖြစ်တဲ့အကြောင်း မှတ်တမ်းတင်ထား ပါတယ်။ အဲဒီမှာ ကိုလိပ်ဆိုတာ ပန်းချီမှာတော့ စက္ကူစတွေ အဝတ်စ တွေ ဓာတ်ပုံတွေ သတင်းစာဖြတ်ပိုင်းတွေနဲ့ ပေါင်းစပ်ပါဝင်စေပြီး၊ ပန်းချီကားဖြစ်အောင် လုပ်တဲ့နည်း ဆိုထားပါတယ်။ စာပေမှာလည်း အခြားစာရေးဆရာတွေနဲ့ လက်ရာမွန်တွေထဲက ထုတ်နှုတ်ပေါင်းစပ် ရေးသားတဲ့ အရေးအဖွဲ့ အနုပညာနည်း ဆိုတာလည်း ပါပါတယ်။

ပိုးဟပ်ကြီး သိထားဖို့က ဝေဖန်ရေးသဘောဟာ စာဖတ်သူ ကို ဆွဲဆောင်ဖို့ ထိထိရှရှခေါင်းစဉ်ကိုပဲ ရွေးပါတယ်။ တာရာမင်းဝေ

၏ အရောရောအနှောနှောများလို့ ရေးရရင် ဘယ်သူမှ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ဒါကြောင့် တာရာမင်းဝေ၏ ဖြတ်စညှပ်စများလို့ ထိထိမိမိ လှုပ်လှုပ်ခါခါဖြစ်အောင် ခေါင်းစဉ်တပ်လိုက်တာပါ။

ဒါလေးကိုကွက်ပြီးတော့ ချက်ကျလှပြီအထင်နဲ့ စာပေစင်မြင့်ကနေ အပိုင် "ကစ်"လိုက်တဲ့ လုပ်ကြံမှုဟာ တော်တော်အရုပ်ဆိုးအကျည်းတန်လှပါကြောင်း။

စင်ပိုဆီယမ်မှာ ပိုးဟပ်ကြီးတို့ထင်သလို စီမံခွင့် ရနေတာဟာ မျောက်လက်ထဲ ခဲရောက်နေသလို ဖြစ်နေကြောင်း။

ဒီကွန်စထရက်ရှင်းအရှုပ်တော်ပုံကြီးကလည်း ဘယ်တော့ပြီးမလဲ။ ရှုပ်သထက်ရှုပ်ပြီး မြှုပ်သထက်မြှုပ်သွားမှာ စိုးရိမ်လှပါကြောင်း။

ပို့စ်မော်ဒန် ပြိုကွဲလုနီးပြီလော။ ယခုအခါ ပိုးဟပ်ကြီးရဲ့ တို့မီးရှို့မီး ဖြိုခွဲရေးလုပ်ရပ်များ၊ အရေးအသားများကို သတိချပ်တားဆီးကြဖို့လိုကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်။

၂၀၀၁၊ နိုဝင်ဘာလ၊ ချယ်ရီ။

# ချိတ်ထားသော မြန်မာပြည်ပေါက် ဩစတေးလျရောက် မြင်းကပ်တစ်ကောင်ကို ဇာက်ခွန့်ခြင်း

(၁)

**ဝေဖန်ရေးလော ဆဲရေးလော**

စကားစပ်မိတိုင်း မောင်မောင်ဖေယျက ပြောလေ့ရှိတယ်။ မြင့်သန်း စာရေးတာ ရန့်ဖြစ်နေသလိုပဲတဲ့။ ဟုတ်ပါ့ဗျား…။ မြင့်သန်း စာရေးတာ လမ်းမပေါ်မှာ အကြမ်းလျှာကြမ်းနဲ့ မိန်းမကြီးတစ်ယောက် မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာ မတော်တရော် လုပ်ပြနေသလိုမျိုး။ အံ့ဘွယ်ရာ ယှိသူမရှက် မြင်သူရှက်လောက်ပါပေရဲ့။

မြင့်သန်းက ဖြိုးထိန် "ဖြီးလုံး"လို့ ပြောတာ မှားပါတယ်။ ဖြိုးထိန်ရဲ့ "တီးလုံး"ပါ။ ကျွန်တော့်ရဲ့ လုပတဲ့သံစဉ်များ၊ ထိရောက်စူးရှတဲ့ ခိုင်းနှိုင်းချက်များ၊ ခိုင်မာကျစ်လျစ် ပြည့်စုံတဲ့ အချက်အလက်များနဲ့ တီးလုံးများကြောင့် ဖြစ်ပါတယ်။ တစ်ဖက်က မြင့်သန်းတစ်ယောက် ရွှေ့ရွှေ့ချန် မခံမရပ်နိုင်ဖြစ်ပြီး ခုလိုအမျိုးအမည် မှည့်ခေါ်ရခက်ခဲတဲ့ ဆဲစာ၊ စာကိုမချ လူကိုချတဲ့စာလို့ ရေးလိုက်ခြင်းပါပဲ။

ဒီမှာ မြုပ်ထားတဲ့အချက်ကို ကျွန်တော် ဖော်ထုတ်ပါရစေ။ အဲဒါကတော့ ဇော်ဇော်အောင်နဲ့ မောင်မောင်ဇေယျတို့ကို ကျွန်တော် ပျစ်ပျစ်နှစ်နှစ် ပိုင်ပိုင်နိုင်နိုင် ထောက်ပြဝေဖန်လိုက်တာကို ကြားကနေ မြင်းကမလှုပ်၊ ခုံကလှုပ်လိုက်တာပါပဲ။ ဒီထက် တိတိပပဆိုရင် မြင့်သန်းတစ်ယောက် စာပေကြေးစား လူမိုက်လုပ်လိုက်တာပါပဲ။

သက်သေပြချက်အနေနဲ့ မောင်ရင့်မာ(ကျောင်းကုန်း)က သူ့ရဲ့ ဇော်ဇော်အောင် ချီးမွမ်းခန်းကို ရစရာမရှိအောင် မဂ္ဂဇင်းတစ်စောင်ကနေ တုံ့ပြန်ထောက်ပြလိုက်တာနဲ့ ပတ်သက်ပြီး နှာခေါင်းကျည်မွေ့တွေ့သွားခဲ့ပါတယ်။ ဟိုက ပိုင်နိုင်လွန်းပါတယ်။ ဇော်ဇော်အောင်ဟာ တစ်ခါတုန်းက "လှိုင်းသစ်"မှာ ဘယ်လိုရေးခဲ့တာ၊ ဘယ်လိုရပ်ခဲ့တာ၊ ပြည်သူ့စာပေလို့ ကြွေးကြော်ခဲ့တာ။ ခုကျမှထပြီး ပွဲလန့်တုန်းဖျာခင်းတာ။ ပို့စ်မော်ဒန်လို့ အော်ခဲ့တာတွေကို တစ်တစ်ခွခွ ထင်ထင်ရှားရှား မလှုပ်နိုင်အောင် ကလောင်လက် ဖြောင့်လွန်းတာကြောင့်ပါပဲ။

မြင့်သန်းရဲ့စာပေလောကမှာ ကလောင်ရှမ်းခဲ့တာတွေနဲ့ ပတ်သက်လာရင် သူ့ကို "ပါလေရာ"လို့ ပြောလို့ရပါတယ်။ ကြည့်ပါ။

တက္ကသိုလ်မင်းမော်ကို ကန်

တယ်။ မောင်ရင့်မာ(ကျောင်းကုန်း)ကို ဖဲ့တယ်။ ကိုဇော်ဝင့်(မော်လမြိုင်)ကိုလည်း ကိုယ်လုံးနဲ့ တိုက်တယ်။ ဖွန်မိုးဦးကို မစင်နဲ့ပက်တယ်။ ခင်တွေးကို ရှူးရှူးနဲ့ပန်းတယ်။ ဒီကြားထဲ…ရွှေကူမေနှင်းကိုလည်း နှာနဲ့မှုတ်လိုက်သေးတယ်။ ကျွန်တော့်ကျတော့ ခွာနဲ့ပေါက်ပြန်ရော။

သူဟာ ချိုတပ်ထားတဲ့ မြင်းတစ်ကောင် ဖြစ်နေပါပြီ။ ချိုတပ်ထားတယ်လို့ ဆိုရတာကတော့ သူရေး၍ စာဖတ်သူများမကြိုက်သော ဝတ္ထုတိုပေါင်းချုပ်ဆိုတာကို ဟုတ္တိပတ္တိ ထုတ်ထားတာကိုး။ အဲဒီစာအုပ်ကလည်း အဝယ်မလိုက်လို့ လူကြိုက်နည်းလို့ မရောင်းရဘဲ လှွင့်ပစ်ရတော့မယ့် အတူတူ ခုလောက်ဆို ဆေးလိပ်ခုံကို ဖင်စီခံလုံးဖို့ ရောင်းလိုက်ရပြီ ထင်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့က အားနာပါးနာနဲ့ သူ့ကို စာရေးသူတစ်ယောက်အနေနဲ့ လူ့ယဉ်ကျေးမှုဆိုင်ရာ ကျင့်ဝတ်အရ မည်ကာမတ္တ သိမှတ်ထားခဲ့ကြပါတယ်။ အဲဒီလို ဟိုစပ်စပ်သည်စပ်စပ် အတိုအထွာမဖြစ်ညစ်ကျယ်လေးတွေ ရေးတယ်ဆိုတဲ့အပေါ်မှာ သူဟာမြင်းကို "ချို" တပ်ပေးလိုက်သလို ဖြစ်သွားပါတယ်။ ဒါကြောင့် ချိုတပ်ထား

တဲ့မြင်းတစ်ကောင်လို့ နာမည်ပေး ကင်ပွန်းတပ်လိုက်ရခြင်းပါပဲ။ အဲဒီလို မြင်းကို ချီတပ်မှတော့ မည်းမည်းမြင်ရာ ကန့်ရုံဇွေ့ရုံနဲ့တင် မဟုတ် တော့ဘဲနဲ့ ကိုက်ပါကိုက်လာတဲ့ သဘောကို ဆိုလိုတာပါ။

သူ့အရေးအသားတွေဟာ ကပ်ဖိုးကပ်ဖွဲ့ နိုင်လွန်းတာကြောင့် လည်း မြင်းကပ်လို့ သုံးနှုန်းလိုက်ခြင်းတို့ကိုဖြင့် ရှင်းလင်းပေါ်လွင်လာ လိမ့်မယ် ထင်ပါတယ်။

(၂)

## မြင့်သန်းအတွက် လား ပေါင်းများစွာ

မိန်းမက နွားတစ်ကောင်လို ကြိမ်နဲ့တို့ပြီး စာရေးခိုင်းလို့ စာရေးသူဖြစ်လာရှာတဲ့ မြင့်သန်း၊ သူဟာ ဝါသနာအရမဟုတ်ဘဲ စာပေ ယုံကြည်ချက်အရ မဟုတ်ဘဲ၊ မိန်းမခိုင်းလို့ရေးရတဲ့ ကလောင်ဟာ စာပေလောကအတွက် အားကိုးလောက်ပါ့မလား။ သူ့ဆီက အနုပညာ မြောက်စာတွေ ထွက်လာနိုင်ပါ့မလား။

ဒါနဲ့ သူ့ဝတ္ထုတိုတွေကော ဘယ်လိုအရေးအသားတွေလဲ။ လောဂျစ် အယူအဆောက်တွေနဲ့ ချည်းပဲဆို။ ဘယ်လိုလုပ် ပို့စ်မော်ဒန်

အစုထဲ ရောက်နေရတာလဲ။ သူ့ဖာသာသူ ဆိုင်းဘုတ်ချိတ်တာလား။ သူ့အရေးအသားတွေကကော ပို့စ်မော်ဒန် ဟုတ်ရဲ့လား။ သူ့အရေးအသားတွေဟာ ခဲဆွဲထားသလို လေးလွန်း ရှုပ်ထွေးလွန်းလှတယ်တဲ့။ မြန်မာစာတောင် ဖြောင့်ဖြောင့်မရေးတတ်ဘူးဆို။ ကျွန်တော်နဲ့လုပ်ထားတဲ့ အင်တာဗျူးမှာပဲ၊ သူ မြန်မာစာအားနည်းတာ အတိအလင်းဝန်ခံဘူးတာပဲ။ ''ယနေ့များ'' ဆိုတဲ့ အသုံးအနှုန်းက မြန်မာစာ အသုံးအနှုန်းလား။ ရေချမ်းချမ်းတစ်ခွက်ပေးပါ ဆိုသလိုမျိုးပေါ့နော်။

သူ့အရေးအသားတွေဟာ ငါးစိမ်းသည် ဆန်လွန်းလှချည်လား။ ပညာတတ်ဆို မကျက်တကျက်ပေါင်မုန့် ဖြစ်လိမ့်မည်။ သူတို့ပြန်စာတွေမှန်သမျှ ပညာတတ် အလေနတွေ ရေးသားချက်တွေချည်းပဲ။ ပို့စ်မော်ဒန်ကိုထိရင် မီးပွင့်သွားမယ်တဲ့လား။ မောင်မောင်ဇေယျာဘက်က နာရအောင် သူက မောင်မောင်ဇေယျ ငှားထားတဲ့ စာပေကြေးစားလူမိုက်လား။ ဆိုကြပါစို့ ပို့စ်မော်ဒန်လို့ သူ့ကိုကော သတ်မှတ်လို့လား။ ပို့စ်မော်ဒန်အစော်တောင် နံရဲ့လား။ ပို့စ်မော်ဒန် သကြံန်အမြောက်လောက်တောင် သူဖောက်နိုင်ရဲ့လား။ ဘာမှသုံးလို့မရတဲ့ Poor Logic တွေနဲ့ ရေးထားတဲ့သူ့အရေးအသားတွေကိုရော ဘယ် ချောင်သွားထိုးထားရမလဲ။ ပို့စ်မော်ဒန်ဆိုတာကိုရော သူ နားလည်ရဲ့လား၊ ရောယောင်နောက်လိုက် အမြှောက်ကြိုက်ကလေး လုပ်နေတာလား။

ဒီမှာလည်း သူ့ "လေ"က သူပဲ ပညာတတ်တယ်။ သူ့လောက် ဘယ်သူမှမသိကြဘူးဆိုတဲ့ အမြင်ကိုတွေ့ရပါမယ်။ ဘာမဆိုင် ညာမဆိုင် မြစ်ဝကျွန်းပေါ်ချောင် ကလောင်ဆိုတဲ့ သဘောမျိုးနဲ့ ချိုးနှိမ်ပြီး မောင်ရင့်မာအပေါ် သရော်စော်ကားရေးခဲ့တယ်။ အလားတူ ကျွန်တော့်နေရပ် ဒလနဲ့ပတ်သက်ပြီးတော့လည်း ထိပါးပုတ်ခတ်ရေးခဲ့တယ်။ ဝါးလုံးချေးသုတ်ရမ်းတယ်ဆိုတာ ဒါမျိုးကို ခေါ်တာပေါ့။ အချက်အလက်နဲ့ တင်ပြပြောဆို ဆွေးနွေးရမယ်လို့ ပြောတဲ့သူ့ရဲ့ အပြောနဲ့အလုပ် တခြားစီကို သူ့ပြောဆိုချက်တွေမှာ မငြင်းသာအောင် တွေ့နေရပါပြီ။

"စင်စစ် ခင်ထွေး၏ "နားလည်သလောက်သော အတိုင်းအတာ" သည် ခင်ထွေးအဖို့ နားမလည်နိုင်သလောက်သော အသိတစ်ခု" အဖြစ် ပြောင်းသွားခဲ့ခြင်းဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။" ( စာ - ၈၂၊ ဇွန်၊ ၂၀၀၀ ချယ်ရီ၊ မြင့်သန်း ဆောင်းပါးမှ)

ဒီမှာလည်း ကြည့်ပါ။ ကပ်ဖိုးကပ်ဖဲ့ သူ့ဒဿနိကဗေဒစနစ်အမြင် ဆင်ခြေများ ဖြစ်ပါတယ်။ "ခင်ထွေး၏ နားလည်သလောက်သော အသိပညာပေတံ" တဲ့၊ "မက်စ်ဝါဒီများအနေဖြင့် ငါ့စကားနားရ"။ စတဲ့ ကြွက်နားရွက်ကို ဝက်မှာတပ်၊ ဝက်နားရွက်ကို ကြွက်မှာတပ်တဲ့ လိုရာဆွဲလောဂျစ်နည်းတွေ သုံးထားလေရဲ့။

နောက်ဆုံးအချက်အနေနဲ့ တင်ပြရပါလျှင် ဆရာမောင်သာနိုးနဲ့ ဆရာတက္ကသိုလ်မင်းမော်တို့ရဲ့ ဘာသာဗေဒ အငြင်းအခုံ တစ်ခုအပေါ်မှာ မြင့်သန်းဟာ ဒိုင်လူကြီးလိုလို ထပ်ဆင့်ဝေဖန်ရေးလိုလို သူ့ကို အထင်ကြီးစေချင်တဲ့ သဘောနဲ့လား မသိဘူး။ သူ့ထုံးစံအတိုင်း အစ တစ်စကို ဆွဲထုတ်ပြီး ခပ်တည်တည်နဲ့ ကမ်းကုန်အောင် "ဖြီး" လိုက် "တီး" လိုက်ပြန်ပါတော့တယ်။

"ထိုအပြုအမူမျိုးမှာ ကဗော်ဆိုင်၌လည်းကောင်း၊ အရပ်ပျက် မများအကြား၌လည်းကောင်း ပိုမိုတွေ့ရတတ်ပါသည်။ ပညာရှင်ပညာ တတ်တို့၏ အဝန်းနယ်ပယ်အတွင်း ထို ကျွန်တော်ဇော်ဇော်အောင် အရေးအသားကို ( Interlocutor ) အနေနဲ့ ရေးသားတာ ကိုဇော်ဇော် အောင်ကို ချိုးနှိမ်းရကောင်းလားဆိုပြီး ပြန်ရေးထားတာ။ လူကိုအမြင် ကတ်လို့ ချတာကိုး။

သို့သော် အပြုအမူမှာ သိမ်ဖျင်းလှရကား၊ တွေ့ရခက်ခဲပါ သည်" (စာ - ၉၈၊ အောက်တိုဘာ ၉၈ စတိုင်သစ် မြင့်သန်းဆောင်း ပါးမှ)

ကြည့်ပါဦး၊ အဲဒီဆောင်းပါး ခေါင်းစဉ်ပေးပုံကအစ "ပညာ ဘတ်၏ အဆိုအဆဲ"တဲ့။ ဆရာမင်းမော်ကို ထိပ်ပုတ်ခေါင်းပုတ် လုပ်လိုက်ပုံများ သူ့တပည့်လေး ကျနေတာပဲ။ ဒီလောက်ဆို မြင့်သန်းရဲ့ အလောင်ရမ်းကားပုံတွေကို ခြုံငုံမိလောက်ပါပြီ။

မြင့်သန်းက ကြားထဲကနေ ဝင်ရှုပ်တဲ့ဆောင်းပါး ထဲက နမူနာဖော်ပြလိုက်တာပါ။ (လူကြီးကို နွားနဲ့နှိုင်းတာ ဘယ်ကောင်းလိုက်မလဲဗျာ။)

"သို့ရာတွင် ရွှေကူမေနှင်း ရေးသားတင်ပြထားသည်မှာ ဝတ္ထုသို့မဟုတ် ကဗျာတစ်ပုဒ်မဟုတ်ပါ။ "စာရေးချင်သူများသို့" ဟူသော ခေါင်းစဉ်အောက်တွင် ကျွန်တော်ကဲ့သို့ စာရေးချင်သူကလေးများ အသိပညာတစ်စုံတစ်ရာ ရရှိရေးအတွက် စေတနာသုံးတန်နှင့် တစ်မတ်သား ပြဌာန်း၍ ရေးသားခဲ့သောစာတစ်ပုဒ် ဖြစ်ပါသည်။"

"သို့ဖြစ်ရကား ကျွန်တော်ကဲ့သို့ မြန်မာစာပေ၏ ရေးသားခြင်းလောကအတွင်းသို့ ဝင်ရောက်လာစ (ယခုမှ အံဆုံးပေါက်ရုံ သွားဖုံးယောင်စ ရှိသူများအဖို့ ...ကိုက်မရ၊ ဝါးမရသဖြင့် မြုံမရ ဖြစ်နေခဲ့ရပြန်ပါသည်။"

(စာ - ၁၃၉ ဇန်နဝါရီ ၉၉၊ စတိုင်သစ်၊ ရွှေကူမေနှင်း ပြန်လည်တင်ပြသော တောမတ်စ်ဖလင်မင်း၏ အရေးအသားဆောင်းပါးမှ)

"တုံးပေကတ်သတ် အရေးအသားကိုမူ တန်ဖိုးမထားနိုင်ပါ။ လူကို အမြင်ကတ်ရုံ သက်သက်ဆိုသော နှစ်တစ်လက်မတစ်ချောင်းသာ ရှာထားပြီး ကျွန်တော်နှင့်တွေ့သည့်အခါ ရိုက်နိုင်ရန်သာ အားထုတ်စေချင်ပါသည်။" ( စာ ၁၆၆၊ ရွှန်၊ စတိုင်သစ်၊ ရွှန်မိုးဦးသို့ ပြန်ကြားစာမှ)

ဒါက ဂီတကဗျာ ကော်ပီကဗျာ အဲဒီမှာလည်း နားမလည် ပါးမလည်နဲ့ မြင့်သန်း ဝင်ရှုပ်တာပါပဲ။ ရွှန်မိုးဦးရဲ့ဝေဖန်ရေးကို ဗုံမဟုတ် ပတ်မဟုတ် ဝေဖန်ရေးလို့လည်း ရင့်သီးစွာ ပြောခဲ့ပါတယ်။ တကယ်က မြင့်သန်းဟာ ရှင်အဂ္ဂသမာဓိနဲ့ ရှင်ဥတ္တမကျော်တို့ကိုတောင် ခွဲခြားမသိဘဲ၊ မှားယွင်းပြောဆိုခဲ့တဲ့သူပါ။ အဲဒီမှာ ကိုဇော်ဝင့် (မော်လမြိုင်)ကိုလည်း တို့ခတ်လိုက်သေးတယ်လေ။

"မြစ်ဝကျွန်းပေါ်ဘက်ကဆို ထင်ပါရဲ့။ ကျွန်တော် ဇော်ဇော်အောင် အရေးအသားကို (Interlocutor) အနေနဲ့ ရေးသားထားတာ ကိုဇော်ဇော်အောင်ကို ချီးမွမ်းရကောင်းလားဆိုပြီး ပြန်ချေထားတာ။ လူကို အမြင်ကတ်လို့ ချတာကိုး။ ဒါမျိုးကျတော့ ပြန်ရေးနေလို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး။ ကျွန်တော်ရေးတာကိုမှ နားမလည်နိုင်လေတော့ နားလည်နိုင်လောက်တဲ့အဆင့်ရှိပုံ မပေါ်လေတော့"။ ( စာ-၇၂၊ ရွှန်လထုတ် ၉၉၊ စတိုင်သစ်မဂ္ဂဇင်း မြင့်သန်းရဲ့အင်တာဗျူးပါ ပြောကြားချက်မှ )

ပို့စ်မော်ဒန်ဆိုတာ ကျယ်ပြန့်သလား။ ကျဉ်းမြောင်းသလား။ ဝိုက်ဂျင်းဂဏာဆန္ဒစွဲ၊ အုပ်စုစွဲ မရှိရ။ စတန့်ထွင်တာ၊ အဆန်းထွင်တာ ပို့စ်မော်ဒန် မဟုတ်။ အနုပညာအတွက် သက်သက်ဆိုတာ ပို့စ်မော်ဒန် မဟုတ်။ ဘာအတွက်မှ မဟုတ်ဆိုတာ ပို့စ်မော်ဒန်မဟုတ်။ အဟောင်းဆိုပြီး သိမ်းကျုံးတိုက်ခိုက်တာ ပို့စ်မော်ဒန်မဟုတ်။ နားမလည်ရင် မဖတ်နဲ့ဆိုတာ ပို့စ်မော်ဒန် မဟုတ်။

အင်္ဂလိပ်စာတတ်မှ စာရေးရမှာလား။ အင်္ဂလိပ်စာတတ်တယ် ဆိုတဲ့ ဆရာကြီးမြင့်သန်း၊ ဘာတွေ ဘာသာပြန်ပြီးခဲ့ပြီလဲ၊ မှားတယ် လို့ ပြောခွင့်ရှိသလို၊ မှားခွင့်လည်းရှိတယ် မဟုတ်လား။ လူဟာ မမှားနိုင်ဘူးလား။ ဖြိုးထိန်က "ဘို" နဲ့ စပ်ကျထားတာ မဟုတ်ပါ။ မြင့်သန်းက မြန်မာမှဟုတ်ရဲ့လား။ ဘိုကပြားလား(မဟေသီမှာ ဓာတ်ပုံ ကို တွေ့လိုက်ရလို့ပါ)။ သူ့စာအရေးအသား တော်တော်များများမှာ ယနေ့စာရေးနေတဲ့ စာရေးဆရာကြီးငယ် တော်တော်များများကို သရော် လှောင်ပြောင် ပုတ်ခတ်ထားတာတွေ ရှိတယ်။

သူဟာ စာပေသမားအစစ်လား၊ အတုလား။ စာပေသမား အစစ်ဆိုရင် မိမိရှေ့ကသူတွေကို လေးစားရပါမယ်။ Duc Respect ရှိရမယ်။ သူ့ကိုယ်သူ အတော်ဆုံးအတတ်ဆုံး၊ အကောင်းဆုံး ထင်နေတဲ့သူ။ သူ့အရေးအသားတွေကိုကြည့်ရင် သိနိုင်တယ်။

မြင့်သန်း "စံ"၊ မြင့်သန်း "ပေတံ" ဘာ "စံ" ဘာ "ပေတံ" လဲ၊ ညစတြေးလျ "စံ"လား။ ညတြေးလျ "ပေတံ" လား။ ဒီထက်ပြောရရင် "အနောက်စံ"လား၊ "အနောက်ပေတံ" လား။

(၃)

## ကလောင်ရှမ်းကားပုံ

ဝတ္ထုတိုကလေးတွေလောက် ရေးသားနိုင်သော မြန်မာစာရေးသားခြင်းနယ်ပယ်၏ ရေမျောကမ်းတင်မြင့်သန်းရဲ့ ပေါက်ပန်းဈေးဆောင်းပါးတွေထဲက ပေါက်လွှတ်ပဲစား ရေးသားပြောဆိုချက်တွေကို စာဖတ်သူများရှေ့မှောက် ကောက်နှုတ် ဖော်ပြလိုက်ပါတယ်။

ဒီတော့ကော…မြင့်သန်းဟာ မြင်းရိုင်း၊ မြင်းဆိုး၊ မြင်းညစ်၊ မြင်းကပ်တစ်ကောင်ဆိုတာ ထင်ရှားနေပါပြီ။ ဒီအတိုင်း လက်ပိုက်ကြည့်နေမယ်ဆိုရင် စာပေလောကအတွက် ရင်မောစရာဖြစ်ပေတော့မယ်။ ထို့ကြောင့် စာဖတ်သူများအား "မြင့်သန်းဘာလဲ"ဆိုတာကို အကျဉ်းချုံးတင်ပြပြီးနောက် ဩစတြေးလျရောက် မြန်မာပြည်ပေါက် မြင်းကပ်တစ်ကောင်အား နောင်ကျဉ်အောင် ကလောင်လက်နက်ဖြင့် စက်ခွန့်ဆုံးမလိုက်ရပါကြောင်း။

၂၀၀၀၊ ဩဂုတ်လ၊ ချယ်ရီ

# ဘာမှအသုံးမကျသော ဇော်ဇော်အောင်

## အခန်း (၁)

"ကတ္တီပါလွှမ်းချင်းနှင့် အခြားဝတ္ထုတိုများ" အမည်ရှိ စာရေးဆရာငါးဦးရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှ ဆရာဇော်ဇော်အောင်ရဲ့ "ယုဇနမခင်ပျို" ဝတ္ထုတိုကိုဝေဖန်မှာ ဖြစ်ပါတယ်။

ဝတ္ထုတိုလေးအကြောင်းကို အရင်ပြောရရင် တိုတိုတို့နလေးပဲ။ ဟိုတစ်ကွက်၊ ဒီတစ်ကွက်၊ ခြယ်ရေးထားတာပါ။ အဲဒီမှာ စာရေးဆရာနဲ့ အချစ်၊ အနုပညာ၊ ဘဝ၊ လောကအမြင်တွေကို တောက်လောင်ပေါက်ကွဲသံတွေနဲ့ သွန်းလောင်းထားပါတယ်။

ဒါတွေဟာ ဝတ္ထုထဲက ဇော်ဇော်အောင်ရဲ့ကောက်ကြောင်း တွေပေါ့။ ထိုနည်းတူ သူ့အချစ်ကလဲ လှုပ်ခါနေတယ်။ ဘယ်လိုလဲ ဆိုရင် အိပ်ရာဝင်ကြတော့ တစ်ဖက်လှည့် အိပ်ချင်ယောင်ဆောင်နေတဲ့ မသီတာရဲ့မေးရိုးလေးကို ဖွဖွညင်သာ နမ်းလိုက်တဲ့အခါမှာတော့ မခင်ပျိုကို သတိမရတော့ဘူးတဲ့။ ဒါပေမဲ့ သူ့ဖာသာကြိတ်ပြီး အခါခါ မေးမိတဲ့ မေးခွန်းနှစ်ခု။ သီတာ့ကို ချစ်သလားမေးတဲ့ အခါမျိုးမှာ အဖြေဟာ တွဲဆိုင်းဆေဲနေတယ်။ မခင်ပျိုကို ချစ်သလားလို့မေးတဲ့အခါ အဖြေဟာ ပါးစပ်ဖျား မရောက်ခင် ရင်ထဲကဖြေပြီးသွားပြီတဲ့။

"မခင်ပျိုကို ကျွန်တော် ချစ်တယ်။ ဘယ်လိုလဲရှင်လို့ မေး မလို့လား။ မမေးနဲ့ မခင်ပျို။ ချစ်တယ်ဆိုတာ ရှင်းပြဖို့မဟုတ်ဘူး။ သက်သေထူဖို့ မဟုတ်ဘူး။ ရှင်းပြလို့လဲ ရချင်မှရမယ်။ ထူစရာသက် သေလည်း ရှိချင်မှရှိမယ်။ ရှိတယ်ထားဦး၊ ယုံလောက်အောင်လည်း ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ ချစ်တာဟာ ချစ်တာပါပဲ။ ချစ်တယ်ဆိုတာ ချစ်တာပါပဲ မခင်ပျို" (စာ ၂၁၊ ၂၂)

အချစ်မှာ ချစ်တာတစ်ယောက် ညားတာတစ်ယောက် ဖြစ် တတ်တာပဲလေ။ ဒါကြောင့် ချစ်တိုင်းမညား၊ ညားတိုင်းမချစ်လို့ဆိုကြ တာပေါ့။ ဒီလို ဖြစ်ရိုးဖြစ်စဉ်သမားရိုးကျ အချစ်ဇာတ်ဝင်ခန်းကိုမှ လှပတဲ့ စကားပြေနဲ့ ပစ်ပေါက် ကြဲဖြန့်လိုက်တဲ့အခါကျတော့ စွဲမက် စဖွယ်ဖြစ်သွားတယ်လို့ ဆိုရမလား မသိ။

အဆုံးသတ်ကလေးနဲ့ကိုလဲ ပဟေဠိဆန်တာလား။ စာဖတ်ပရိတ်သတ်အတွက် အတွေးကျန်အောင်ပေးခဲ့တာလား မသိ။ ထိထိမိမိ ရှုရှုတတလေးနဲ့ ယုတ္တိမဲ့ ဖြစ်တန်ရာခြေလိုလို။ စိတ်ထဲမှာ ဟိုလိုလို ဒီလိုလိုဖြစ်အောင် ဆွဲဆောင်လှုပ်ဖွ ဖန်တီးသွားနိုင်တယ်လို့ ဆိုရမလား မသိ။

"××× ကကြပါ၊ ဆိုကြပါ၊ အဲဒါတွေအားလုံးကို ဧရာဝတီမြစ်ထဲမှာ ထည့်သိမ်းထားလိုက်မယ်။ ဘယ်တိုင်းပြည် ဘယ်လိုလူမျိုးကမှ လုပ်ကိုင်လို့မရပါဘူး။ ဘယ်သူလာလို့မှ ဖျက်ဆီးလို့မရပါဘူး။ ဘယ်သူလာလို့မှ ပြောင်းလဲပစ်လို့မရပါဘူး မခင်ပျို။ ကဗျာများ အလှအပများနှင့် မခင်ပျို့ ဧရာဝတီမြစ်ထဲမှာ ရှိတယ်။

အငြိမ့်မင်းသမီး ယုဇနမခင်ပျို၊ ဆရာဝန် ဒေါက်တာမသီတာနှင့် ဘာမှအသုံးမကျသော ဇော်ဇော်အောင်တို့သုံးယောက် ကွယ်လွန်သွားကြသောအခါ သူတို့သုံးယောက် အသက်ရှင်၍ ကျန်ရစ်သည်။

(စာ-၂၉၊ ၃၀)

## အခန်း (၂)

ဆရာရဲ့ဝတ္ထုတိုဟာ Realism မဟုတ်ဘူး။ ပို့စ်မော်ဒန်လဲ မဟုတ်ဘူး။ မော်ဒန်ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါတယ်။

"ချစ်တယ်ဆိုတာ ဘာလဲ မခင်ပျို၊ ချစ်တယ်ဆိုတာ ဘာလဲ ဆိုတာကိုမှ ရေရေရာရာမသိဘဲနဲ့ သီတာ့ကို ကျွန်တော် ချစ်သလား မေးလိုက်ရင် အဆင့်ကျော်နေပြီပေါ့။ ကျွန်တော် ဘယ်လိုဖြေမလဲ၊ ချစ်တယ်ဆိုတာ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း။ သစ်ခွပန်းပွင့်လေးလိုလှတဲ့ မသီတာကို ကျွန်တော် ရယူပြီးပိုင်ခဲ့ပြီး၊ ကျွန်တော် သူ့ကိုချစ်သလား၊ ကျွန်တော် သူ့ကိုချစ်သလား" ( စာ-၁၅၊ ၁၆ )

တောင်ကြီးလေးလုံးပိကျသလို ရှောင်မရတဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေ စုပြီးညှပ်ပြီး သီတာနဲ့ ပေးစားလိုက်ကြတယ်။ အဲဒီတုန်းက ဖော်ဖော်အောင်ငြင်းဖို့ မကြိုးစားမိဘူး။ ဒီလိုနဲ့ အချစ်မပါတဲ့ အိမ်ထောင်ရေးကို တည်ဆောက်ခဲ့တယ်။ သူ့ရဲ့အဘိဓမ္မာက အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းဆို။ ခု မခင်ပျိုထက်လှတဲ့ အစစအရာရာသာလွန်တဲ့ ဆရာဝန်မလဲဖြစ်တဲ့ ချမ်းလဲချမ်းသာတဲ့ မသီတာကို ရခဲ့ပြီပဲ။ နှစ်ဦးဂဟေဆက်ကြပြီပဲ။ နှစ်ဦးနှစ်ဖက် ပိုင်ဆိုင်ကြပြီပဲ။ ဘာပြုလို့ မသီတာရင်ခွင်ထဲကနေ မခင်ပျိုကို တစ်ခါတစ်ခါ သတိရနေရတာလဲ။ တမ်းတနေရတာလဲ။ အချစ်ဆိုတာ အလှလား၊ ဘဝလား၊ ငွေလား၊ အချစ်ဆိုတာ အချစ်ပါပဲ။ နှလုံးသားကိစ္စပဲ။ ဒါကို စာရေးသူက အရိပ်အမြွက်ကလေးမျှနဲ့ လှလှပပတင်ပြထား။

"အင်မတန်လှတဲ့ သီတာ၊ ဘာမှပြောစရာမရှိတဲ့ သီတာ၊ ကျွန်တော့်ကို အင်မတန်ချစ်ပုံရတဲ့ သီတာ၊ သူ့ကို ကျွန်တော် ပိုင်ဆိုင်

လိုက်ရပြီ။ မနက်ပိုင်းဆေးရုံကြီးကို လိုက်ပို့၊ နေ့လည် ထမင်းစားဖို့ သွားကြို၊ ပြန်ပို့၊ ညနေကျတော့ ရွှေဘုံသာလမ်းက သူ့ဆေးခန်းကို လိုက်ပို့၊ ဆေးခန်းပိတ်ချိန် ပြန်ခေါ်၊ ကျွန်တော့်အလုပ်က ဒါပါပဲ။

ကျွန်တော့်ဘဝမှာ ဘာမှမလိုပါဘူး။ တော်တော်များများ ပိုနေတယ်။ အပိုဆုံးကတော့ အချိန်တွေပါပဲ။ တလောကလုံး အုတ်အုတ်ကျွတ်ကျွတ် အလုပ်တွေ ရှုပ်နေကြတဲ့အချိန်မှာ ကျွန်တော်က အချိန်တွေကုန်ဆုံးအောင် ကြံရဖန်ရတဲ့အလုပ်ကို လုပ်နေရတယ်"

( စာ - ၁၄၊၁၅ )

အလုပ်မရှိ အကိုင်မရှိတဲ့သဘော ရေးပြထားတဲ့ ဇော်ဇော်အောင်၊ အချိန်တွေကို မကုန်ကုန်အောင်ဖြုန်းနေတဲ့ ဇော်ဇော်အောင်။ အဲဒီ ဇော်ဇော်အောင်ကို မသီတာ ချစ်သမှ သိပ်ချစ်သတဲ့။ တာနော ယကူဘီလူးလို လည်ပင်းမှာဆွဲပြီး ရွှေကြုတ်ထဲ ထည့်ခေါ်သွားချင်သတဲ့။ မျက်စိအောက်က အပျောက်မခံချင်တာဟာ စိတ်မချတာလား၊ သိပ်ချစ်တာလား။

"ကျွန်တော့်ကိုတော့ သူ စိတ်ချတယ်။ ကျွန်တော်ကလည်း ဝီစကီသောက်တာရယ် ဘီလိယက်ထိုးတာရယ်၊ ဘောလုံးပွဲကြည့်တာ ရယ်ကလွဲလို့ တခြားဘာမှ ရှုပ်ရှုပ်ပွေပွေ မရှိပါဘူး။ (စာ-၁၉)

မန္တလေးရဲ့ တန်ဆောင်မုန်းညများ၊ ငွေနှင်းမှုန်မှုန်၊ ကတ္တီပါကားလိပ်၊ ပွဲဈေးတန်း၊ မုန့်မောင်နှမ၊ ဒိုးကင်းညှော်နံ့သင်းပျံ့ပျံ့ ပတ်မသံ၊ စန္ဒရားသံ၊ ပတ္တလားသံ၊ ကြေးနောင်သံ၊ ကသံ၊ ဆိုသံ၊ ယုဇနမခင်ပျို့ အငြိမ့်၊ သူမရဲ့ကဟန်၊ ဆိုဟန်၊ ထဘီနား ခပ်လိုက်ပုံ။

"တခါတုန်းက မခင်ပျို၏ ထဘီအနားခတ်လိုက်ပုံသည် ကျွန်တော်၏အသည်းနှလုံးကို ယူဆောင်သွားဖူး၏" (စာ-၃)

အဲဒီမှာ အငြိမ့်ကြည့်ရင်း ဇော်ဇော်အောင်တစ်ယောက် မခင်ပျိုနဲ့ တွေ့တယ်။ မခင်ပျိုရဲ့ အနုပညာမှာ တိမ်းမူးသွား၊ သူမအငြိမ့်ကရာနောက် တစ်ကောက်ကောက်လိုက်။ စွဲလန်းချစ်သွား။

"ကြည့်စမ်း မခင်ပျို ကော့လိုက်၊ ကွေးလိုက်၊ ညွတ်လိုက်၊ လှုပ်ရှားလိုက်တာနဲ့ လောကကို အသက်ရှူ တစ်ခဏ ရပ်သွားစေနိုင်တဲ့ လက်ချောင်း ဖြူဖြူသွယ်သွယ်ကလေးတွေ သည်လက်ချောင်းကလေးတွေလှုပ်ရှားရင်း ကွေးညွတ်ကော့ပျံတဲ့လက်နဲ့ စပ်လိုက်တဲ့ကဗျာတွေကို ကျွန်တော့်မျက်လုံးထဲမှာ သိမ်းထားတယ် သိလား" (စာ-၉)

အဲဒီလိုနဲ့ ဇော်ဇော်အောင်တစ်ယောက် မခင်ပျိုအပေါ်မှာ အရူးအမူးဖြစ်ခဲ့၊ သူက အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလို့ ယူဆတယ်။ မခင်ပျိုကိုရဖို့ ကြိုးစားတယ်။

စုတ်ချာသော လက်ဖက်ရည်ဆိုင်လေးမှာ သူ့ကိုချစ်ကြောင်း ဖွင့်ပြော၍ ကလေးသို့ နိုးယူထွက်ပြေးသွားချင်သည်ကို သူသိဖို့ကောင်း ပါသည်။ ရွာအချို့ရှင်ထဲမှာ မီးပုံများရှိကြောင်း ယုံပါပြီ။ (စာ-၁၇)

ဒီလို ဇော်ဇော်အောင် ခံစားနေရပြီး တစ်ညသော အငြိမ့်ကရာမှာ မခင်ပျို့ဟာ ဘောကြယ်တွေလက်နေတဲ့ အဖြူရောင်ဝတ်စုံနဲ့ ငှက်ဖြူ လေးတစ်ကောင် အမြီးကော့ထောင်လေးနဲ့လို၊ ယပ်တောင်လေး တဖြတ်ဖြတ်ခတ်လို့ ဇော်ဇော်အောင်ရှိရာ တည့်တည့်ညွှန်ပြီး "မိဘ မေးစား ဒီလူကြီး ဖန်းရပါစေ" သီချင်းကိုဆိုလို့၊ နောက်တစ်နေ့မှာပဲ မိဘပေးစားလို့ ဇော်ဇော်အောင် မိန်းမရခဲ့တယ်။ မသိတာဆိုတဲ့ ဆရာ ဝန်မလေး။

ဒီနေရာမှာ ပြောချင်တာက Montage ကို ယူသုံးတာဆိုတာ အားလုံးလိုလို သိပြီးသားဖြစ်တဲ့အတိုင်း ရုပ်ရှင်ပညာပါ။ ကားနောက် ခန်း ဆိုပါတော့။ ကားက ပက်လက်ကြီးလန်သွားပြီး ကားဘီးအပေါ် မှာ တစီးစီးလည်နေတာကို ပြလိုက်တယ်။ နောက်တစ်ခန်းကျတော့ ပန်ကာတွေ တစီစီလည်နေတာကိုပြပြီး နံရံဖြူဖြူတွေနဲ့ ဆေးရုံဆိုတာကို သိလိုက်ရတယ်။ ဒီမှာလဲ "မိဘပေးစား ဒီလူကြီး ဖန်းရပါစေ" သီချင်းနဲ့ မခင်ပျို့ ဆိုတာကတာကို ဖော်ပြရာကနေ ဇော်ဇော်အောင် မိန်းမရတယ်ဆိုတော့ တစ်ဆက်ထဲပြောလိုက်တာပါ။

ဘာဖြစ်လို့ အဲသလိုပြောရသလဲဆိုရင် Montage နည်းကို သုံးထားတဲ့အပြင် Abstract အရေးအသားတွေကို နေရာတော်တော်များများမှာ တွေ့ရလို့ပါ။ ဥပမာထုတ်ပြရမယ်ဆိုရင်…

"ကျွန်ုပ် ဘာကိုမျှ မလိုချင်ပါ။ ဘာမှ မဖြစ်ချင်ပါဟု လိမ်ညာ၍ ပြောလိုက်သောအခါ ကမ္ဘာပေါ်မှာ အရုက်မဲ့သူတစ်ယောက် တိုးသွားပြီ။ အို…လှလွန်း လှလွန်းပါသည်။ မိန်းမဆယ့်သုံးယောက်ကို တွေ့ရ၏။ သေတ္တာထဲမှာ မြွေအစိမ်းရောင် တစ်ဆယ့်သုံးကောင်ခွေနေသည်။ ဘယ်ကိုသွားကြမည်နည်း။ (စာ-၈)

အဲဒီမှာ ကြည့်ပါ။ အဆက်အစပ်မရှိ ရေးထားတာကို တွေ့ရပါတယ်။ ဒီအပိုဒ်တစ်ခုလုံးကို အပြည့်အစုံ ဖွင့်ဆိုနိုင်မယ် မထင်ပါ။ "မြွေ"ဆိုတဲ့အတွက် ကြောက်စရာကောင်းတာ၊ ကောက်ကျစ်စဉ်းလဲတာလို့ ခံစားနိုင်ပါတယ်။

"အရာအားလုံးသည် ကဗျာ ဖြစ်သည်။ ခင်ပျိုသည် ကဗျာဖြစ်၏။ ကဗျာရည်ရွယ်ချက်နှင့် ရည်ရွယ်ချက်သို့ရောက်အောင် ပို့ဆောင်တာကို အပန်းတကြီး ရှာဖွေကြသူများ ကျွန်ုပ်နှင့်ကြမ်းတမြေးတည်း မထိုင်ကြနှင့်။

အပြင်ဘက်မှာ နပျိုသောနှင်းဆီရနံ့များ ကြိုင်လှိုင်စွာ ကူးခတ်လွင့်မျောလျှက် ရှိနေသည်။ အခန်းတွင်းက အံဆွဲထဲမှာ ဗိုးဟာမ်

တစ်ကောင်၊ ပျို့ဟောင်းတစ်စောင်နှင့် ပင်အပ်တစ်ထုပ် ရှိသည်။ လူတစ်ယောက်သည် ကဗျာဆိုသောအရာကို မားမဖြင့်နုတ်နုတ်စင်း၍ ဤကဗျာကောင်းသည်ဟု ပြော၏။

နောက်တစ်ယောက်က ကဗျာကို မတို့မထိ အဝေးကပြော၍ ကောင်းသည်ဟု ပြော၏။ ဟိုလူနှစ်ယောက်စလုံးကို ကျွန်ုပ် ကားစင်တင်၍ ကွပ်မျက်လိုက်ပြီ။

ကဗျာဆိုသည်မှာ မည်သည့်အတွက်ဖြစ်သည်ဟု မည်မျှပင် ပြောကြစေကာမူ ဉာဏ်တိမ်သူများအတွက် မဟုတ်သည်က သေချာသည်။ (စာ-၂၂၊ ၂၃)

ဒါဟာ ကဗျာနဲ့ပတ်သက်တဲ့ ဇော်ဇော်အောင်ရဲ့ သဘောထားအမြင်ပါ။ နေဝင်ချိန် သူတောင်းစားတို့ရဲ့ ဆုတောင်းသံ၊ ကြက်သားဆီပြန်ဟင်း၊ ဆယ်နှစ်ကြာမှ ပြန်ဆပ်သောအကြွေးငါးကျပ်၊ အမေ၏ခေါ်သံ၊ အဖေကိုပေးသော ရေနွေးကြမ်းတစ်အိုး၊ စပါးခင်းစတဲ့အရာတွေဟာ ကဗျာပဲ၊ အရာအားလုံးဟာ ကဗျာတဲ့။

"မောက်အတောင်နှစ်ဆယ်သည် ရှင်ဥတ္တမကျော် တောလားကြီးကို သံပြိုင်ရွတ်ဆိုနေကြ၏။ ကျွန်ုပ် ခွေးတစ်ကောင်မွေးရဦးမည်။ နာတာရှာကင်စကီးကို စပါးကြီးမြွေတစ်ကောင် ရစ်ပတ်ထား၏။ တစ်ခါတစ်ရံ ရယ်စရာဟာသများသည် မရယ်ရ။ အရယ်ရဆုံးဟာသ

သည် အချစ်ဖြစ်၏။ ကျွန်ုပ်သည် အချစ်ဖြစ်၏။ ကျွန်ုပ်အား အချစ်ဖြစ်၏။ ကျွန်ုပ် အချစ်ဖြစ်၏။ ကျွန်ုပ်တွင် အချစ်ဖြစ်၏။ ကျွန်ုပ်ကို အချစ်ဖြစ်၏။ ကျွန်ုပ်နှင့် အချစ်ဖြစ်၏။ × × × × × ×ကျွန်ုပ်ကို လိုက်၍ တပသူများသည် ကျွန်ုပ်၏နောက်ကသာ ရှိ၏။ × × × ကျွန်ုပ်သည် အများသူငါ၏ မုန်းတီးအပြစ်တင်ခံရခြင်းကို ချေးကြီး ပေး၍ ဝယ်ထားရပါသည်။ (စာ -၂၅၊ ၂၆)

အဲဒီမှာ သူ့ရဲ့ အစွဲဥ္စ မြည်တွန်တောက်တီးသံကို ကြားရပါလိမ့်မယ်။ သူ့ကို တပသူတို့နောက်မှာသာရှိမယ်လို့ လူတကာရဲ့ မုန်းတီးပစ်တင်ခံရမှုကို ချေးကြီးပေးဝယ်ထားရတယ်လို့ ဆိုတာတွေက သက်သေခံနေပါတယ်။ မုဒိတာမထားနိုင်ရင်တော့ တူညီတဲ့အကျိုးပေး ကို ခံရမှာမလွဲပါ။ မေတ္တာရှေ့ထား မှားတယ်လို့ရှိပါ့မလား။ မိမိ လျှောက်တဲ့လမ်း လူတကာလိုက်လျှောက်ပါမှ လမ်းမည်တော့မပေါ့။ လူတွေ လိုက်လျှောက်နိုင်လောက်အောင် ဖောက်ရမှာပေါ့။ အလွယ် တကူ သက်သေထူရရင် ခေတ်စမ်းတို့ စာပေသစ်တို့ ဆရာကြီးတွေက ငါ့နောက်လိုက်ရ ကောင်းလားလို့ တစ်ခါမှမပြောဘူးကြ။ ဒါကို သတိချပ်ရပါမယ်။

"× × × × ×သိသမျှပြောပြတတ်သူရှိသော်လည်း ပြော သမျှသိသူတွေလည်း လိုသေး၏။ လှုပ်ယမ်းနေသော သရက်ပင်ကိုင်း

များကို ခွေးဟောင်နေသည်။ လွယ်အိတ်ထဲက ပညာများသည် ကျိုးပဲ့ တွန့်ကြေလျက် ရှိ၏။ အစီအစဉ်ကျမှုဆိုသော စကား၏အဓိပ္ပါယ်ကို လည်း ကျွန်ုပ် နားမလည်ပါ။ အစီအစဉ်ဆိုသည်မှာ ရှိနှင့်ပြီးသားအရာ လား၊ ဇော်ဇော်အောင်သည် ကာလနှစ်ပါးလုံးတွင် အစီအစဉ်ရှိသူ ဖြစ်၏။ အနာဂတ်ကာလအတွက် အစီအစဉ်ကြိုတင် ပြောရဲသောအာဂ လူမိုက်များ ရှိပါသေးသလား။ (စာ-၂၈)

အဲဒီလို အတ္တမာနတွေ၊ အတ္တစူးတွေ၊ အတ္တလွန့်ဝါဒတွေကို ထိုးထိုးထောင်ထောင်နဲ့ ဇော်ဇော်အောင်လို့ ပြောလို့ရနေ။ သူ့ပုံရိပ်က အတ္တအကြီးအသေးပေါင်း များစွာတို့ကို မနိုင်မနင်းလွယ်ထားရသော မာနအိတ်ကြီးတစ်ခွဲသားနဲ့ "မဟာအနုပညာဒုက္ခသည်" တစ်ဦးလို့ ကင်ပွန်းတပ်မှာစိုး။

## အခန်း (၃)

ဆက်လက်ပြီးတော့ ဝတ္ထုတိုတစ်ပုဒ်လုံးရဲ့ အကြောင်းအကျိုး အကောင်းအဆိုးကို ဖွင့်ဆိုရှင်းပြ ပြောဆိုပြီးတဲ့နောက်မှာ ဝေဖန်သုံးသပ် အကဲဖြတ်လိုက်ပါတယ်။

အထက်မှာ မော်ဒန်ဝတ္ထုတိုတစ်ပုဒ်ဖြစ်ကြောင်း၊ ဒါပြင် သိပ် ကောင်းလှတဲ့ တစိမ့်စိမ့်အရသာရှိလှတဲ့ ဝတ္ထုတစ်ပုဒ်လား ဆိုရင်တော့

ကျွန်တော် ငြင်းရပါလိမ့်မယ်။ တစ်လှေထဲ ပြေးနေရင်တော့ တော်တော် မြန်တဲ့လှေလို့ ပြောရမှာပေါ့လေ။ သိပ်ကြာပါပြီ။ နှိုင်းယှဉ်ပြောရမယ့် ဝတ္ထုတိုကို စိတ်ထဲမှာစဉ်းစားကြည့်လိုက်တော့ မှတ်ဉာဏ်ကိုပဲအားကိုး ပြောရမလို ဖြစ်နေတယ်။ မဂ္ဂဇင်းတစ်ခုမှာပါခဲ့တဲ့ ဆရာအောင်လင်းရဲ့ "ယုဇနမအေးကြည်"မှာ ရေးသားတဲ့အကြောင်းက အနုပညာမှာ အရွယ်ကိစ္စကလည်း အရေးကြီးလှတယ်ဆိုတဲ့ အချက်ပါပဲ။ အငြိမ့် မင်းသမီးမအေးကြည်က အကျအရွယ်တော် တဆိတ်ဟိုင်းလို့ အနုပညာ လမိုင်းမကာပ်တော့ပုံတွေနဲ့ ပရိတ်သတ်အခြေအနေကို ဖောင်းပေးရေး သွားတာပါ။ နောက်တက်လာတဲ့ ပွင့်သစ်စ မင်းသမီးလေးက လှလဲ လှ၊ အနုပညာပန်းကလည်း တစ်စခန်းထလာတဲ့ အကြောင်းလေးပါ။ မင်းသမီးလေးနာမည်ကိုတော့ မမှတ်မိတော့ပါ။ ပြောချင်တာက အငြိမ့် ပွဲတစ်ခုထိုင်ကြည့်နေရသလို အနုပညာရှင်တစ်ယောက်ရဲ့ အတက် အကျ ဘဝပုံရိပ်ကို တစေ့တစောင်း ခြယ်မှုန်းနိုင်မှုပါပဲ။

တစ်ခေတ်မှာ တစ်ယောက်လို့ပြောလို့ရတဲ့ဝတ္ထုတို ဆရာ မာန်မြင့်၊ နှစ်ဆယ်ရာစုရဲ့ အကောင်းဆုံးစာရေးဆရာလို့ အချီးကျူးခံရ တဲ့ နိုင်ဝင်းဆွေ၊ လက်ကျဲကြီးနဲ့ ကောင်းလှပါပေတယ်လို့ အသိအမှတ် ပြုခဲ့ရတဲ့ ဆရာမင်းဏီ၊ မြို့ပြဆင်းရဲသား သရုပ်ဖော်ဝတ္ထုတွေနဲ့ ထင်ရှား တဲ့ မြတ်လွန်း...အစရှိတဲ့ ဟိုတုန်းက သရုပ်မှန်ဝတ္ထုတို စာရေးဆရာ

တွေရဲ့ စံချိန်တွေကို မချိုးနိုင်သေးကြောင်း၊ ရှင်းအောင်ထပ်ပြောရရင် ဆရာဇော်ရဲ့ မော်ဒန်ဝတ္ထုတိုဟာ ဟိုတုန်းက သရုပ်မှန်ဝတ္ထုတိုတွေကို မကျော်နိုင်သေးတဲ့အကြောင်း သရုပ်မှန်ကလမ်းခွဲထွက်လာတဲ့ သရုပ်မှန်ကို ထားပစ်ခဲ့တဲ့ ဆရာဇော်တို့ မော်ဒန်လက်ရာတွေဟာ သဘာဝကျ စွာပဲ အဟောင်းထက် တော်နေကောင်းနေရမှာ ဖြစ်ကြောင်း၊ ဆရာဇော့် ဝတ္ထုမှာ ကျွန်တော့်ရင်ထဲ၌ စွဲကျန်မနေခဲ့ပါကြောင်း။

ဝတ္ထုထဲမှာ ဇော်ဇော်အောင်မှာ ပညာတတ်ကြီးတစ်ယောက် ဖြစ်ပါလျက်-မိဘကသေဆိုသေ၊ ရှင်ဆိုရှင်ရတဲ့အဖြစ်မှာ သိပ်ယုတ္တိမရှိလှကြောင်း၊ လွတ်လပ်မှုကိုကြိုက်သော လွတ်လပ်စွာတွေးခေါ်တတ် စဉ်းစားတတ်သော လူတစ်ယောက်အနေနဲ့ ပြုသမျှနု၊ လုပ်သမျှခံနေသည်မှာ သဘာဝမကျလှကြောင်း၊ ထို့ပြင် အလုပ်မရှိအကိုင်မရှိ မိန်းမထဘီများ ခိုစားနေသောဇော်ဇော်အောင် ဖြစ်နေကြောင်း၊ ဒါမှမဟုတ် ပညာတတ်လူတန်းစားဟာ တွေဝေတယ်၊ ယိမ်းယိုင်တယ်၊ မပြတ်မသားရှိဒေယ်ဆိုတဲ့ လူတန်းစားလက္ခဏာကို ဖော်ပြချင်[illegible]များလား။ ကျွန်တာတွေကလည်း ဝတ္ထုနဲ့မသက်ဆိုင်တဲ့ ပညာတတ်[illegible]ထောင် လွှားနေမှုများသာဖြစ်ကြောင်း ရေးသူကလည်း [illegible]ဝတ္ထု ထဲကဇာတ်ကောင်ကလည်း ဇော်ဇော်အောင်ဖြစ်[illegible]ဖြင့် ဝတ္ထု [illegible]က ဇော်ဇော်အောင်ရဲ့ ကောက်ကြောင်းနဲ့ အပြင်ဘက်မှာ စာရေးဆရာ

ဓော်ဓော်အောင်ရဲ့ ကောက်ကြောင်းများမှာ အတူတူထင်ဟပ်နေကြောင်း၊ ပြောချင်သည်မှာ အဆုံးသတ်၌ ""ဘာမှအသုံးမကျသော ဓော်ဓော်အောင်""လို့ ကိုယ်တိုင်သုံးနှုန်း ရေးသားထားတဲ့အတိုင်း တကယ်လဲ ဓော်ဓော်အောင်မှာ ဘာမှ သုံးစားလို့မရသလို ဖြစ်နေကြောင်း၊ အချစ်ရေးမှာပဲ ကြည့်ကြည့်၊ အိမ်ထောင်ရေးဘက်မှာပဲ ကြည့်ကြည့်၊ တွေးခေါ်မြော်မြင်ရေးဘက်မှာပဲ ကြည့်ကြည့်၊ လူပြော သူပြောမလွတ်သော ဓော်ဓော်အောင် ဖြစ်နေကြောင်း။ ထို့ကြောင့် ထိုကောက်ချက်များကိုအခြေခံပြီး ""ဘာမှအသုံးမကျသော ဓော်ဓော်အောင်"" ဖြစ်နေသည်မှာ ထင်ရှားနေကြောင်း ပွင့်ပွင့်လင်းလင်း တင်ပြလိုက်ပါတယ်။

၁၉၉၉၊ ဩဂုတ်လ၊ ချယ်ရီ

ာ၈

# နားမလည်ရင် မဖတ်နဲ့ဆိုတဲ့ ဆရာများ

(၁)

## ရည်ညွှန်းချက်နှင့်အမှာစာတို့မှ စတင်မောက်ခွဲခြင်း

ဆရာဇော်ဇော်အောင်ရဲ့ "ခြောက်ဒသမ သုညတစ်" ဟာအုပ်ကို ခွဲခြမ်းစိတ်ဖြာသွားမှာ ဖြစ်ပါတယ်။ သုံးခေါက် ဖတ်ပြီးပါပြီ။ ယခု စတုတ္ထခေါက်ကိုဖတ်ရင်းနဲ့ ခံစားရချက် သိစိတ်အလျှင်အတိုင်း ဒိုးယိုပေါက်ရေးချသွားမှာ ဖြစ်ပါတယ်။

ကြိုပြောထားချင်တဲ့အချက် ရှိပါတယ်။ ပထမအချက်က ကျွန်တော် ကြိုက်တာမကြိုက်တာ ကျွန်တော် သဘောပေါက်နားလည်

တာ နားမလည်တာနဲ့ တိုင်းတာသွားမှာဖြစ်ပြီး၊ ဒုတိယအချက်ကတော့ စာဖတ်ပရိတ်သတ်ကို အခြေပြုဝေဖန်သွားမှာ ဖြစ်ပါတယ်။

ရည်ညွှန်းစာက စဝေဖန်ပါ့မယ်။ "ပို့စ်မော်ဒန်လူငယ်စာပေ သမားများသို့"တဲ့။ ကျွန်တော့် လူကြီးလူလတ် စာဖတ်သူတွေ မပါဘူး လို့ အစိမ့်ပါယ်ထွက်ပါတယ်။ ဒီနေရာမှာ ပြောချင်တာက ဘာကြောင့် များ လူငယ်တွေကိုချည်း "တင်"နေတာပါလိမ့်...။ ဆရာ့စာအုပ် တိုင်းလိုလိုမှာ ရေးတဲ့စာတွေမှားရင် လူငယ်တွေပြင်လိမ့်မယ်လို့လည်း မကြာခဏ ပြောလေ့ရှိတာကို တွေ့ရပြန်ပါတယ်။ ဒါဟာ ဘာသဘော လဲ။ ဘာရည်ညွှန်းချက်လဲ။ ဘာသဘောနဲ့ သဲကြီးမဲကြီး ဒီအယူအဆ ကို ဝါဒဖြန့်နေတာလဲ။

ကျွန်တော် တွေ့လိုက်ရတဲ့ ဆရာ့အတွေ့က ပို့စ်မော်ဒန်ခေတ် တစ်ခေတ် ထူထောင်မယ်။ အဲဒီလမ်းကို ဖောက်တာဆရာပေါ့။ ဟုတ်ပ လား။ ပို့စ်မော်ဒန်ဌာနချုပ်ကို ကြည့်လိုက်တော့ ခေါင်းဆောင်က ဇော်ဇော်အောင်။

လူငယ်ဆိုတာ ဆယ့်ငါးနှစ်အရွယ် ဆိုပါစို့။ အဲဒီလူငယ်မှာ ဘဝအတွေ့အကြုံ ဘယ်လိုကုံလုံကြွယ်ဝနိုင်ပါ့မလဲ။ ဖြတ်သန်းနေ တုန်းပဲ ရှိသေးတယ်။

ကျွန်တော် ဒီနေ့အထိ လက်ခံထားတဲ့ အယူအဆတစ်ခု ရှိတယ်။ လူဟာ တိုက်ပွဲကြီး ၃ ရပ်ကို ဖြတ်သန်းတယ်ဆိုတဲ့ အယူအဆ

ပဲ။ လူဟာ ကုန်ထုပ်လုပ်မှုတိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ သိပ္ပံပညာစမ်းသပ်မှုတိုက်ပွဲ ဆိုတာတွေကို မလွဲမသွေဆင်နွဲရတယ်။ လူ့ဘောင်ရဲ့ ဖြစ်ပေါ်တိုးတက်မှုသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဒီတိုက်ပွဲကြီး ၃ ရပ်နဲ့ သွန်းလောင်းခဲ့တယ်လို့ ပြောလို့ရပါတယ်။

အဲဒီတော့ လူငယ်တွေမှာ မွင့်သစ်စပန်းလို လန်းဆန်းမှုတွေ၊ တက်ကြွမှုတွေ၊ လှပအားသစ်မှုတွေ ရှိတယ်။ ဒါကို ကျွန်တော်တို့ အသိအမှတ်ပြုပါမယ်။ ဒါပေမဲ့ ခုဟာက အနုပညာကိစ္စ။ အယူအဆကိစ္စ။ အဘက်ဘက်က ဖြည့်ဆည်းဖို့လိုနေတဲ့ လူငယ်တွေဟာ ဆရာသဘောတရားတွေကို ပြင်ဖို့မပြောနဲ့၊ နားလည်အောင်တောင် မနည်းကြိုးစား အားထုတ်နေကြရတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ခုကျွန်တော့်အသက်အရွယ် အတွေ့အကြုံနဲ့ပဲ ကြည့်။ ကျွန်တော် ဖြတ်သန်းမှုနဲ့ကို ဆရာပို့စ်မော်ဒန်ကော်ပီကို အလုံးစုံသဘောပေါက်နားမလည်နိုင်သေးဘူး။

ဒီတော့ မွင့်မွင့်လင်းလင်းပြောရရင် အဲဒီလူငယ်တွေက ဆရာစာတွေကို ဝေဖန်ဝေခွဲဖို့တောင် ခပ်ခက်ခက်အခြေအနေမှာ ဘယ်လိုလုပ်ပြီး အမှားပြင်ပေးနိုင်ပါ့မလဲ၊ ပြောစမ်းပါဦး။ ဘာပြုလို့ မဖြစ်နိုင်တာကို ဆရာ ပြောရသလဲ။ ဒါ ရှင်းပါတယ်။ လူငယ်တွေ တော်တော်များများ ဆရာ့ဘက်ပါလာအောင် "ဒီနည်း"ကို သုံးလိုက်တာပဲ

မဟုတ်လား။ လှူငယ်တွေကို ထိပ်ပေါ်တင်ပြီး ဆရာ လုပ်ချင်တာလုပ်ဖို့ ဆရာ လျှောက်ချင်တဲ့လမ်းကို သူတို့ပါလာအောင် ဒီစကားနဲ့ တွဲခေါ်လိုက်တာပဲ မဟုတ်လား။

ပုံပေါ်အောင်ပြောရရင် မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေနဲ့ ပြောပါတယ်။ ခပ်တိုတို ဆိုကြပါစို့။ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး၊ အဲဒီမှာ လူငယ်တွေကို အသုံးချသွားခဲ့တာ အထင်အရှား၊ မောပြည်ကွန်မြူနစ်ပါတီ လုပ်ရပ်ကို ပြန်ကြည့်။ ဖြုတ်ထုတ်သတ်ကို အထင်သူတွေနဲ့ ယူသ်သွားတာလဲ။ ဗိုတွေးကို လူငယ်တွေနဲ့ လုပ်သွားတာမဟုတ်လား။

နုနယ်တဲ့လူငယ်တွေကို အံတိုနေတဲ့လူကြီးတချို့က ဖြစ်စဉ်တချို့မှာ မလိမ့်တပတ် အသုံးချသွားတာကို ကျွန်တော်တို့ မြန်သုံးသပ်ရင်းနဲ့ ဆရာ့ကို ကျွန်တော်ပြောချင်တာက ရိုးရိုးသားသား စာရေးပါ။ ကိုယ့်လမ်းကို ယုံယုံကြည်ကြည်နဲ့ လျှောက်ပါ။ လျှောက်ပါ။ ရှေ့ပါနဲ့ လိုက်လာပါလိမ့်မယ်။ လူတွေယုံကြည်လာရင် ဝိုင်းကူပြီး အဟောင်းဖြိုပြစ် အသစ်တည်ဆောက်ပါလိမ့်မယ်။

"ပို့စ်မော်ဒန် သစ်ပင်တစ်ပင် စိုက်လိုက်သည်။ မကျေနပ်သူများရှိပါက အမြစ်ကလာ၍ တူးဖော်နှုတ်ပစ်လှည့်ပါ။ မဟိမကာန်းနှင့် ကိုင်းဖျားကိုင်းနားကို လှမ်းလှမ်းထိနေလျှင် အလုပ်ရှုပ်ပါသည်။

ကျွေးမွေးပ်သူများ ရေလောင်းပေါင်းသင်၍ ပင်ခြေရင်းမှာ ရေချမ်းစင် တစ်စင်ဆောက်ခြင်းဖြင့် ကောင်းမှုပြု ကုသိုလ်ဝေပါ။ (အမှာစာမှ)"

အမှာစမှာကိုက ထိုးထိုးထောင်ထောင်ပါပဲ။ ဆရာ့စာအုပ်တွေ တိုင်းမှာ ဒီလိုအရေးအသားမျိုးတွေ အများကြီး။ အမှာစာက ဘာနဲ့ သွားတူသလဲဆိုရင် လမ်းလေးပလက်ဖောင်းမှာ မျက်လှည့်ပြတဲ့သူလို ဖြစ်နေတယ်။ မျက်လှည့်ဆရာက မျက်လှည့်မပြခင် ဓားကြိမ်းကြိမ်း သလို ဖြစ်နေတယ်။ အမှန်တော့ ပရိတ်သတ် စိတ်ဝင်စားအောင် လုပ်နေတာ။ ဒါမှ သူ့မျက်လှည့်ပွဲ လာကြည့်မှာကိုး။

(၂)

သိသမျှ၊ မသိသမျှ၊ ဖတ်မိသမျှ

ဆရာဇော်ရဲ့ ပို့စ်မော်ဒန်မှတ်ချက်အချို့မှာ ဘာသာစကားနဲ့ ပတ်သက်တဲ့ကိစ္စဟာ တော်တော်စဉ်းစားရော ဖြစ်ခဲ့ပါတယ်။

"ဘာသာစကားသည် လူ့အရေးကိစ္စ နယ်ပယ်ကြီးတစ်ခုလုံး ကို ပြည့်စုံလုံလောက်စွာ မဖော်ပြနိုင်။ အချုပ်ပြောရရင် ဘာသာစကား

သည် လောကကိုပြည့်စုံစွာ မဖော်ပြနိုင်။ ထို့ကြောင့် စာပေအနုပညာကိစ္စတွင် ဘာသာစကားသည် (မရှိ မဖြစ်/ ရှိ မပြည့်စုံ)

(စာ-၃)

ဒီအချက်ကို ဖော်ပြတဲ့အခါမှာ ပလေတို၊ ရှယ်လီ၊ အယ်လရော့၊ ဂိုတေ့၊ ဘိုင်ရွန်၊ ဒိုင်လင်တောမတ်၊ အဲလ်ဘတ်ကမျူးတို့ရဲ့ စာအုပ်တွေ (စာအုပ်အမည်မျှသာ) အဆိုအမိန့်တွေနဲ့ ကိုးကားထားပါတယ်။

ကျွန်တော့်စိတ်ထဲ အဲလိုမျိုးတစ်ခါမှ မတွေးမိခဲ့ဘူး။ အကမတတ်တော့ ဖျာစအပြစ်တင်ဆိုသလို ကိုယ်ညံ့လို့ပဲ ဖြစ်လိမ့်မယ်ထင်တယ်။ လိုရင်းကိုရောက်အောင် မရေးနိုင်တာ၊ မပြောနိုင်တာဟာ ကိုယ်အသုံးမကျလို့ပဲလို့ ဖြစ်ပါတယ်။

အကယ်၍ မပြည့်စုံဘူးဆိုရင်လည်း အနုပညာရှင်တွေက ကုံလုံကြွယ်ဝလာအောင် ကြိုးစားရမှာပါပဲ။ တစ်ခုရှိတာက ကိုယ်ဝေါဟာရ မကြွယ်တာ၊ ကိုယ် မဟီထွင်မဆန်းသစ်နိုင်တာ၊ ကိုယ်အစွမ်းအစမရှိတာ၊ ကိုယ် လုံ့ပမ်းအားထုတ်မှု နည်းတာပဲ ဖြစ်ပါတယ်။ စင်စစ် ဘာသာစကားဆိုတာ ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းနက်ရှိုင်းပြီး ကိုယ်က မိုးမှုန်မိုးစက်မျှသာပါ။

ဒီအချက်က ပို့စ်မော်ဒန်သမားများရဲ့ ပင်မလက်ရင်းအတွေး အခေါ်များဖြစ်ကြသော မရေရာခြင်း၊ ဆုံးဆုံးဖြတ်ဖြတ် မဆုံးဖြတ်ခြင်း ဆိုတာတွေကို ပို၍နက်ရှိုင်း အခြေခိုင်မာလာစေပါသတဲ့။

အဲဒီလို ရှိမှုမသေချာခြင်း၊ ရှိမှုသံသယတို့ စွဲပြစူးနစ်နေသော ပို့စ်မော်ဒန်များအဖို့ ဗဟိုချက်မဲ့ခြင်းသည် သူတို့ယုံကြည်ခံယူထားသော "ရှိမသေချာခြင်း-သံသယ"နှင့် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းသဖွယ် ဖြစ်လာသည်။ ရှိမှုများ မသေချာသောကြောင့် ဗဟိုချက်မဲ့လာရသည်။ ဗဟိုချက်မဲ့သောကြောင့်လည်း ရှိမှုများ မသေချာမရေရာ ဖြစ်နေရ သည်။ ဒါဟာ သူတို့ရဲ့လောကအမြင်နှစ်ရပ် ဖြစ်သည်တဲ့။

ဒီတော့ ပို့စ်မော်ဒန်သမားများအဖို့ ကဗျာဝတ္ထုစသော စာပေ အနုပညာများကို ရေးသားဖန်တီးကြသောအခါ ကြောင်းကျိုးဆက်စပ် ၍ အစီအစဉ်ကျနစွာ စာလမ်းကြောင်း မတောင့်မထစ်ဘဲ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ ရေးသားဖော်ပြ၍ မရနိုင်သော အခြေအနေကြောင့် သူတို့ ရေးချင်သလို ရေးလိုက်ကြတော့၏။ အားလုံးကို ဖောက်ထွက် လိုက်ကြတော့၏။

ဤသို့ အစဉ်အလာ တန်ဖိုးနှုန်းစံများနဲ့ သမားရိုးကျလမ်း ဟောင်းကနေ ခွဲထွက်ခြင်းကို ဖောက်ထွက်ခြင်း၊ အသစ်စတင်ခြင်းလို့ ဆိုပြန်တယ်။ ပင်မရေစီးမှ ခွဲထွက်ခြင်း၊ အရင်ကနှင့်မတူခြင်းတို့သည် ပို့စ်မော်ဒန်စာပေ အနုပညာ၏တန်ဖိုး ဖြစ်သည်။

အဆင်ဆိုရာမှာလည်း အက်ဇရာပေါင်းပြောသည့် အသစ်လုပ်ကြ MAKE IT NEW လို မဟုတ်။ သစ်ရေးကို အဓိက မထား။ ဖောက်ထွက်ခြင်း၊ ခွဲထွက်ခြင်းကိုသာ အဓိကထား။ သူတို့လောက အမြင်အရ ခံစားရသည့်အတိုင်း သူတို့ရေးချင်သလိုရေးသည်။

ထိုအခါ သူတို့ရေးချင်သလို ရေးလိုက်ကြသောကြောင့် နားမလည်ခြင်း ပြဿနာကြီး ဖြစ်ရသည်။ မရှိခြင်း/ မရခြင်းဆိုသည်မှာ အခြေအနေအတွင်း အဓိပ္ပါယ်ကို တားဆီးပိတ်ပင်ထားသောကြောင့်သာ ဖြစ်ရသည်။ သူတို့အနုပညာတွေကို နားမလည်နိုင်ခြင်းမှာ PRAVENTED ဟာ သော့ချက်ပဲတဲ့။

စာမျက်နှာ(၄)ကနေ စာမျက်နှာ(၂၀)အထိ ရေးသားထားချက်များကို ကောက်နှုတ်ဆက်စပ် ဖော်ပြလိုက်တာ ဖြစ်ပါတယ်။

ဒီအထိ တဖြတ်ဖြတ်ပြီး သုံးသပ်ကြည့်ကြစို့။

မရေရာ မသေချာတဲ့ကိစ္စ။ ဗဟိုချက်မဲ့တဲ့ကိစ္စကို ဆရာဇော်ပြောတာ သိပ်လွယ်နေပါတယ်။ ဘယ်လို မရေရာတာလဲ။ ဘယ်လို ဗဟိုချက်မဲ့တာလဲ။ သိပ္ပံပညာနဲ့ အနုပညာဆက်စပ်မှု ရှိမရှိ။ သိသမျှ မသိသမျှ ဖတ်မိသမျှ တွေးဆကြည့်လိုက်ပါတယ်။

အိုင်းစတိုင်းရဲ့ ရီလေတီဗီတီသီအိုရီနဲ့ မရှေးမနှောင်းမှာ ကွမ်တမ်မက္ကင်းနစ်သီအိုရီ ပေါ်ထွန်းကျော်ကြားလာခဲ့တယ်။ ကွမ်တမ်

သီအိုရီအရ လောကကြီးကို အပြတ်အတောက်မရှိ၊ ကြားမရှိ၊ တစ်ဆက်ထဲ ဆက်စပ်နေတယ်လို့ မမြင်။ စွမ်းအင်ထုပ်များ သီးခြားထုပ်ပိုးတည်ရှိနေတယ်လို့သာ မြင်တယ်။ ကွမ်တမ်သီအိုရီအချုပ်မှာ ရုပ်လောကကြီးဟာ လှည့်သင့်သလို ကြုံကြိုက်သလို ဖြစ်နိုင်ဖွယ်မရှိသလို အပြီးအပြတ် စီရင်ထားခြင်းမရှိသလို မရေရာမသေချာ စကန်တရားမရှိ။

ဒါကြောင့် အနုပညာနယ်ပယ်မှာ ကြိုတင်ခန့်မှန်းနိုင်မှု၊ အလှည့်သင့်ရာ ကြုံသလိုဖြစ်ခြင်းနဲ့ မတော်တဆဖြစ်ခြင်း စတဲ့သဘောတွေကို ရှေးမဆွကပင် လက်ခံထားရှိခဲ့သော်လည်း ကွမ်တမ်ရူပဗေဒ ခေတ်စားလာမှ ဒီသဘောကို ရှေ့တန်းတင်လာကြခြင်း ဖြစ်ပါတယ်။

နောက် ဗဟိုချက်မဲ့တဲ့ကိစ္စ။ ကျွန်တော့တွေးဆချက်ကို ဆက်လက်တင်ပြပါ့မယ်။

ဗြိတိသျှလူမျိုး ဘောဂဗေဒပါမောက္ခ အီးအက်ဖ်ရှူးမေခါရဲ့ ၁၉၇၃ ခုနှစ်က ရေးသားထုတ်ဝေခဲ့တဲ့ (ငယ်သော်လှ၏ Small is Beautiful) ကျမ်းစာအုပ်မှာ အနောက်တိုင်းနိုင်ငံတို့၏ စက်ရုံကြီးကြီး၊ လုပ်ငန်းကြီးကြီး၊ စက်မှုအတတ်ပညာကြီးကြီးတို့ဖြင့် အစစအရာရာ "ကြီး"နေကြပါတယ်။ ဤသို့ "ကြီး"မှုကြောင့် ကြုံတွေ့ရတဲ့ အနိဋ္ဌာရုံများကို တန်းစီ သုံးသပ်ပြထားပါတယ်။ သို့ဖြင့် စက်မှုအတတ်

ပညာတို့ကို ငယ်စေသော်၊ ပစ္စည်းပစ္စယတို့ကို ငယ်စေသော်၊ လူ့လုပ်ငန်းကြီးများကို ငယ်ငယ်နှင့် ကျဲကျဲပိုင်းသော်။ မြို့ကြီးပြကြီးများကို ငယ်အောင်စိတ်သော်၊ စက်မှုအဖွဲ့အစည်းကြီးကို ဖန်တီးနိုင်စွမ်းရှိသော လူနေရပ်အဖြစ် ငယ်ငယ်ပြောင်းလဲ ဖွဲ့စည်းခဲ့သော် ဖန်ဆင်းရှင်ရဲ့အလို ကျ အလှတရားများ ဖြစ်ထွန်းလာမည်ဟု ဆိုပါတယ်။

အံ့မခန်းတိုးတက်လာသော စက်မှုအတတ်ပညာတို့သည် အကြီးစားအရွယ် စက်မှုစနစ် လူမှုရေးစနစ်တို့ကို ဖြစ်ထွန်းစေသည့် နည်းတူ အခြားတစ်ဖက်၌လည်း လူ့ယဉ်ကျေးမှု၊ လူနေထိုင်မှုပုံသဏ္ဍာန်တို့ကို အစိတ်စိတ်အမွှာမွှာဖြာ၍ ငယ်ရွယ်သွားအောင် ဖြစ်ထွန်းစေနိုင်သော အင်အားများကိုလည်း မွေးထုတ်ထားသည်ဟု ဆိုပါသည်။

ထိုလေးရပ်သောအင်အားစုမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(၁) နိုင်ငံတိုင်းလုံခြုံမှုအတွက် လက်နက်တပ်ဆင်ကြ။ ထိုသို့ဆောင်ရွက်ကြလေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လက်ချင်းတွဲဖို့လိုလေလေ၊ တစ်နိုင်ငံတည်း အထီးကျန်ဘဝနဲ့ နေလို့မရ။ ကမ္ဘာစနစ်ထဲသို့ရောက်ရ။ ကမ္ဘာကြီးက နိုင်ငံစုံကိုလွှမ်းခြုံလာခြင်း။

(၂) မြို့ကြီးပြကြီးတို့မှာ ဗဟိုချက်မသဘောမှ တိမ်ကောစပြုလာပြီ။ ဂြိုဟ်တုများနဲ့ ခေတ်မီ အီလက်ထရွန်းနစ်တို့ကြောင့် သတင်း

ဆက်သွယ်ရေးမှာ မြို့ကြီးပြကြီးတို့မှတစ်ဆင့်သာ ဆောင်ရွက်ပြီးစီးရန် မလိုတော့။ ဗဟိုနဲ့ ဝေးဘီကွာခြားမှု ကျုံ့သွားခြင်းသဘောပင်။ မထင်မရှား ရွာသိမ်ရွာငယ်ကလေးပင် ယဉ်ကျေးမှုဖွံ့ဖြိုးခြင်းအကျဉ်း လန်ဒန်နဲ့ နယူးယောက်တို့လို မြို့ကြီးများကဲ့သို့ အရေးပါ အရာရောက် လာခြင်း။

(၃) အတတ်ပညာသည်ပင် အငယ်စား အသေးစားအရွယ် ဘက် ရွေ့ရှလာသော သဘော ရှိလာကြ။ အီလက်ထရွန်နစ်ပစ္စည်း များကို ငယ်ငယ်နဲ့ အစွမ်းထက်အောင် တီထွင်လာကြ။ လူက ကိုင် တွယ်ရသောပစ္စည်းမှာ သေးငယ်လာသဖြင့် လူတို့သဘာဝဘက်သို့ ပြန်လည်၍ အာရုံစိုက်လာခြင်း။

(၄) စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးခြင်းဆိုတဲ့သဘောမှာ နေရာ ဒေသကို ချဲ့ထွင်ခြင်းသဘော။ ဗဟိုတစ်နေရာကို မှတည်၍ ဝေးသို့ ကား၍ကား၍ ချဲ့သွားတဲ့သဘော။ လူရဲ့ သိစိတ်တို့ အပြင်ဘက်ကိုသာ စူးစိုက်ခဲ့ရတဲ့သဘောပင်။ ယခုအခါ ထိုသဘောတိမ်ကောစ ပြုလာပြီ။ လူတို့ မိမိနာမ်စိတ်ကို အတွင်းဘက်သို့ ပြန်လည်၍ ရှုတဲ့သဘော ဖြစ်ပေါ်လာခြင်း။

အဲဒီ အင်အားစုလေးရပ်ထဲမှာ နံပါတ် (၂)အချက် ကျွန်တော် ပြောချင်တဲ့ အချက်ပါပဲ။ ယနေ့လို တိုးတက်နေတဲ့အင်တာနက်ခေတ် ကြီးမှာ ဗဟိုချက်မဲ့တဲ့ကိစ္စဟာ ပိုလို့သာရှင်းလင်းသွားပါတော့တယ်။

(၃)

## အရောင်မှိုင်းမှိုင်း စိမ်းရှိင်းသောစိတ်ကူးများ ဒေါသထွက်နေခြင်း

ဆက်လက်၍ ပို့စ်မော်ဒန်လက္ခဏာ(၉)ရပ်ကို ဖော်ပြထားပါတယ်။

(၁) အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်လာ၏။

(၂) ကြုံရာကျပမ်း ဖြစ်လာ၏။

(၃) အဆက်အစပ် မဲ့လာ၏။

(၄) ယောက်ယက်ခတ် ခုန်ကျော်လာ၏။

(၅) အားလုံးဆုံးဖြတ်မရ ဖြစ်လာ၏။

(၆) မသေချာ ဝေဝါးလာ၏။

(၇) အမျိုးအမည် ခွဲခြားမရ ဖြစ်လာ၏။

(၈) အားလုံးကိုခွဲခြားမှတ်သားမရ ဖြစ်လာ၏။

(၉) နောက်ဆုံးတွင် အားလုံးပွင့်၍ လွတ်လပ်လာ၏။

အထက်ပါ အယူအဆမှာ ပို့စ်မော်ဒန်သဘောတရားများမှ ဆရာစဉ် သမားစဉ် အယူအဆများကို ဆရာဖော်က ပေါင်းချုပ်ထုတ်

မှတ်ထားခြင်းဖြစ်ကြောင်း သိရပါတယ်။ ထို့နောက် နားမလည်ခြင်း ကိစ္စကို ဆက်ရှင်းတဲ့အခါ "ဖတ်သူအဓိကသီဝရီ"ကို ဆွဲထုတ်လာ ပါတော့တယ်။

စာတစ်အုပ် ကဗျာတစ်ပုဒ်မှာ ဘယ်ဟာအဓိကလဲဟု မသိနိုင်ခြင်းသည် "ဗဟိုချက်မဲ့ခြင်း"ပင်။ တစ်နေရာမှာ စုစည်းချုပ်ကိုင်ထားမှု မရှိခြင်းနဲ့ ဝိတ်ပင်တားဆီးမှုများကြောင့် ပို့စ်မော်ဒန်စာများရဲ့ အဓိပ္ပါယ်ကို လွယ်ကူစွာမရတာ ဖြစ်ပါတယ်။ ဒါကြောင့် ထိုအဓိပ္ပါယ် များကို ဖော်ထုတ်ဖို့ရရှိအောင် ကြိုးပမ်းဖို့ကိစ္စမှာ ဖတ်သူရဲ့ကိစ္စသာ ဖြစ်တယ်လို့ ဆိုပါတယ်။

အနုပညာမှာ အမှန်တရားဆိုသောအရာများ ကိန်းဝပ်နေတယ်။ ထိုအမှန်တရားကို "ခူးပြီးခပ်ပြီး" အလွယ်မရနိုင်။ စာဖတ်သူတွေဟာ နှိုသက်ခံစိုနေကြ။ ရှေ့ကို တူးသလို စိန်ကိုတူးသလို အပတ်တကုပ် ရှာဖွေဖော်ထုတ်ရသည်မှာ စာဖတ်သူရဲ့အလုပ် ဖြစ်တယ်။ နားမလည်တာဟာ ကျွန်ုပ်တို့ကိစ္စမဟုတ်။ ခင်ဗျားတို့ ကိစ္စတဲ့။

"တစ်စုံတစ်ယောက်က စကားအကျအပေါက်၊ စကားအထအနကောက်၍၊ စကားကပ်၍ "ရေးချင်သလိုရေးခြင်း"ကို အပြစ်တင်ရှုတ်ချပါက ထိုစကားကို ကျွန်တော် လျစ်လျူရှုသည်။ (ဝါ) အရေးမထား (စာ-၁၅)"

"နားမလည်ခြင်းကိစ္စသည် ပြဿနာကြီး ဖြစ်၏။ ကျွန်တော့်သဘောကို ပြောမည်။ ကြိမ်ဖန်များစွာ ပြောဖူး၏။ အကြိမ်တိုင်း အကြိမ်တိုင်း အလေးအနက်ပြောခြင်း ဖြစ်၏။ ယခုတစ်ကြိမ် ထပ်ပြောသည်။ မည်သည့်အခါမှ ပေါ့တီးပေါ့ပျက် မပြောခဲ့။ ယခုတစ်ကြိမ် ထပ်ပြောမည်။ နားမလည်ရင် မဖတ်နဲ့။ (စာ-၅၃)

"အထက်ပါ အကြောင်းအချက်(၂)ချက်ကို ထပ်မံထုတ်နုတ်ပြရတာကလည်း ဆရာဇော်ရဲ့ပရိတ်သတ်အပေါ် ထားတဲ့သဘောကို ပိုမိုရှင်းရှင်းလင်းလင်း သိရအောင်လို့ပါ။ ဒီလို စာဖတ်ပရိတ်သတ်ကို ကြိမ်းလားမောင်းလားလုပ်တာ ဒီစာအုပ်တစ်အုပ်ထဲတင် မဟုတ်ပါဘူး။ ဆရာဇော်ရဲ့စာအုပ်တိုင်းလိုလိုမှာ တွေ့နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ သူ့စာအုပ်တိုင်းလိုလိုကို ဘယ်လိုနာမည်ပေးထားပေးထား "နားမလည်ရင် မဖတ်နဲ့ စာအုပ်တွေ" လို့ပဲ မှတ်ယူထားပါတယ်။ နောင် အကုန်လုံး စုစည်းထုတ်ဝေမယ်ဆိုရင် တခြားနာမည်မတပ်ဘဲနဲ့ "နားမလည်ရင် မဖတ်နဲ့" လို့ နာမည်ပေးလိုက်ဖို့ပဲ ကောင်းပါတယ်။

ဒါပေမဲ့ ဒီစကားအတွက် ချွင်းချက်ရှိပါတယ်။ ပြီးခဲ့တဲ့လက စတိုင်သစ်ဆောင်းပါးမှာလည်း ကျွန်တော် ပြောထားပါတယ်။ ဘာလဲဆိုရင် ဆရာဇော်ရေးသားပြုစုတဲ့ "စာပေသဘောတရားကျမ်း"နဲ့

"စာပေဝေဖန်ရေး သဘောတရားကျမ်း" စာအုပ်နှစ်အုပ်နဲ့ ပတ်သက်ပြီး စာပေကျေးဇူးပြုချက်မို့ ကျွန်တော် ရှိခိုးကန်တော့လိုက်ပါတယ် ဆိုတဲ့အကြောင်း အဲဒီစာအုပ်မျိုးနည်းတူ မော်ဒန်၊ ပို့စ်မော်ဒန်နဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်ကို ရှင်းရှင်းလင်းလင်း လွယ်လွယ်ကူကူနဲ့ လေ့လာလို့ရအောင် အားထုတ်စေချင်ပါတယ်။

ဒီစာအုပ်မှာ ဆရာတို့ရေးသားချက်တွေကို နားမလည်ရကောင်းလားဆိုပြီး အကြီးအကျယ်ဟစ်ကြွေး ဘောက်လောင်မေါက်ကွဲလိုက်တာကိုး။ ဆရာဇော်ရဲ့ဒေါသသံဟာ ပြင်းထန်မြည်ဟီးလှပါတယ်။ သမုဒ္ဒရာကြီးငါးစင်းရဲ့အမှာစာကို နားထောင်ကြည့်ပါ။ လရောင်ချိုရဲ့ "အလွမ်းဝတ္ထု"မှာလဲ ပါပါတယ်။ အဲဒီလို တုန့်ပြန်ရေးသားချက်တွေဟာ အလွယ်တကူ မှတ်ချက်ချကြတာ မှန်ပေမယ့် ကျွန်တော်တို့အနေနဲ့ ပြန်လှန်သုံးသပ်ဖို့တော့ လိုအပ်လိမ့်မယ်လို့ ထင်ပါတယ်။

သူ့အမြင်ကတော့ ဒီကနေ့ ကျယ်ပြန့် ခေတ်စား အနယ်ထိုင်နေရာရနေပြီဖြစ်တဲ့ စတီရီယိုလောကနဲ့ နှိုင်းယှဉ်ပြလိုက်ပါတယ်။ ဟိုတုန်းက အဲဒီစတီရီယိုတေးတွေကို စခါစမှာ လူထုလက်မခံကြကြောင်း။ နားထောင်လို့မရကြကြောင်း။ ဘာပြုလို့ ဒီလိုဖြစ်ကြသလဲ ဆိုတော့ "မပီ" လို့တဲ့။ အနောက်တိုင်းဂီတကို ဘုရတာဆိုတော့ မြန်မာ့နားထဲ လျှောကနဲမဝင်သေးဘူး။ တဖြည်းဖြည်းနဲ့ "ပီ"လာ

တော့မှ ပရိတ်သတ်က လက်ခံလာကြတယ်။ ဟောဒီကနေ့ စတီရီယို ဟာ နေရာတိုင်းမှာ တွင်ကျယ်နေပြီလေ။ အဲဒီလိုပဲ ခုလုပ်နေကြတဲ့ မော်ဒန်ဆိုတာတွေလည်း "မပီ"သေးလို့တဲ့။ အဲဒီတော့ "ပီ"အောင် ရေးကြဖို့ပါပဲ။

ဒီစာအုပ်ကိုပဲ ကြည့်တော့။ အင်္ဂလိပ်စာတွေများ၊ အညွှန်းတွေ များ၊ နိုင်ငံခြားစာရေးဆရာတွေများ၊ ဖွတ်နတ်တွေများ၊ တပိုင်းတစ တင်ပြချက်တွေများ၊ ဒေါသတွေ များနေပါကြောင်း။

ပို့စ်မော်ဒန်မှတ်ချက်များကို ဒီထက်ရှင်းရှင်းလင်းလင်းရေး သားဖို့လိုကြောင်း ဆရာဇော်ကိုယ်တိုင် နိုင်ငံခြားအယူအဆများကို မြို့ချရာ၌ အစာမကြေပဲ ဖြစ်နေကြောင်း၊ တချို့အင်္ဂလိပ်စာမှ တိုက်ရိုက် ဘာသာပြန်ချထားတာသာရှိပြီး မိမိကိုယ်တိုင် သဘောပေါက်ရမည့် အစား ဖြစ်တင်မောင်းမဲနေကြကြောင်း၊ ဘယ်ခေတ်မဆို လူကြီးလူငယ် လူလတ် ပေါင်းစပ်မှ တိုးတက်မည်ဖြစ်ကြောင်း။

ဆရာရဲ့ နားမလည်ရင် မဖတ်နဲ့စာအုပ်များကို ပြန်လည်စီရင် ရေးသားဖို့လိုကြောင်း၊ မြန်မာမှုပြုရာ၌ ကျွမ်းကျင်လိမ္မာဖို့လိုကြောင်း၊ စာပေလောကမှာ မိမိ Leader Ship Role ကို ရယူဖို့သက်သက်တင် မကြိုးစားသင့်ကြောင်း။

ထို့ပြင် ပို့စ်မော်ဒန်လက္ခဏာ(၉)ချက်မှာ ထူးမခြားနားဖြစ်နေ ကြောင်း။ သို့ရာတွင် မသေချာမရေရာခြင်း၊ ဗဟိုချက်မဲ့ခြင်း၊ ဖောက်

ထွက်ခြင်းနဲ့ ဝိတ်ပင်တားဆီးခြင်း အချက်များကတော့ ဆက်စပ်လို့ရပါကြောင်း။ ပို့စ်မော်ဒန်စာပေတွေကို မဖတ်လဲနေပါ၊ ကျွန်တော်တို့အလုပ် ကျွန်တော်တို့ လုပ်ပါမည်ဟု ဖွင့်ပြောနေသည်မှာ လူထုမပါကဘယ်ဟာမှမရဆိုတာကို မေ့လျော့နေတာ ဖြစ်ကြောင်း။ စာဖတ်သူများကို မိမိဘက်ပါလာအောင် ဆွဲဆောင်ရမည် ဖြစ်ကြောင်း။ ဆရာရဲ့အရောင်မှိုင်းမှိုင်း၊ စိမ်းရိုင်းသောစိတ်ကူးများ ဒေါသကြီးလှပါကြောင်း။

သို့သော် ဆရာရဲ့ဝတ္ထုတို ဖြစ်ပေါ်တိုးတက်ရေး၊ မော်ဒန်ပို့စ်မော်ဒန်စာပေသစ်တွေ ထွန်းကားရေးအတွက် အပတ်တကုတ်ကြိုးပမ်းအားထုတ်မှုများကိုတော့ အသိအမှတ်ပြုရမှာဖြစ်ကြောင်း ပွင့်လင်းလိုက်ပါတယ်။

၁၉၉၉၊ နိုဝင်ဘာလ၊ စတိုင်သစ်

# ပို့စ်မော်ဒန် ပြီးကွဲနေပြီလော

## (၁)

### ဒီကော်န်စထရပ်ရှင်းအရှုပ်တော်ပုံ

ပို့စ်မော်ဒန်အချင်းချင်း ချကြပြီ။

ပို့စ်မော်ဒန် အကွဲအပြဲ ဘယ်ကစသနည်း။

မြင့်သန်းနှင့် တာရာမင်းဝေတို့အကြား ငါတော်ငါတတ်ပြသနာ။ ဒီကော်န်စထရပ်ရှင်း ( Deconstruction ) အရှုပ်တော်ပုံကိစ္စ။ ထိုစာလုံးကို မြန်မာဘာသာပြန် အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ ပတ်သက်ပြီး တစ်ယောက်တစ်မျိုးစီ ပြောဆိုကြ၊ ရေးသားကြရာက ငါပြောတာမှ မှန်တယ်။ သူပြောတာမှ မှန်တယ်နဲ့ အတွေချွန်ချွန်တွေ ရှေ့တန်းတင်လာတာကို တွေ့ရပါတယ်။

အဲဒီအကြောင်းကို မြင့်သန်းက ရေးတယ်။ တာရာမင်းဝေက ပြန်ချေပတယ်။ ဒီလိုနဲ့ အပြန်အလှန် တိုက်ခိုက် ချေချွတ်သလို ဖြစ်လာကြတယ်။ နောက်ဆုံးမှာ ပြဿနာတစ်ခြား၊ ပြောတာရေးတာ တစ်ခြား ဖြစ်ကုန်ကြပါလေရော။

ဒီတော့ ဒီကော်နီစထရပ်ရှင်းအဓိပ္ပါယ်ကို မြန်မာပြည်ဖြစ် ပို့စ်ဝါဒီတွေက ဘယ်လိုအဓိပ္ပါယ် ဖွင့်ဆိုတယ်ဆိုတာ အရင်သိမှ စာတ် ရှည်လည်ပါလိမ့်မယ်။

မြင့်သန်းက "ဒီကော်နီစထရပ်ရှင်" ဆိုတာ "ဖျဉ်တာ၊ ဖြည်တာ" လို့ ပြောတယ်။ ဖြည်လိုက်တဲ့နည်းလို့ပြောတယ်။ အဝတ် စတစ်စကို တစ်စစီ ဖျဉ်လိုက်တဲ့နည်းလို့ပြောတယ်။

တာရာမင်းဝေက "ဒီကော်နီစထရပ်ရှင်း" ဆိုတာ ကြက် သွန်နီဥ နွှာသလို တစ်ခွဲချင်း နွှာပစ်တဲ့နည်းလို့ ရေးထားတယ်။ စကားလုံးတွေရဲ့ အဓိပ္ပါယ်ကိုနွှာလိုက်ရင် နောက်ဆုံး ဘာမှမကျန် တော့ဘူးလို့ ပြောပါတယ်။

မောင်မောင်ဇေယျာက "တစ်စပြီးတစ်စ" (bit by bit) ခွဲခြမ်းစိတ်ဖြာပိုင်းသွားတယ်လို့ပြောတယ်။ ဆုံးဖြတ်၍ မရနိုင်မှုသဘော ကို ဆောင်တယ်တဲ့။

ဆရာဇော်လူက "ပုံသဏ္ဌာန်ဖျက်ဝါဒ" လို့ ဘာသာပြန်ဆို ထားတယ်။

ကိုငြိမ်းဝေက "အမိပ္ပါယ်တွေကို တစ်လွှာစီခွဲချွတ်ခြင်း" လို့ ဘာသာပြန်ဆိုထားတယ်။

ထွန်းဝေမြင့်ကတော့ ဗုဒ္ဓမပေါ်မီက ဟိန္ဒူအယူဝါဒတွေဟာ အတ္တဝါဒတွေ ဖြစ်တယ်။ ဗုဒ္ဓပွင့်တော်မူပြီးမှ အတ္တကိုပယ်ခွာပြီး အနတ္တဝါဒကို ထုတ်ဖော်နိုင်ခဲ့တယ်။ ဒီလို အတ္တအခွံကို ခွာပြတာဟာ Deconstruction ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဟာ ပထမဆုံးသော ဒီကော်နစထရပ်ရှင်းဆိုတာ အစွဲချွတ်သဘောတရားပဲတဲ့။

ဒီအချက်အလက်တွေကို ကျွန်တော် ဘယ်ကကောက်နှုတ်ဖော်ပြသလဲဆိုရင် ၂၀၀၁၊ ဟန်သစ်၊ စက်တင်ဘာလထုတ်မှာ ဖော်ပြပါရှိတဲ့ မောင်မောင်ဇေယျ၊ ထွန်းဝေမြင့်နဲ့ တာရာမင်းဝေတို့ရဲ့ တြိဂံ ပို့စ်မော်ဒန်စင်ပိုဆီယမ် စကားဝိုင်းက အသံဗလံတွေ ဖြစ်ပါတယ်။

ဖြစ်သင့်တာက "ဒီကော်နစထရပ်ရှင်း"ဆိုတာ ဘယ်လို အနှစ်သာရကဘယ်လို၊ အတတ်ပညာနဲ့ အသုံးချပုံချနည်းက ဘယ်ပုံ၊ အကျိုးသက်ရောက်မှုက ဘယ်လောက်တာသွားကြောင်း။ အမိပ္ပါယ် သတ်မှတ်ချက်တွေနဲ့ စာဖတ်သူတွေကို ရှင်းလင်းဖွင့်ဆိုပြနိုင်ရပါမယ်။

ထိုသို့ ကြိုးပမ်းရမဲ့အစား စကားလုံးနောက်လိုက်ပြီး သူ တစ်မျိုးငါတစ်ဖုံ ငြင်းခုန်နေကြတော့ စာဖတ်သူတွေ မျက်စိလည်ကုန် ရှုပ်ထွေးကုန်တော့တာပါ။

ရှေးက စာပေခေါင်းဆောင်တွေရဲ့ ခေါင်းဆောင်မှုနဲ့ ဘယ်လောက်ကွာသလဲ ဆိုတာကိုလည်း နောက်ကြောင်းပြန်ကြည့်ပါ။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ရဲ့ ဂန္ထဝင်နဲ့ လမ်းခွဲခဲ့တဲ့ ခေတ်စမ်းစာပေလမ်းဖေါက်လုပ်မှုကြီး၊ နောက်ပြီး ဆရာဒဂုန်တာရာရဲ့ စာပေသစ်လမ်းထွင်မှု။

အဲဒီမှာ ဆရာကြီးတွေဟာ သူတို့ရဲ့ Trend ကို ဘယ်လောက် နိုင်နင်း ကျွမ်းကျင်ကြတယ်ဆိုတာ စာဖတ်ပရိတ်သတ်ကို စည်းရုံးစုစည်းနိုင်ခဲ့တဲ့ သူတို့ရဲ့ နူးညံ့သိမ်မွေ့တဲ့ ရေးသားပြောဆိုချက်တွေ တစ်ပြိုင်နက်တည်းမှာပဲ တစ်ခြား စာပေအနုပညာရှင်တွေကိုပါ သူတို့လမ်းကြောင်းအတိုင်း လက်ခံလိုက်ပါနိုင်စေခဲ့တာ၊ အရှိန်အဟုန်နဲ့ပဲ ထင်ဟပ်ခဲ့တဲ့ သူတို့တစ်တွေရဲ့ စာပေလှုပ်ရှားမှု သမိုင်းကြောင်းဟာ ယနေ့အထိ အထင်အရှားပဲ မဟုတ်လား။

(၂)

## ပို့စ်မော်ဒန် အကွဲအပြဲအသံဗလံများ

နောက်တစ်ခါ စင်ပိုဆီယမ်မှာ ထွန်းဝေမြင့်ရဲ့နောက်ဆုံးမေးခွန်းဟာ ရှေ့ကတင်ပြခဲ့တဲ့အဆက် ဖြစ်ပါတယ်။ ဘာလဲဆိုရင်

ကော်လာချ် (Collage)နည်းဟာ ပို့စ်မော်ဒန်မှာ အရေးပါတဲ့နည်းနာ တစ်ခုဖြစ်တာကို မြင့်သန်းက မဟုတ်သယောင် သရော်ထားပါတယ်။ ဆရာတို့ သဘောထားသိပါရစေလို့ ထွန်းဝေမြင့်အမေးနဲ့ပတ်သက်ပြီး မောင်မောင်ဖေချ ဖြေကြားပုံဟာ တိုက်ခိုက်မှုတွေ ပြည့်နှက်နေလေရဲ့။

မောင်မောင်ကျော်ဖေချက မြင့်သန်းရဲ့အရေးအသားတွေမှာ အာဃာတတွေ၊ မနာလိုဝန်တိုတာတွေ၊ မကျေနပ်တာတွေ၊ အစာမကျေတာတွေ၊ အသိတရားဝမ်းပျက်တဲ့ဝေဒနာ ခံစားနေရတာတွေ၊ အထင်မကြီးတာတွေ၊ အထင်သေးတာတွေ၊ လှောင်ပြောင်သရော်ချင်တာတွေ၊ တစ်ခါတစ်ရံ အနောက်အမြင်နဲ့ အရှေ့ပြန်ကြည့်တာတွေ၊ တစ်ခါတစ်ရံ အရှေ့မြင်နှင့် အနောက်ပြန်ကြည့်တာတွေ၊ တစ်ခါတစ်ရံ ဖြစ်သင့်တာတွေမပြောဘဲ၊ ဖြစ်ချင်တာ ပြောတာတွေ၊ တစ်ခါတစ်ရံဖြစ်နေတာ မပြောဘဲ ဖြစ်သင့်တာ လျှောက်ပြောတာတွေ၊ ဆတ်ဆတ်ထိမခံ နာကျင်ထိခိုက်လွယ် ( Sensitive ) ဖြစ်တာတွေ၊ တစ်ခါတစ်ရံ မြန်မာပြည်ပြန်လာပြီး မြန်မာစာပေအကြောင်း လောဘတကြီးပြောဆိုဆွေးနွေးချင်တာတွေ၊ မြန်မာပြည်နဲ့ ကင်းပြတ်နေလို့ မြန်မာစာပေလောကရဲ့ အတွင်းကျကျ အရေးအရာတွေမသိဘဲ၊ တစ်ခါတစ်ရံ အလွန်အကျွံ ဝင်ပါလိုက်တာတွေ စကားလုံး ကြမ်းကြမ်းတမ်းတမ်းသုံးပြီး လူပုဂ္ဂိုလ် ထိုးနှက်တိုက်ခိုက်တာတွေကို တွေ့နေရတယ်တဲ့။

အဲသလို ပို့စ်မော်ဒန်ဆွာမိကြီးကို သူက ပြန်ဝေဖန်သုံးသပ်သလို ဘာလိုလိုနဲ့ အပေါ်စီးယူပြီး အုပ်ထည့်လိုက်တဲ့အပြင် ဆရာ ဇော်ဇော်အောင်နဲ့ မင်းခိုက်စိုးစန်တို့ကိုလည်း အပြုသဘောအနေနဲ့ ဆွဲထည့် ထိပါးလိုက်ပြန်ပါတယ်။

ဘယ်လိုပြောလိုက်သလဲဆိုရင် ဆရာဇော်က အသက်ကြီးလားလို့ မသိဘူး။ အမာစိန်တို့၊ ကိုစောညိန်းသီချင်းတို့၊ ဘောလုံးတို့၊ ပီတာဇော်မြင့်တို့ရေးပြီး ငယ်မူပြန်နေတာကို တွေ့ရပါတယ်တဲ့။

ခေါက်တာကျော်စိုး(မင်းခိုက်စိုးစန်)ကတော့ ဆေးခန်းထိုင်ရတာတစ်ဖက်၊ စီးပွားရေးအတွက် Media လုပ်ငန်း ထိုင်ရတာတစ်ဖက်၊ ပြီးတော့ လူပျိုကြီးဆိုတော့ အလုပ်ကများသား။ ဟိုနေရာစပ်စပ်၊ ဒီနေရာစပ်စပ် ဝင်ရေးနေတော့ "ပို့စ်မော်ဒန်"နဲ့ပတ်သက်တာလည်း ရေးတာ သိပ်မတွေ့ရဘူးတဲ့။

တာရာမင်းဝေကလည်း "ကော်လာ့ချ်"နဲ့ ပတ်သက်ပြီး မြင့်သန်းကို အတိအလင်း စိန်ခေါ်လိုက်တဲ့ စကားသံကလည်း ပို့စ်မော်ဒန် အကွဲအပြဲကို ပိုပြီး ကြီးကျယ်စေတယ်လို့ ထင်ပါတယ်။

လက်လွှတ်စပယ် ပြောတာလား။ ကျွန်တော့်ကို တိုက်ခိုက်ချင်လို့ ပြောတာလားတော့ မသိဘူး။ သူ့ရဲ့ အနုပညာ ကိုယ်ခံအားကျဆင်းမှု၊ ရောဂါကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ခင်ဗျားညွှန်းတဲ့ပို့စ်

မော်ဒန်ဆွာမိကြီးကို Decollage ဆိုတာ သိလားလို့ ပြန်မေးလိုက်ချင်တယ်။ လှန်လှောဖတ်ရှုပြီး သိသလိုလို ပြန်ပြောရင်လည်း ပြောမှာပေါ့ဗျားတဲ့။

တာရာမင်းဝေကပဲ ဆက်ပြီးတော့ ဆရာဇော်ဇော်အောင်တို့၊ မင်းခိုက်စိုးစန်တို့ရဲ့ မော်ဒန်ဆောင်းပါးတွေအပေါ် အမြင်နဲ့ပတ်သက်ပြီး "အေးဗျာ ခင်ဗျားမေးတဲ့အထဲမှာ ဒီမေးခွန်းဟာ အဖြေရအခက်ဆုံးပါပဲ။ "ဟာ…ကောင်းတာပေါ့"လို့ ကျွန်တော်ကပြောလိုက်ရင် ကိုယ့်အချင်းချင်းကျတော့ အကောင်းပြောတယ်လို့ ဝေဖန်စရာ ဖြစ်လိမ့်မယ်။ သူတို့ရေးတဲ့ဆောင်းပါးတွေက ဘာမှမဟုတ်ပါဘူးဗျာ။ ဘယ်နေရာ၊ ဘယ်နေရာတွေမှာ လိုနေပါတယ်လို့ ကျွန်တော်ကပြောရင်လည်း အချင်းချင်း ဆော်ကုန်ကြပြီလို့ ထင်ကြဦးမယ်။ ဒီမေးခွန်း ကျွန်တော့်ကို မမေးဘဲ ကျွန်တော်တို့ရဲ့ မော်ဒန်ဆွာမိကြီးကို မေးလိုက်ပါလား။

ထားပါတော့ဗျာ။ ဒီစကားက တော်တော်ကြာ သူများတကာကို လျှောက်ရန်တိုက်ပေးသလို ဖြစ်သွားရင် မကောင်းပါဘူး။ သူကလည်း အဲဒီလူတွေကတော့ ကောင်းတယ်ဟေ့…၊ မင်း တစ်ယောက်တည်းချာတာလို့ ကျွန်တော့်ကို ပြန်ခွပ်မှာပေါ့တဲ့။

ဒါတွေဟာ ပို့စ်မော်ဒန်ရဲ့ နောက်ဆုံးအခြေအနေမှန်တွေဖြစ်ကြောင်း ပကတိအခြေအနေအတိုင်း မီးမောင်းထိုးပြလိုက်ရခြင်းဖြစ်ပါတယ်။

ဒီတော့ ကြိုက်စင်ပိုဆီယမ်ရဲ့အသံတွေဟာ ပို့စ်မော်ဒန်ရဲ့နောက်ဆုံးနေ့ရက်များ နီးကပ်လာပြီလို့ အချက်ပေးလိုက်တဲ့ အသံတွေများလား။

ပို့စ်မော်ဒန် ပြိုကွဲလုနီးပြီကော။ ဒါမှမဟုတ် ပို့စ်မော်ဒန် ပြိုကွဲနေပြီလော။ သို့လော…သို့လော…ဖြင့်။

ဖြိုးထိန်